ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့ (7-2-2013) (၇၃၇၉)

ပြည်သူ့လွှတ်တော်အစည်းအဝေး

အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် တိုက်တွန်းကြောင်းအဆိုတစ်ရပ်ကို လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်ဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အဆို(၁)ခုနှင့် ဥပဒေကြမ်း (၁)ခုတို့ကို တင်သွင်းဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်က ပြည်သူလူထုအား အကာအကွယ်ပေးမည့် အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် တိုက်တွန်းကြောင်းအဆိုတစ်ရပ်ကို တင်သွင်းခဲ့ရာ လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ပြီး စောင့်ကြည့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုမှာ **နိုင်ငံသားများ၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာနေသော ပြည်သူများအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး အပ်နှင်းထားသော အာဏာကို အလွဲသုံးစားဆောင်ရွက်ခဲ့သူများအား အရေးယူနိုင်ရန်** စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရက ကချင်ပြည်နယ်၌ လူသားချင်းစာနာထောက်ထားသော အကူအညီများ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဆွေးနွေးရေးအဖွဲ့တို့သည် ဖေဖော်ဝါရီ ၄ ရက်တွင် ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် အစိုးရနှင့် KIO တို့အကြား ခိုင်မာသော စစ်ပြေငြိမ်းရေးကို အလျင်အမြန် အကောင်အထည်ဖော်နိုင်ရန် ပဋိပက္ခဖြစ်ပွားသောနေရာများကို လေ့လာစောင့်ကြည့်စိစစ်ရေးစနစ်ပေါ်ပေါက်ရန် ဆက်လက်ဆွေးနွေးဆောင်ရွက်ရေးကို သဘောတူညီခဲ့ကြသည်။

ကချင်ပြည်နယ်၌ ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ ရပ်စဲသွားပြီးနောက်တွင် နိုင်ငံတော်အစိုးရက ပဋိပက္ခများကြောင့် မိမိတို့၏နေအိမ်များကို စွန့်ခွာခဲ့သူ(IDP)များအား နေအိမ်များ ပြန်လည်တည်ဆောက်ပေးခြင်း၊ ကျောင်းများ၊ ဆေးခန်းများ ပြန်လည်ဖွင့်လှစ်ပေးခြင်းနှင့် လူသားချင်းစာနာထောက်ထားသော အကူအညီများ ဝင်ရောက်ခွင့်ပြုရေးကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

၆-၂-၂၀၁၃

ထူးခြားသည့် ညအပူချိန်များ

ဟဲဟိုး	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၄ ဒီဂရီစင်တီဂရိတ်
ဟားခါး	၄ ဒီဂရီစင်တီဂရိတ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် အအေးပိုလာနိုင်သည်။

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာစာမျက်နှာအပို လေးမျက်နှာ ပါရှိပါသည်။

ကျိုက်ထီးရိုးစေတီသို့ ကမ္ဘာလှည့်ခရီးသည်များ အများအပြားလာရောက်

ကျိုက်ထို ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ကမ်းလှမ်းလာလျက်ရှိသလို မြန်မာ့ရေမြေတောတောင် သဘာဝအလှအပများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်စားသော ကမ္ဘာလှည့်ခရီးသွားများလည်း တစ်စနှင့်တစ်စ များပြားစွာ ဝင်ရောက်လာလျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်က ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်သော ကျိုက်ထီးရိုးစေတီသို့ တက်ရောက်ရန် ပြင်ဆင်နေသည့် ဂျာမနီနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများအား ကင်မွန်းစခန်းကားဂိတ်တွင် တွေ့ရသည်။

(အောက်ပုံ) **(အောင်နေမင်း)**

ယနေ့ မာတိကာ

မြန်မာ့လေကြောင်းမှ လေယာဉ်သစ်ဖြင့် မကြာမီရက်ပိုင်းအတွင်း ဗုဒ္ဓဂယာသို့ ပို့ဆောင်ပြေးဆွဲမည်
စာမျက်နှာ - ၃

စီအိုင်အေ၏ တိုက်ခိုက်ရေး မောင်းသူမဲ့လေယာဉ်များ ဆော်ဒီတွင် အခြေစိုက်၍ စစ်ဆင်ရေးဆောင်ရွက်နေ
စာမျက်နှာ - ၄

သစ်တောများ၏ အခန်းကဏ္ဍ
စာမျက်နှာ - ၆

ဘီယွန်စေး၏ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲ ယခုနှစ်အတွင်း စတင်နိုင်ရန် စီစဉ်လျက်ရှိ
စာမျက်နှာ - ၁၂

အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် **၇-၂-၂၀၁၃၊ ကြာသပတေးနေ့**

ပြည်ထောင်စုအမွေ

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကာလကတည်းက တိုင်းရင်းသားပြည်သူအားလုံး တစုတစည်းတည်း စုပေါင်းနေထိုင်ခဲ့ကြသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေမြေသဘာဝ၊ တိုင်းရင်းသားလူမျိုးစုများ၏ လူမှုဘဝနေထိုင်မှုပုံစံများက အခြားနိုင်ငံများနှင့်မတူသည့် ကွဲပြားသည့်ပုံစံများ ရှိပါသည်။

ဘာသာစကား၊ ဓလေ့စရိုက်၊ နေထိုင်မှုပုံစံမှအစ ကွဲပြားခြားနားသော်လည်း တိုင်းရင်းသားပြည်သူအားလုံး နှစ်ပေါင်းထောင်ချီကာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ဥမကွဲသိုက်မပျက် အတူတကွစုပေါင်းနေထိုင်နိုင်ခဲ့ကြခြင်းမှာ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ထူးခြားသည့်ဝိသေသလက္ခဏာဟု ဆိုရမည်ဖြစ်သည်။

ထိုသို့ထူးခြားသည့်အသွင်ဆောင်သော မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားပြည်သူများ၏ တည်တံ့ခိုင်မြဲသည့် စည်းလုံးညီညွတ်မှု၊ မရှိအတူ ရှိအတူ အတူတကွလက်တွဲနေထိုင်မှုတို့ကို မည်သည့်နည်းနှင့်မျှ လက်လွတ်အဆုံးရှုံးခံနိုင်မည် မဟုတ်ချေ။

ယနေ့ကာလတွင် တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ဖွံ့ဖြိုးခြင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းစသည့် ကောင်းမြတ်သည့်အမွေများကို ဆက်ခံနိုင်ရန်အတွက် တိုင်းရင်းသားပြည်သူများ၏ ဆန္ဒသဘောထားနှင့်အညီ ဆက်လက်ဖော်ဆောင်နေသည်မှာ တကယ့်အရှိလက်တွေ့ပင်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် ရရှိပြီးဖြစ်သော ချစ်ခင်စည်းလုံးမှုအတွက် မည်သို့မျှ စိုးရိမ်မှုဖြစ်စရာမရှိချေ။ မိမိတို့၏ သမိုင်းအစဉ်အလာကောင်းသော ထူးခြားသည့်ဝိသေသလက္ခဏာများအတိုင်း မိမိတို့ ချစ်မြတ်နိုးသည့် ဤမြေတွင် တိုင်းရင်းသားပြည်သူအားလုံး ချစ်ခင်စည်းလုံးစွာ ဆက်လက်နေထိုင် ကြရမည်ဖြစ်သည်။

တစ်ချိန်က ကံအကြောင်းမလှ၍ တိုင်းတစ်ပါးကျွန်ဖြစ်ခဲ့ရပြီး စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရသော်လည်း စည်းလုံးညီညွတ်မှုရရှိအောင်၊ ဆုံးရှုံးခဲ့သော လွတ်လပ်ရေးပြန်လည်ရရှိအောင် အမြော်အမြင်ကြီးမားသော၊ ရဲစွမ်းသတ္တိရှိသော ခေါင်းဆောင်ကြီးများနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး အတူတကွကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်များမှာ မမေ့နိုင်စရာဖြစ်ပါသည်။

ထိုသို့အတူတကွ ကြိုးပမ်းစွမ်းဆောင်မှုကြောင့် ရရှိခဲ့သည့်လွတ်လပ်ရေးနေ့ ပထမဦးဆုံးနေ့တွင် တိုင်းရင်းသားပြည်သူအားလုံး ဟစ်ကြွေးခဲ့သည့် "တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ၊ တို့ပြည်(ပြေ)‥ တို့မြေ၊ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့၊ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်(ပြေ)၊ တို့ပြည်(ပြေ)‥ တို့မြေ၊ ပြည်ထောင်စုအမွေ၊ အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ‥" ဟူသည့်အတိုင်း ကျွန်ုပ်တို့ ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအားလုံး ချစ်ခင်စည်းလုံး၊ အပြုံးမပျက်၊ ငြိမ်းအေးလျက်နှင့် အဓိဋ္ဌာန်ပြုခဲ့သည့်အတိုင်း အတူတကွနေထိုင်နိုင်ရန် ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ မျှတခြင်း၊ ဖြူစင်ခြင်းတို့သည် တိုင်းရင်းသားပြည်သူများအားလုံး ထာဝရငြိမ်းချမ်းသာယာစေမည့် မှန်ကန်သော သဘောတရားများဖြစ်ရာ ထိုသဘောတရားများကို လက်ဝယ်ပိုင်ပိုင် ရယူပြီး နိုင်ငံတော်ကြီး အဓွန့်ရှည်အောင် ဆက်လက်တည်ဆောက်ကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ပြည်ထောင်စုသည် မြန်မာတိုင်းရင်းသားဘိုးဘွားတို့၏ အမွေအနှစ်ဖြစ်ပါသည်။ ဤမြေ၊ ဤပြည်(ပြေ)သည် ဘိုးဘွားပိုင်မြေဖြစ်ပါသည်။ ဘိုးဘွားပိုင် ဤမြေ၊ ဤပြည်(ပြေ)ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာ လက်ရှိတိုင်းရင်းသားပြည်သူအားလုံး၏ တာဝန်ဖြစ်ပါသည်။

ယနေ့ကျင့်သုံးလျက်ရှိသော ဒီမိုကရေစီစနစ်သည် လွတ်လပ်ရေးနေ့သန္နိဋ္ဌာန်ပါအတိုင်း လက်တွေ့အကောင်အထည်ဖော်နေသော တိုင်းရင်းသားပြည်သူများ လိုလားသည့်စနစ်ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူများအားလုံး၏ ဤပြည်(ပြေ)၊ ဤမြေ အကျိုးစီးပွားကို အတူတကွလက်တွဲ၍ ညီညီညွတ်ညွတ် ထမ်းဆောင်ကြရမည် ဖြစ်ပါသည်။ သို့မှသာ ထာဝရအေးချမ်းသာယာသော အဖိုးထိုက်တန်သည့် ပြည်ထောင်စုအမွေကို ထိန်းသိမ်းရာရောက်မည် ဖြစ်ပါသည်။ ။

လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပဈေးကွက်သို့ထိုးဖောက်နိုင်ရန် ဆန်စက်နှင့် ပဲခွဲစက်များ အရည်အသွေးကောင်းမွန်ခေတ်မီရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ၌ လယ်ယာထွက်ကုန်ပစ္စည်းများ အရည်အသွေးမြင့်ထုတ်လုပ်နိုင်ရန်နှင့် ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန်အတွက် ဆန်စက်နှင့် ပဲခွဲစက်များ အရည်အသွေးကောင်းမွန်ခေတ်မီရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ခေတ်မီသောဆန်စက်၊ ပဲခွဲစက်များထူထောင်ရန်နှင့် စက်အပိုပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်နေပါသဖြင့် ယင်းကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတကာတွင် အောင်မြင်နေသည့် ဆွစ်ဇာလန်အခြေစိုက် Buhler Co. ကဲ့သို့ အဆင့်မြင့်နည်းပညာများ သုံးစွဲနေသည့် ကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ မြန်မာနိုင်ငံ၌လာရောက်၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် မတ်လအတွင်း ကျင်းပမည့် မြန်မာ့ဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ၌ ပါဝင်ပြသရန်လည်း ဖိတ်ကြားပါကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် Buhler (Thailand) Ltd. ဥက္ကဋ္ဌ Mr. Dieter Vogtli ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ် ပြောကြားသည်။

ထို့နောက် Buhler (Thailand) Ltd. ဥက္ကဋ္ဌကလည်း ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၌ ရုံးခွဲဖွင့်လှစ်ပြီးဖြစ်၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ခေတ်မီဆန်စက်နှင့် ပဲခွဲစက်များ၊ စက်ပစ္စည်းများနှင့် နည်းပညာများ ဖြန့်ဖြူးရေးကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၆

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် ဝန်ကြီးရုံး စုဝေးခန်းမ၌ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဝန်ထမ်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု တိုးတက်စေရန် ရည်ရွယ်၍ လုပ်ငန်းခွင်မပျက် ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး အရာထမ်းသင်တန်းသား ၃၀ ဖြင့် သင်တန်းကာလမှာ ဧပြီ ၅ ရက်အထိ ရက်သတ္တကိုးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သန်လျင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၆ ရက်အထိ ကိုးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

"ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို လာရောက်တဲ့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ စိတ်ချမ်းမြေ့စေဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဓိကကတော့ ကျန်းမာရေး၊ သန့်ရှင်းရေးနဲ့ လုံခြုံရေးကော်မတီတွေကို ပိုမိုအားဖြည့်ဆောင်ရွက်သွားမှာပါ" ဟု ဗုဒ္ဓပူဇနီယပွဲတော် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းက ပြောကြားသည်။

ဘုရားပွဲတော်ရက်အတွင်း လူငယ်ဇာတ်မင်းသားများဖြစ်ကြသည့် ဟန်ဇာမိုးဝင်း၊ ဖိုးချစ်နှင့် စွမ်းဇာနည်ဇာတ်အဖွဲ့တို့က မိုးအလင်းကပြမည်ဖြစ်ပြီး ဆပ်ကပ်နှင့် တုတ်ထိုးရုပ်စုံသဘင်အဖွဲ့လည်း ပါဝင်မည်ဖြစ်သည်။ မြန်မာ့ရုပ်သေးနှင့် ရိုးရာခြင်းအလှခတ်အဖွဲ့များကလည်း ဗလာပွဲများအနေဖြင့် ကြည့်ရှုကြရမည်ဖြစ်သည်။ ထို့အပြင် ဘုရားဖူးလာပြည်သူများ အမောပြေသောက်သုံးနိုင်စေရန် စေတနာရှင် အလှူရှင်များကလည်း ရေချမ်းစင်များကို ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးဌာန ထုတ်ကုန် အရောင်းပြခန်းများအပြင် ဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်တို့က ခင်းကျင်းပြသရောင်းချကြမည်ဖြစ်ရာ ဘုရားဖူးရင်းနှင့် လူသုံးကုန်ပစ္စည်းများပါ ဝယ်ယူရရှိနိုင်မည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးသို့ တစ်ခါတစ်ခေါက် အရောက်လှမ်းလာခဲ့ပါရန် သတင်းပေးဖိတ်ခေါ်လိုက်ရပါသည်။ **အောင်ကျော်ဦး(ကြေးမုံ)**

ပုဂ္ဂလိကကျောင်းများ ကိုယ်ပိုင်စာမေးပွဲစစ်ခွင့်ရရှိ

ပုဂ္ဂလိကကျောင်းတက်ရောက်နေသော အခြေခံပညာ ၅ တန်းမှ ၉ တန်းအထိ ကျောင်းသား ကျောင်းသူများအနေဖြင့် ပုဂ္ဂလိကကျောင်းများတွင်သာ စာမေးပွဲစစ်ခွင့်ရရှိကြောင်း သိရသည်။ ပုဂ္ဂလိကကျောင်းဖွင့်လှစ်ခွင့်ရသည့်အချိန်တွင် အခြေခံပညာ ၅ တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ခွင့်ရခဲ့ကြောင်း၊ ၅ တန်းမှ ၉ တန်းအထိ ပုဂ္ဂလိကအထက်တန်းကျောင်းအုပ်မှ စာမေးပွဲစစ်၍ အောင်စာရင်းထုတ်ပြန်ပြီး အတန်းတင်ပေးနိုင်ကြောင်း၊ တက္ကသိုလ်ဝင်တန်းများဖြေဆိုရန်အတွက် မြန်မာနိုင်ငံစာစစ်အဖွဲ့မှ စစ်ဆေးပြီး ဖြေဆိုခွင့်ပေးမည်ဖြစ်ကြောင်း၊ ဖြေဆိုသည့်အခါ ခုံနံပါတ်ကို အက္ခရာစဉ်အလိုက် အတိုင်းသာ သက်ဆိုင်ရာကျောင်းများတွင် သွားရောက်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။ **(မျိုးဝင်းထွန်း-မုံရွာ)**

သွေးဆောင်မှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှု စသည့်မလျော်ဩဇာများဖြင့် တရားစီရင်ရေးကို စွက်ဖက် မလျော်ဩဇာများကို ကြံ့ကြံ့ခံ တွန်းလှန်နိုင်သော စရဏသတ္တိ မွေးမြူကြရန်လို

နေပြည်တော်　ဖေဖော်ဝါရီ　၆

တရားစီရင်ရေး၏ သဘောသဘာဝမှာ ခက်ခဲနက်နဲ၍ သိမ်မွေ့သဖြင့် သီလ၊ သမာဓိ၊ ပညာဖြင့် ချင့်ချိန်ဆုံးဖြတ်တတ်ရန် လိုအပ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**(ယာပုံ)**က ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုတရားသူကြီးချုပ်က အမှုအခင်းတစ်ခုကို စီရင်ဆုံးဖြတ်ရာတွင် တရားဥပဒေနှင့်ညီညွတ်မှု၊ ယခင်စီရင်ဆုံးဖြတ်ထားသော စီရင်ထုံးများနှင့်ညီညွတ်မှု၊ အမှုအခင်းပါ အချက်အလက်များကို ချင့်ချိန်သုံးသပ်ရာတွင် ရှေ့နောက်ညီညွတ်မှု Logical consistency တို့ရှိရန် လိုအပ်ကြောင်း၊ အမှုအခင်းများသည် သက်ဆိုင်ရာအမှုသည်များအကြား အကျိုးစီးပွားချင်းပဋိပက္ခဖြစ်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်၍ အမှုအနိုင်ရရှိရေးအတွက် သွေးဆောင်မှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှု စသည့်မလျော်သြဇာများဖြင့် တရားစီရင်ရေးကို စွက်ဖက်နိုင်အောင် ကြိုးစားကြကြောင်း၊ မလျော်သြဇာများကို ကြံ့ကြံ့ခံ တွန်းလှန်နိုင်သော စရဏသတ္တိ (moral courage) မွေးမြူကြရန်လိုကြောင်း၊ လွတ်လပ်စွာတရားစီရင်ရေးသည် တရားဥပဒေစိုးမိုးရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ တစ်ဖက်တွင်လည်း တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများသည် မိမိတို့လုပ်ငန်းသဘာဝ၏လေးနက်မှုကို သိရှိနားလည်ပြီး မိမိတို့ပြုလုပ်ဆောင်ရွက်သမျှအတွက် အပြည့်အဝ တာဝန်ခံနိုင်မှု၊ တာဝန်ယူမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ တရားသူကြီးများစောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ ပြဋ္ဌာန်းထားသော Bangalore Principles of Judicial Conduct ပါ မူများနှင့်အညီ တည့်မတ်ခိုင်မာပြီး ပြည်သူများ ယုံကြည်ကိုးစားနိုင်သည့် အရည်အချင်းရှိသော တရားစီရင်ရေး ဖြစ်ပေါ်စေရန် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ၁-၁-၂၀၁၂ ရက်မှ ၃၁-၁၂-၂၀၁၂ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တရားမဆိုင်ရာအမှုပေါင်း ၂၀၉၇ မှု လက်ခံရရှိပြီး ၁၅၂၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲကျန်အမှုပေါင်း ၅၇၄ မှုရှိကြောင်း။

ပြစ်မှုဆိုင်ရာအမှုပေါင်း ၁၁၈၆ မှုလက်ခံရရှိပြီး ၈၈၀ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲကျန်အမှုပေါင်း ၃၀၆ မှုရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များတွင် တရားမဆိုင်ရာအမှုပေါင်း ၄၉၄၈ မှု လက်ခံရရှိပြီး ၃၃၃၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲကျန်အမှုပေါင်း ၁၆၁၅ မှု ရှိကြောင်း၊ ပြစ်မှုဆိုင်ရာအမှုပေါင်း ၇၇၀၇ မှုလက်ခံရရှိပြီး ၅၇၉၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲကျန်အမှုပေါင်း ၁၉၁၄ မှုရှိကြောင်း၊ ခရိုင်အဆင့်တရားရုံးများတွင် တရားမဆိုင်ရာအမှုပေါင်း ၁၈၃၈၉ မှု လက်ခံရရှိပြီး ၁၀၃၉၁ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲကျန်အမှုပေါင်း ၇၉၉၈ မှုရှိကြောင်း၊ ပြစ်မှုဆိုင်ရာအမှုပေါင်း ၁၅၀၄၇ မှု လက်ခံရရှိပြီး ၁၁၄၈၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ကျန်အမှုပေါင်း ၃၅၆၂ မှုရှိကြောင်း၊ မြို့နယ်အဆင့် တရားရုံးများတွင် တရားမဆိုင်ရာအမှုပေါင်း ၃၇၂၅၂ မှု လက်ခံရရှိပြီး ၂၃၃၉၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲကျန်အမှုပေါင်း ၁၃၈၅၈ မှုရှိကြောင်း၊ ပြစ်မှုဆိုင်ရာအမှုပေါင်း ၃၆၈၁၁၃ မှုလက်ခံရရှိပြီး ၃၄၂၅၅၂ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲကျန်အမှုပေါင်း ၂၅၅၆၁ မှု ရှိကြောင်း၊ သို့ပါ၍ အမှုများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်ပြီးပြတ်စေရန် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။ ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗုဒ္ဓဂယာသို့ မြန်မာ့လေကြောင်းမှ လေယာဉ်သစ်ဖြင့် ပို့ဆောင်ပြေးဆွဲမည်

ဗုဒ္ဓဂယာသို့ပြေးဆွဲပေးသွားမည့် Embraer 190 Jet, XY-AGP လေယာဉ်ကိုတွေ့ရစဉ်။

အိန္ဒိယနှင့် နီပေါနိုင်ငံအတွင်းရှိ ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယလေးဌာနသို့ ယခင်နှစ်များကနှင့်မတူ ဘုရားဖူးသွားရောက်သူများ အလွန်များပြားလာသည့်အတွက် ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ယခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ ဘုရားဖူးလေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲလာကြောင်း ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များထံမှ သိရသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှစတင်၍ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက အသစ်ရောက်ရှိလာသည့် Embraer 190 Jet, XY-AGP ဖြင့် ဧပြီလအထိ တိုးချဲ့ပြေးဆွဲသွားရန် စီစဉ်ထားရာ ရန်ကုန်-ဂယာ ခရီးစဉ်နှင့် ရန်ကုန်-မန္တလေး-ဂယာ ခရီးများအဖြစ် နှစ်ပတ်တစ်ကြိမ် ပြေးဆွဲသွားမည်ဖြစ်သည်။

အဆိုပါလေကြောင်းလိုင်း ခရီးစဉ်နှင့်ပတ်သက်၍ မဟာတိုးဗုဒ္ဓဂယာခရီးသွားလုပ်ငန်းမှ ဦးမောင်မောင်အေးက "အခုလို အအေးသက်သာတဲ့ ဖေဖော်ဝါရီနဲ့ ဧပြီသင်္ကြန်ကာလမှာ ဘုရားဖူးခရီးသွားတွေ သွားလာရ အဆင်ပြေအောင် မြန်မာ့လေကြောင်းနဲ့ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့တွေ စီစဉ်ခဲ့တာပါ။ အရင်က မြန်မာ့လေကြောင်းက F-100 ဖော်ကာ ဂျက်လေယာဉ်နဲ့ ၂၀၁၁ခုနှစ် ကနေ ၂၀၁၂ ခုနှစ်အထိ ဂယာကိုပြေးဆွဲပေးတယ်၊ အခုလည်း မြန်မာ့လေကြောင်းက ပြန်လည် ပြေးဆွဲပေးတဲ့အတွက် ကျွန်တော်တို့ဘုရားဖူးအဖွဲ့တွေကလည်း ဘုရားဖူးခရီးသည်တွေ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ဘုရားဖူးသွားနိုင်အောင် စီစဉ်ထားပါတယ်"ဟု ပြောပြသည်။

မြန်မာ့လေကြောင်းသည် အဆိုပါ ပြည်ပခရီးစဉ်ဖြစ်သည့် ဂယာခရီးစဉ်အပြင် ချင်းမိုင်ခရီးစဉ်ကိုလည်း ပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိပြီး ရန်ကုန်-ဂယာခရီးစဉ်ကို အင်္ဂါနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မှထွက်ခွာကာ ဂယာသို့ နံနက် ၁၁ နာရီရောက်ရှိမည်ဖြစ်သည်။ ရန်ကုန်-မန္တလေး-ဂယာခရီးစဉ်ကို ကြာသပတေးနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မှ ထွက်ခွာပြီး မန္တလေးသို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိကာ ဂယာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(ကိုကြီးသာ)**

သတင်းအတတ်ပညာ ကျောင်းသား ကျောင်းသူများ လုပ်ငန်းခွင်ကွင်းဆင်းလေ့လာ

ရန်ကုန်　ဖေဖော်ဝါရီ　၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် သတင်းအတတ်ပညာသင်တန်း အမှတ်စဉ်(၃)ဘွဲ့ကြိုကျောင်းသားကျောင်းသူများသည် လက်တွေ့ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများသည် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်၍ သင်တန်းနည်းပြ ဆရာ ဆရာမများ ကြီးကြပ်မှုဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့၌ အလှည့်ကျ လက်တွေ့ကွင်းဆင်းလေ့လာခဲ့ပြီး ယခုနောက်ဆုံးအစီအစဉ်အဖြစ် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် လက်တွေ့ကွင်းဆင်းလေ့လာမှုဆောင်ရွက်နေကြသည်။

သတင်းအတတ်ပညာဘာသာရပ်သည် စာသင်နှစ် လေးနှစ်၊ လက်တွေ့ကွင်းဆင်းလေ့လာမှု ခြောက်လပြီးဆုံးပါက ရန်ကုန်တက္ကသိုလ်က B.A (Journalism)ဘွဲ့ကို အပ်နှင်းမည်ဖြစ်သည်။ ပညာသင်နှစ်တစ်ခုအတွက် ကျောင်းသားကျောင်းသူ ၅၀ သာသတ်မှတ်ထားပြီး နိုင်ငံတော်အတွက်အရည်အချင်းရှိသော မီဒီယာသမားကောင်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် ပညာရပ်ဆိုင်ရာ သင်တန်းတစ်ခုဖြစ်သည်။ **(စိမ်းခက်)**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

နိုင်ငံတကာသတင်း

ဂျပန်အလံလွှင့်ထူထားသော ပင်လယ်ကူးသင်္ဘောများပေါ် လက်နက်ကိုင်လုံခြုံရေးအစောင့်အရှောက်များ လိုက်ပါဖွယ်

တိုကျို ဖေဖော်ဝါရီ ၆

ဂျပန်အလံလွှင့်ထူထားသော ပင်လယ်ကူးသင်္ဘောများပေါ်တွင် လက်နက်ကိုင်လုံခြုံရေး အစောင့်အရှောက်များ လိုက်ပါရန် ဂျပန်အစိုးရအဖွဲ့က ခွင့်ပြုပေးဖွယ်ရှိကြောင်း၊ ပင်လယ်ရပ်ခြားနိုင်ငံများသို့ ကူးလူးသွားလာနေသော ဂျပန်သင်္ဘောများကို ပင်လယ်ဓားပြဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်ရည်ရွယ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၅ရက်တွင် သတင်းထုတ်ပြန်သည်။

ပင်လယ်ကူးသင်္ဘောများပေါ်တွင် လက်နက်ကိုင်လုံခြုံရေးအစောင့်များ လိုက်ပါခွင့်ရရှိရေး ဥပဒေကြမ်းတစ်ရပ်ကို ဂျပန်အစိုးရက ကျင်းပလျက်ရှိသော ပါလီမန်အစည်းအဝေးသို့ တင်သွင်းမည်ဖြစ်သည်။

နိုင်ငံခြားလုံခြုံရေး ကုမ္ပဏီများနှင့် ကန်ထရိုက်ချုပ်ဆိုကာ ယင်းကုမ္ပဏီများမှ လုံခြုံရေးဝန်ထမ်းများကို လက်နက်ကိုင်ဆောင်စေလျက် သင်္ဘောများပေါ် လိုက်ပါကာ စောင့်ရှောက်စေမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆိုမာလီနိုင်ငံ အနီးတစ်ဝိုက် ပင်လယ်ရေပြင်၌ ၂၀၁၁ခုနှစ်အတွင်း ပင်လယ်ဓားပြတိုက်အမှုပေါင်း ၂၃၇မှု ဖြစ်ပွားခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရပြီးနောက် ပင်လယ်ကူးသင်္ဘောများပေါ်တွင် လက်နက်ကိုင်အစောင့်အရှောက်များ လိုက်ပါစေရန် အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့သည်။

၂၀၁၁ခုနှစ်အတွင်း ပင်လယ်ဓားပြတိုက်မှုအရေအတွက်မှာ ၂၀၀၇ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ငါးဆအထိ မြင့်တက်လာခြင်းဖြစ်သည်။

ဂျပန် မြေယာ၊ အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက တင်သွင်းသောဥပဒေကြမ်းတွင် ကုန်သွယ်ရေးကြောင်း သင်္ဘောများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ဖော်ပြထားပြီး အကယ်၍ ပါလီမန်က ဥပဒေကြမ်းကို အတည်ပြုမည်ဆိုပါက ပင်လယ်ကူး သင်္ဘောများပေါ်တွင် ပုဂ္ဂလိက လက်နက်ကိုင် အစောင့်အရှောက်များပထမဆုံးအကြိမ် လိုက်ပါခွင့်ရရှိမည်ဖြစ်သည်။ **ရိုက်တာ။**

ဖူဂျီယာမတောင် စီးမိုးထားသော ဂျပန်ပင်လယ်ရေကြောင်းလမ်းတစ်နေရာတွင် ကုန်သင်္ဘောတစ်စင်း ခုတ်မောင်းသွားလာနေစဉ်။

အမေရိကန်၏ မောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ်များကို တွေ့ရစဉ်။

စီအိုင်အေ၏ တိုက်ခိုက်ရေး မောင်းသူမဲ့လေယာဉ်များ ဆော်ဒီတွင်အခြေစိုက်၍ စစ်ဆင်ရေးဆောင်ရွက်နေ

ဝါရှင်တန် ဖေဖော်ဝါရီ ၆

အမေရိကန်နိုင်ငံဖွား စစ်သွေးကြွခေါင်းဆောင် အန်ဝါအယ်လ်အယ်လ်ကီ အပါအဝင် ယီမင်နိုင်ငံ၏ အယ်လ်ခိုင်ဒါစစ်သွေးကြွများအား သုတ်သင်သည့် မောင်းသူမဲ့လေယာဉ်စစ်ဆင်ရေးများကို အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ)က ဆော်ဒီအာရေဗျနိုင်ငံရှိအခြေစိုက်စခန်းကို အသုံးပြုလုပ်ဆောင်ခြင်းဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဖေဖော်ဝါရီ ၅ရက်တွင် ရေးသားဖော်ပြသည်။

ယင်းအခြေစိုက်စခန်းတည်ရှိရာကို လျှို့ဝှက်ထားရန် သမ္မတအိုဘားမားအစိုးရအဖွဲ့မှ အထက်တန်းတာဝန်ရှိသူများကတောင်းဆိုထားမှုကြောင့် အမေရိကန် သတင်းအဖွဲ့အစည်းများက တစ်နှစ်ကျော်ခန့် ကြာသည်အထိ ဖော်ထုတ်ခဲ့ခြင်းမရှိဘဲ ယခုမှထုတ်ဖော်ရေးသားခြင်းဖြစ်သည်။

နယူးယောက်တိုင်းသတင်းစာ အွန်လိုင်း၌ အဆိုပါစစ်စခန်း၏ တည်နေရာကို ဖော်ပြခဲ့ပြီးနောက်အခြားသော သတင်းအဖွဲ့အစည်းများက ထုတ်ဖော် ရေးသားလာကြခြင်းဖြစ်သည်။

အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)သည် ဆော်ဒီအာရေဗျနိုင်ငံတွင် မောင်းသူမဲ့ လေယာဉ်များ အခြေစိုက်စခန်းကို လွန်ခဲ့သည့်နှစ်နှစ်ကပင် တိတ်တဆိတ်တည်ဆောက်ထားပြီး ယီမင်နိုင်ငံကို စတင်တိုက်ခိုက်မှုများလုပ်ဆောင်နေခဲ့သည်ဟု အဆိုပါအွန်လိုင်းတွင် ဖော်ပြခဲ့သည်။ **ရိုက်တာ။**

ဆော်လမွန်ကျွန်းစုတွင် ပြင်းအား ၈ ဒသမ သုည အဆင့်ရှိ ငလျင်လှုပ်

ဟွန်နီရာရာ ဖေဖော်ဝါရီ ၆

ပစိဖိတ်ပင်လယ်ကမ်းရိုးတန်းဒေသ ဆော်လမွန်ကျွန်းစုတွင် ဖေဖော်ဝါရီ ၆ရက်က အင်အား ၈ဒသမ သုညအဆင့်ရှိ ငလျင်လှုပ်ကြောင်း၊ ဖြစ်စဉ်ကြောင့် လူငါးဦးထက်မနည်းသေဆုံး၍ သုံးဦးဒဏ်ရာရရှိကာ နေအိမ်များ ထိခိုက်ပျက်စီးသွားကြောင်း ဖေဖော်ဝါရီ ၆ရက်သတင်းတွင် ဖော်ပြသည်။

ဆော်လမွန်ကျွန်းရှိ ဒေသတစ်ဝိုက်တွင် ဆူနာမီသတိပေးချက် မထုတ်ပြန်မီက ဆော်လမွန်ကျွန်းစု၊ ဗင်နွာတူနှင့် နယူးကယ်လီဒိုးနီးယားဒေသတို့တွင် ငလျင် လှုပ်ခတ်မှုကြောင့် ရေမျက်နှာပြင်မြင့်တက်လာကာ သုံးပေခန့်ရှိ လှိုင်းလုံးများ ရိုက်ခတ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ပစိဖိတ်ဆူနာမီသတိပေးရေးဌာနက ပစိဖိတ်ကျွန်းနိုင်ငံများတွင် ဆူနာမီသတိပေးချက်ကို ထုတ်ပြန်ခဲ့ပြီး ဆော်လမွန်ကျွန်းစုရှိ ဆန်တာခရုဇ်ကျွန်းအနီးတွင် အင်အားပြင်းငလျင်လှုပ်ခြင်းဖြစ်သည်။

ယင်းငလျင်ကြောင့် သေဆုံးသူငါးဦးအနက် ယောက်ျားကလေးငယ်တစ်ဦး၊ သက်ကြီးရွယ်အို အမျိုးသမီး သုံးဦးနှင့် အမျိုးသားတစ်ဦး သေဆုံးကြောင်း ဆန်တာခရုဇ်ကျွန်းစုရှိ လာတာဆေးရုံမှ သူနာပြုတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ **အင်တာနက်။**

UNIQUE STAR TRAVELS & TOURS
PROMOTION (၃)ဦးဝယ်လျှင် + (၁)ဦး အခမဲ့

. တောင်ကြီး၊ အင်းလေး	Feb 9,23/Mar 1,23	(185,000)
. ပုဂံ	Feb 9,23/Mar 1,23	(175,000)
. ပုဂံ+မန္တလေး	Feb 9,23/Mar 1,23	(175,000)
. ပုဂံ+ရွှေစက်တော်	Feb 23/ Mar 1,23	(175,000)
. အလောင်းတော်ကဿပ	Feb 10,23/Mar 1,23	(195,000)
. ချောင်းသာ HOTEL MAX	Mar 24	(75,000)
. ချောင်းသာ (15,000)/ ငွေဆောင် (20,000)/ ကျိုက်ထီးရိုး		(12,000)

No(5), Asia Plaza. 391 372, 391 373, 708 353, 705 723, 09 514 8079.
09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166.

စီးပွားရေးလုပ်ငန်းရှင်များအတွက်မရှိမဖြစ်
ကြော်ငြာကမ္ဘာ
သတင်းဂျာနယ်
အပတ်စဉ်တနင်္လာနေ့တိုင်းထွက်ပြီ။

(GRADE-11) 2colour G.C.E Unseen
Ph: 01253143,0973029336

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်
အလှအပ နှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှု (Plastic Surgery) ကို ထိုင်းနိုင်ငံမှဆရာဝန်ကြီး ကိုယ်တိုင်
ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၆ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးပါမည်။
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ မန္တလေး (၀၉) ၄၃၂၀၇၇၈၀

ပြည်တွင်း၊ ပြည်ပသတင်း

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

ခန္ဓာကိုယ်အရှည်လျားဆုံးကြောင် အသက် (၈)နှစ်အရွယ်၌ သေဆုံး

ကမ္ဘာပေါ်တွင် ခန္ဓာကိုယ်အလျားအရှည်လျားဆုံးကြောင်အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသည့် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် ရီနိုစီရင်စုမှ စတီဝီ အမည်ရှိ ကြောင်ထီးကြီးသည် အသက် (၈) နှစ်အရွယ်တွင် သေဆုံးခဲ့ပြီဖြစ်ကြောင်း ၎င်း၏ပိုင်ရှင်ရော်ဘင်ဟန်ဒရစ်ဆန်က ထုတ်ဖော်ပြောကြားခဲ့သည်။ ခန္ဓာကိုယ်အလျား ၄၈ ဒသမ ၅လက်မ (၁ ဒသမ ၂၃မီတာ) အရှည်ရှိ စတီဝီသည် ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းတွင် ကင်ဆာရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဟန်ဒရစ်ဆန်က ဆိုသည်။ စတီဝီသည် ၂၀၁၀ ခုနှစ်အတွင်းက ကမ္ဘာ့ခန္ဓာကိုယ်အရှည်လျားဆုံးကြောင်အဖြစ် ဂင်းနစ်စံချိန်တင်နိုင်ခဲ့ပြီး ယနေ့ကာလထိတိုင် ၎င်း၏စံချိန်ကိုချိုးနိုင်သောကြောင် ပေါ်ထွက်လာခြင်းမရှိသေးကြောင်းလည်း သိရသည်။

လေထုညစ်ညမ်းမှုနှင့် ပေါင်မပြည့်သောကလေးမွေးဖွားမှု ဆက်နွယ်မှုရှိ

လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေသည့် ဒေသအဝန်းအဝိုင်းတွင် နေထိုင်သည့် ကိုယ်ဝန်ဆောင်မိခင်လောင်းများသည် ပေါင်မပြည့်သော ရင်သွေးငယ်များ မွေးဖွားလာစေရန် တွန်းအားတစ်ရပ်ဖြစ်စေကြောင်း နောက်ဆုံးတွေ့ရှိခဲ့သည့် လေ့လာချက်တစ်ခုတွင် ဖော်ပြထားသည်။ နိုင်ငံကိုးနိုင်ငံမှ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၏ ကလေးမွေးဖွားမှုဖြစ်စဉ် သုံးသန်းကျော်ကို လေ့လာခဲ့သော အဆိုပါလေ့လာချက်ကို Environmental Health ဂျာနယ်၏ ခေါင်းကြီးပိုင်းတွင် ဖော်ပြခဲ့သည်။ ယင်းအဖြစ်အပျက်များသည် ယခင်က ဖြစ်ပျက်ခဲ့ဖူးသော်လည်း သက်ရောက်မှု ပမာဏနည်းပါးခဲ့ကြောင်း၊ သို့သော် ယခုအခါ ထပ်တိုးလာမည့် လူဦးရေအပေါ် သက်ရောက်မှုများလာကြောင်း၊ ပေါင်မပြည့်ဘဲ မွေးဖွားလာသည့်ကလေးငယ်များတွင် ကျန်းမာရေးဆိုင်ရာ ပြဿနာများကြုံတွေ့ရပြီး သေစေနိုင်သည်အထိ ဖြစ်စေနိုင်ကြောင်း၊ အဆိုပါ ကလေးများအရွယ်ရောက်လာပါကလည်း ဆီးချို သွေးချို၊ နှလုံးရောဂါတို့နှင့် ရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်ကြောင်း ယင်းလေ့လာချက်ကို လုပ်ဆောင်ခဲ့သည့် ကယ်လီဖိုးနီးယားတက္ကသိုလ်၊ ဆန်ဖရန်စစ္စကိုတက္ကသိုလ်တို့မှ သုတေသီများက ဆိုသည်။

စာရေးနေစဉ် အမှားကိုထောက်ပြနိုင်တဲ့ နည်းပညာမြင့်ဘောလ်ပင်

Lernstift အမည်ရှိ ဂျာမန်ကုမ္ပဏီတစ်ခုသည် စာရေးနေစဉ် အတောအတွင်း စာလုံးပေါင်းသတ်ပုံ မှားယွင်းစွာရေးသားမိပါက တုန်ခါမှုဖြင့် ထောက်ပြနိုင်သည့် ဘောလ်ပင်တစ်မျိုးကို တီထွင်ထုတ်လုပ်ခဲ့သည်။ ထို့ပြင် အဆိုပါ ဘောလ်ပင်သည် ကလေးငယ်များ စာရေးသားရာတွင် လွယ်ကူ၊ လျင်မြန်တိကျမှုရှိစေရန် ထောက်ကူပေးနိုင်ကြောင်း သိရသည်။ ယင်းဘောလ်ပင်ကို ပုံစံနှစ်မျိုးဖြင့် အသုံးပြုနိုင်ကြောင်း၊ တစ်မျိုးမှာ စာလုံးပေါင်းသတ်ပုံကို ထောက်ပြပေးခြင်းဖြစ်ပြီး ကျန်တစ်မျိုးမှာ သဒ္ဒါမှန်ကန်မှုရှိ၊ မရှိကို ထောက်ပြခြင်းဖြစ်ကာ ဖော့ခ်နှင့် မန်ဒီ ဝေါ့စကီအမည်ရှိ ပုဂ္ဂိုလ်နှစ်ဦးက တီထွင်ဖန်တီးခဲ့ခြင်းဖြစ်သည်။ ယင်းဘောလ်ပင်အမျိုးအစားကို ဈေးကွက်သို့ တင်ပို့ရန်အတွက်မူ လုပ်ဆောင်ရန်ကိစ္စများကျန်ရှိသေးကြောင်း အဆိုပါကုမ္ပဏီက ပြောကြားခဲ့သည်။

အိုဘားမား အစ္စရေးသို့ ပထမဆုံးအကြိမ်သွားရောက်လည်ပတ်မည်

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ၎င်း၏ဒုတိယသက်တမ်းတွင် ပထမဆုံးအကြိမ်အဖြစ် အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဖေဖော်ဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ သမ္မတ အိုဘားမားသည် ၎င်း၏ပထမသက်တမ်း ၂၀၀၉ ခုနှစ် ဇန်နဝါရီလကတည်းက အစ္စရေးသို့အလည်အပတ်သွားရန် စီစဉ်ခဲ့ကြောင်း အိမ်ဖြူတော်က ဆက်လက်ပြောကြားခဲ့သည်။ အိုဘားမားသည် ၎င်း၏ဒုတိယသက်တမ်း စတင်ထမ်းဆောင်ချိန်တွင် အစ္စရေးအစိုးရသစ်နှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်နှင့် အီရန်၊ ဆီးရီးယားအရေးကိစ္စကို ပူးပေါင်းဖြေရှင်းရန် ရည်ရွယ်၍ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်ကြောင်း၊ သို့သော် သွားရောက်မည့် နေ့ရက်အတိအကျကိုမူ ထုတ်ပြန်ခြင်းမရှိသေးကြောင်း အမျိုးသားလုံခြုံရေးကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ တွန်မီဗီယက်တာကဆိုသည်။ အစ္စရေးမီဒီယာများကမူ အိုဘားမားသည် မတ်လ ၂၀ ရက်တွင် လာရောက်လည်ပတ်မည်ဟု အတိအလင်းထုတ်ပြန်ကြေညာခဲ့ကြသည်။

□□ ဟိန်းထက်လင်း စုစည်းဖော်ပြသည် □□

ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးရေးလုပ်ငန်းစဉ်များ ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ဆောင်ရွက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ထိုင်းနိုင်ငံအတွင်း သွားရောက်အလုပ်လုပ်ကိုင်နေသည့် အထောက်အထားမဲ့မြန်မာအလုပ်သမားများအတွက် အထောက်အထားများထုတ်ပေးရေးလုပ်ငန်းစဉ်အား ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ပိတ်သိမ်းရန် ထိုင်းနိုင်ငံမှ ဆုံးဖြတ်ခဲ့သော်လည်း နှစ်နိုင်ငံ ခေါင်းဆောင်များ၏ ဆွေးနွေးညှိနှိုင်းမှုအရ ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ဆောင်ရွက်ပေးလျက်ရှိသည့် ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ရပ်ဆိုင်းခြင်းမပြုဘဲ အချိန်ကာလ သုံးလ ထပ်မံတိုးမြှင့် ဆောင်ရွက်ပေးရန် နိုင်ငံတော်သမ္မတကြီးနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့၏ ဒီဇင်ဘာ ၁၇ ရက်က ထားဝယ်တွင် တွေ့ဆုံဆွေးနွေးစဉ် သဘောတူညီမှုရရှိခဲ့သည်။ အဆိုပါသဘောတူညီမှုအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးများကျင်းပ၍ လုပ်ငန်းဆောင်ရွက်ရန် ဖွင့်လှစ်မည့်နေရာ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၃ ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ တတိယအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Pravit Khiengpol ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးခဲ့ကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးရေးလုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ထိုင်းနိုင်ငံအတွင်း ဖွင့်လှစ်မည့် ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစခန်းနေရာများကိစ္စ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မှီခိုသူများနှင့် သားသမီးများအား အထောက်အထားထုတ်ပေးနိုင်ရေးကိစ္စ၊ ထိုင်းနိုင်ငံသို့ ရာသီအလိုက် သွားရောက် အလုပ်လုပ်ကိုင်နေသူများအား အထောက်အထားထုတ်ပေးရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံအတွင်း ဖွင့်လှစ်မည့် ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်း ၁၁ ခုမှာ စမုပရာကန်၊ စမုစခုန်(မဟာချိုင်)၊ စူရပ်ဌာနီ၊ ပထုံဌာနီ၊ ရေရာင်၊ ကန်ချန်နဘူရီ၊ ခွန်ခမ်၊ ချင်းမိုင်၊ ချင်းရိုင်၊ တပ်ခ်နှင့် ရနောင်းတို့ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်မည်ဖြစ်ကြောင်း၊ စခန်းများသို့ လာရောက်အထောက်အထားပြုလုပ်သော မြန်မာအလုပ်သမားများ စာရင်းအပေါ် မူတည်၍ မတ် ၁၅ ရက် နောက်ပိုင်းတွင် စခန်းများတိုးခြင်း၊ လျှော့ခြင်းများ ပြုလုပ်နိုင်ရန် နှစ်နိုင်ငံကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး ထပ်မံဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ အကယ်၍ သတ်မှတ်ကာလအတွင်း အထောက်အထားပြုလုပ်ရန် မြန်မာအလုပ်သမားများ ကျန်ရှိပါက စခန်းများ နောက်ထပ်သက်တမ်းတိုးမြှင့် ဖွင့်လှစ်ဆောင်ရွက်ရေးကိစ္စကို ထိုင်းအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် ထိုင်းနိုင်ငံအတွင်းရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအနေဖြင့် ဖွင့်လှစ်မည့် ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး ၁၁ ရုံး၌ One Stop Service ဖြင့် မြန်မာဘက်မှ ထုတ်ပေးသော အထောက်အထားများနှင့် ထိုင်းနိုင်ငံဘက်မှ ထုတ်ပေးသော ဗီဇာ၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ရရှိရေးနှင့် ကျန်းမာရေးဆေးစစ်မှုများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ တရားဝင်အလုပ်သမားများ ဖြစ်လာပါက ထိုင်းနိုင်ငံသား အလုပ်သမားများနှင့် မခြားဘဲ အလုပ်သမားအခွင့်အရေးများ အပြည့်အဝ ရရှိလာမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နာဆာ၏ အင်္ဂါဂြိုဟ်ခရီးစဉ် သိပ္ပံပညာရှင်များထောက်ခံ

သိပ္ပံပညာရှင်များက အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသ အုပ်ချုပ်ရေးအဖွဲ့ (နာဆာ)၏ ၂၀၂၀ ခုနှစ်တွင် အင်္ဂါဂြိုဟ်သို့ ဂြိုဟ်သွားယာဉ် အသစ်တစ်စင်း စေလွှတ်ရန်ဆုံးဖြတ်ခဲ့မှုကို ကြိုဆိုထောက်ခံခဲ့ကြသည်။

ဩဇာတိက္ကမကြီးမားသော သိပ္ပံပညာရှင်အဖွဲ့ကြီး နှစ်ဖွဲ့ဖြစ်သည့် ကမ္ဘာ့အာကာသရေးရာအဖွဲ့ကြီးနှင့် ယင်းအဖွဲ့ကြီး၏ လက်အောက်ခံ အဖွဲ့ကြီးတစ်ခုဖြစ်သော အမေရိကန်နိုင်ငံ နက္ခတ္တဗေဒပညာရှင်များအဖွဲ့တို့က ဇန်နဝါရီ ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် လာမည့်ခုနှစ်နှစ်အတွင်း အင်္ဂါဂြိုဟ်သို့ ဂြိုဟ်သွားယာဉ် အသစ်တစ်စင်း စေလွှတ်မည့် နာဆာ၏စီမံကိန်းနှင့် ပတ်သက်၍ ထောက်ခံချက်များ အသီးသီး ထုတ်ပြန်ကြေညာခဲ့ကြသည်။



အင်္ဂါဂြိုဟ်သို့ ဂြိုဟ် သွား ယာဉ် အသစ်တစ်စင်း စေလွှတ်မည့်ခရီးစဉ်နှင့်ပတ်သက်၍ နာဆာအဖွဲ့၏ သိပ္ပံရေးရာ အကြီးအကဲဖြစ်သူ ဂျွန်ဂရန့်စ်ဖီးလ်ဒ်က အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ ဒီဇင်ဘာ ၄ ရက်တွင် ကျင်းပခဲ့သည့် အမေရိကန်ဘူမိရူပဗေဒသမဂ္ဂ၏ နှစ်စဉ်အစည်းအဝေး၌ ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ အင်္ဂါဂြိုဟ်သွားယာဉ်ကို နာဆာအဖွဲ့၏ အင်္ဂါဂြိုဟ်ဆိုင်ရာ သိပ္ပံရေးရာစမ်းသပ်ခန်းတွင် ဒီဇိုင်းပုံစံရေးဆွဲ တည်ဆောက်သွားမည်ဖြစ်သည်။

နာဆာအဖွဲ့၏ ၂၀၂၀ ခုနှစ်တွင် အင်္ဂါဂြိုဟ်သို့ ထပ်မံသွားရောက်မည့် ခရီးစဉ်နှင့်ပတ်သက်၍ မိမိတို့ထောက်ခံအားပေးပါကြောင်း ကမ္ဘာ့အာကာသရေးရာအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အင်္ဂါဂြိုဟ်ပေါ်တွင် စူးစမ်းရှာဖွေလေ့လာမှုများ ဆက်လက်လုပ်ဆောင်ခြင်းသည် သိပ္ပံပညာလောကအတွက် အရေးပါသည့် ခရီးစဉ်တစ်ခုဖြစ်သကဲ့သို့ မိမိတို့၏ အင်ဂျင်နီယာပညာရပ်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆယ်စုနှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားမှုများအတွက်လည်း ဆက်လက်အကောင်အထည်ဖော်ရာတွင် အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယင်းခရီးစဉ်အတွင်း အမေရိကန်အမျိုးသား သုတေသနကောင်စီအတွက် သုတေသနပြုလေ့လာနိုင်ရန် အင်္ဂါဂြိုဟ်မှ ကျောက်သားနမူနာများ ယူဆောင်လာနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ **(လိုက်ဆိုင်းရင့်) (အောဝမ်းစိုး)**

၁၁၁၁ နှစ်မြောက်ညောင်လေးပင်လှဒ်(စ်)မယ်တော်ပွဲကျင်းပခြင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်လေးပင်လှဒ်(စ်) မယ်တော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည် ဖြစ်ပါသည်။

ကျင်းပမည့်ရက် ။ ၈-၂-၂၀၁၃ မှ ၁၀-၂-၂၀၁၃
နေရာ ။ ညောင်လေးပင်မြို့။

ပွဲတော်ကျင်းပရေးကော်မတီ

NATURAL BREEZE Travels & Tours
" Breeze Brings the Remembrance of Your Life......"
ဟော်ဘူ – မခလေးရှား (၆ည ၇ရက်) Mar4/Apr12/Apr13
စန်ဖောက်–ပဏ္ဏားရား (၅ည ၆ရက်) Mar2/Apr12/Apr13
စီမသက်နမ်–ကမ္ဘောဒီးယား (၅ည ၆ရက်) Feb24/Apr13
ချင်းမိုင်–ချင်းရိုင်–ရွှေတြိဂံ (၅ည ၆ရက်) Mar10/Apr14
ဟောင်ကောင်–တရုတ်ပြည် (၅ည ၆ရက်) Apr11
ကိုရီးယား(...) (၅ည ၆ရက်) Apr14
01 500734,09 73 211441 , 09 73 211442
Email - naturalbreeze.travel@gmail.com

ရွှေဥရာစုသစ်
အလျော့တွက် 30% လျှော့၍ တရုတ်နှစ်သစ်ကူး လက်ဆောင် စိန်ထည်၊ ရွှေထည်များ ရောင်းချနေပါသည်။
(၁-၂-၂၀၁၃ မှ ၁-၃-၂၀၁၃အထိ)
၏ မေတ္တာကုသိုလ် ကံစမ်းမဲ (၁-၅-၂၀၁၂မှ၃၁-၁-၂၀၁၃အထိ)
ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်မှ စိန်ထည်၊ ရွှေထည် ကျောက်မျက်ရတနာထည်များကို ဝယ်ယူအားပေးသောသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်ဆုမဲ(၅)ဆုနှင့် အဖိုးတန်ဆုမဲများစွာကို မေတ္တာလက်ဆောင် ပြန်လည်ချီးမြှင့်ပါမည်။
အလျော့တွက် လုံးဝမပါသော ဒုံးထည် များအား ငွေစုနိုင်ရန် ရောင်းချပေးနေပါသည်။
ရတနာသည် သင့်အတွက်ထာဝရ
ရတနာစုလိုက ရွှေဥရာစုသစ် သို့ကြွခဲ့ပါနော်
အမှတ် (၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ၂၃ လမ်းနှင့် ဗိုလ်ချုပ်လမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၇၀၄၇၁၇၊ ၇၀၃၄၅၂

သစ်တောများ၏အခန်းကဏ္ဍ

လွှန်အေးခိုင် (ရှိုးတီ)

၁။ ဥတုရာသီတောကိုမှီ၏။

၂။ သစ်ပင်စိုက်ခြင်းဖြင့် ကုသိုလ်ယူပါ။

၃။ သဘာဝပတ်ဝန်းကျင် ထာဝစဉ် တည်တံ့ရေး သစ်တောများကို ထိန်းသိမ်းပေး။

အထက်ပါသစ်တောများနှင့် သက်ဆိုင်သော လက်ာဆောင်ပုဒ်များကို မြို့အဝင်တိုင်းတွင် တွေ့ရှိရမည်ဖြစ်ပါသည်။

၎င်းဆောင်ပုဒ်များသည် ကျွန်တော်တို့ ကမ္ဘာကြီးအတွက် သစ်တောများမရှိမဖြစ် အမှန်တကယ် လိုအပ်နေကြောင်း ဖော်ကျူးပြနေသည့်အတွက် သစ်တောများ၏ အတိမ်အနက်ကိုသိထားရန်လိုအပ်သကဲ့သို့ သစ်တောများ၏ စွမ်းဆောင်ပေးမှုကဏ္ဍများကိုလည်း သိထားရန် လိုအပ်ပါသည်။

တစ်ဖန် ကမ္ဘာကြီးနှင့်တကွ လူသတ္တဝါများအတွက် ပေါ်ပေါက်လာရသော သစ်တောများသည် လူသားများ အသုံးပြုရန် ထင်း၊ မီးသွေး၊ လောင်စာများအဖြစ် လည်းကောင်း၊ အိမ်ထောင်ပရိဘောဂ၊ စက်ယန္တရားများ၊ အလုပ်ရုံ၊ စက်ရုံများတည်ဆောက်ရန်အတွက် လည်းကောင်း အမှန်တကယ် ခုတ်ယူသုံးစွဲရမည်ဖြစ်သည့်အတွက် 'စားလည်းစား မကုန်စေနဲ့' ဆောင်ပုဒ်ကဲ့သို့ သစ်တောများမှ သစ်ပင်များကို ကျွန်တော်တို့ လူသားများ စည်းကမ်းတကျ ခုတ်ယူသုံးစွဲမိတိုင်း မိမိ၏နှလုံးသားထဲတွင် စွဲထင်ကျန်ရစ်နေရမည်မှာ (သစ်တစ်ပင် ခုတ်ယူမိတိုင်း သစ်ဆယ်ပင် ရှင်သန်အောင်ပြန်စိုက်ပေးရမည်)ဟု အသိလေးကိန်းအောင်းပြီး လက်တွေ့ရှင်သန်အောင် စိုက်ပျိုးပေးရပါမည်။

ဒီတော့ကာ စည်းကမ်းတကျဖြင့် (သစ်တစ်ပင်ခုတ်၊ ဆယ်ပင်စိုက်၊ မစိုက်ထောင်ခြောက်လ)ဆိုတဲ့ စာသားလေးကို သစ်ခုတ်ယူခွင့်မရှိသော နယ်မြေ၊ ကန့်သတ်နယ်မြေ၊ ကြိုးဝိုင်းနယ်မြေမှလွဲ၍ ကျန်နယ်မြေများတွင် ဆိုင်းဘုတ်ထူထားပေးပါက ပို၍ ကောင်းမည်လားဟုပင် တွေးထင်မိပါသည်။

သစ်တောများ၏ အခန်းကဏ္ဍ ဂုဏ်သတ္တိအချို့ကို တင်ပြရလျှင်-

(၁) ကမ္ဘာပေါ်တွင် မြန်မာ့သယံဇာတများ အထူးကောင်းမွန်လာရခြင်းမှာ မြန်မာနိုင်ငံသည် ကမ္ဘာဦးအစကတည်းက နေ၏လမ်းကြောင်း အီကွေတာပေါ် ကျရောက်နေပါသည်။ ထို့ကြောင့် နေ၏အပူရှိန်ကို အပြည့်အဝ ရရှိနေပါသည်။ တစ်ဖန် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် သစ်တောများ အများဆုံး ထူထပ်လွန်ကဲစွာ ပေါက်ရောက်နေသောကြောင့် နေ၏အပူရှိန်ကို သစ်တောများ၏ ကြားခံထားမှုကြောင့် သယံဇာတများ၏ ဘူမိဖြစ်စဉ်ပြောင်းလဲမှုမှာလည်း လောင်ကျွမ်းသွားရခြင်းမရှိဘဲ သဟဇာတမျှတမှု အပူရှိန်ကို ရရှိနေခြင်းကြောင့် မြန်မာ့သယံဇာတများ ကမ္ဘာပေါ်တွင် အလွန့်အလွန် အထူးသာလွန်ကောင်းမွန်ရပါသည်။

(၂) အိုဇုန်းလွှာပေါက်ပြဲရခြင်းမှာလည်း သစ်တောများက ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူပြီး အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးပါသည်။ ၎င်းအောက်ဆီဂျင်ဖြင့် အိုဇုန်းလွှာကို ဖြစ်ပေါ်စေပါသည်။ သစ်တောများ နည်းပါးသွား၍ အောက်ဆီဂျင်ထွက်ရှိမှုက နည်းပါးသွားသည်က တစ်ကြောင်း၊ ရေခဲစက်များ၊ ရေခဲသေတ္တာများ၊ အအေးခန်းများမှ ထွက်ရှိသော စီလီကွန်မော်လီကျူးများသည်လည်း နှစ်တစ်ရာကျော်တိုင် သက်တမ်းကြာရှည်စွာဖြင့် အိုဇုန်းလွှာကို ဖျက်ဆီးနေခြင်းနှင့် အခြားအကြောင်းကြောင်းများကြောင့် အိုဇုန်းလွှာပေါက်ပြဲ နေရပါသည်။ ထို့ကြောင့် နေရောင်ခြည်မှပါလာသော ခရမ်းလွန်ရောင်ခြည်များကို အိုဇုန်းလွှာပေါက်ပြဲနေပါ၍ စုပ်ယူမထားနိုင်တော့ပါ။ တစ်ဖန် လူ၏ခန္ဓာကိုယ်မှ အကာအကွယ်မဲ့စွာဖြင့် ၎င်းနေရောင်ခြည်ကို ကြာမြင့်စွာ ထိတွေ့နေပါက အရေပြားကင်ဆာဖြစ်နိုင်ပါသည်။ ထို့ကြောင့် သစ်တောများကို ထိန်းသိမ်းစိုက်ပျိုးနိုင်ပါမှ ကျွန်တော်တို့ လူသားများအတွက် ကျန်းမာရေးကာကွယ်မှုတစ်ရပ်ရရှိပါမည်။

(၃) မိုးကြိုးလျှပ်စီးများ မိုးတွင်းကာလတွင် မကြာခဏဖြစ်ပေါ်လာရခြင်းမှာလည်း ကမ္ဘာပေါ်တွင် သစ်တောများ နည်းပါးသွားခြင်းကြောင့် ကမ္ဘာ့အပူရှိန်ကို သစ်တောများက ထိန်းမပေးနိုင်တော့သဖြင့် လေထုထဲတွင်ရှိနေသော အက်တန်များသည်လည်း ပူ၍ပွနေပါသည်။

အက်တန်၏ ဖြစ်တည်မှုမှာ (အက်တန်၏အတွင်းပိုင်းရှိ နျူကလီယထဲတွင် ပရိုတွန်နှင့် ဓာတ်ပြယ်နေသော နျူထရွန်ကို အီလက်ထရွန်ကငုံ၍ လှည့်ပတ်နေခြင်း ဖြစ်ပါသည်။)

ထိုအချိန်မိုးရွာသွန်းမှုကြောင့် လေထုများ အေးလာရသဖြင့် လေထုထဲတွင်ရှိသော အက်တန်များသည်လည်း အေးလာရပြီး အက်တန်များ၏အပြင်မှ အီလက်ထရွန်က အေးလျှင်ကျုံ့သည့်နိယာမအရ အတွင်းပိုင်းသို့ ကျုံ့ဝင်သွားပါသည်။ ထို့ကြောင့် အတွင်းပိုင်းရှိ ပရိုတွန်များနှင့် နျူထရွန်များက အပြင်ဘက်သို့ တွန်းကန်ထွက်လာရမှုကြောင့် ပွတ်တိုက်မှုဖြစ်ပေါ်လာရပြီး အက်တန်များမီးပွင့်၍ လင်းလက်မှုများ ဖြစ်ပေါ်လာရပါသည်။ ထို့ကြောင့် အလင်းရောင်လျှပ်စီးများနှင့် မိုးကြိုးများဖြစ်ပေါ်လာရပါတော့သည်။ သစ်တောများနည်းပါးလာမှုကြောင့် မိုးတွင်းကာလနေပူပြီး မိုးပြန်ရွာချိန်တွင် (ကမ္ဘာ့အပူချိန် မြင့်တက်နေပါက) မိုးကြိုးလျှပ်စီးများ ဖြစ်ပေါ်လာရပါသည်။ သစ်တောများထူထပ်နေပါက မိုးဦးကျချိန်နှင့် မိုးနှောင်း၊ မုတ်သုံခွာချိန်လောက်တွင်သာ မိုးကြိုးလျှပ်စီးများဖြစ်ပေါ်နေမှာပါ။

(၄) တောင်ပေါ်ဒေသတွင် သစ်တောများမြောက်မြားစွာပေါက်ရောက်နေပါက မိုးရွာသွန်းချိန်တွင် မိုးစက်မိုးပေါက်များ၏ ရိုက်ခတ်မှုကြောင့် တောင်မြေများ လွင့်စဉ်ရမှုကိုလည်း ကာကွယ်ပေးပါသည်။ ထို့အပြင် သစ်တောများ၏ အမြစ်များကလည်း တောင်မြေများကို ရစ်ပတ်တွယ်ကုပ်ထားသဖြင့် တောင်မြေပြိုပြီးကျရောက်လာမည့် အန္တရာယ်များကိုလည်း တောင်ခြေနေ ပြည်သူများ လွတ်ကင်းရပါမည်။

(၅) သစ်တောများစွာတည်ရှိနေပါက-

(က) သစ်ရွက်များမှ ထွက်ရှိသောရေဓာတ်

(ခ) အာကာသတွင်ရှိသောရေဓာတ်

(ဂ) ကမ္ဘာမြေကြီးမှထွက်ရှိလာသော ရေဓာတ် (တံလျှပ်)တို့ ပေါင်းစပ်၍ နေဝင်ချိန်တွင် အာကာသ၏ အအေးဓာတ်ကြောင့် မြူအဖြစ်ကျဆင်းလာပြီး တောင်သူများ၏ စိုက်ခင်းများလည်း မြူရည်သောက်သုံးရရှိနိုင်ပါသည်။

(၆) ဒီရေတောဆိုသည်မှာလည်း ဒီရေ အတက်အကျရှိသော ပင်လယ်ကမ်းခြေနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် လမုပင်၊ လမဲ့ပင်၊ ခရာပင်များ စသည့်သစ်တောများပေါက်ရောက်ထိန်းသိမ်းစိုက်ပျိုးထားမည်ဆိုပါက ဒီရေအတက်အကျတွင် ပင်လယ်လှိုင်းလုံးကြီးများကို ကာကွယ်ပေးနိုင်သည့်အပြင် ရေဒဏ်၊ လေဒဏ်ကိုလည်း ကာကွယ်ပေးနိုင်ပါသည်။

(၇) သစ်တောနည်းပါးလာရမှုကြောင့် ဝန်နှင့်လေး၊ ဒိုင်းနှင့်မြားကဲ့သို့ သစ်တောများက ကြားခံလုပ်ဆောင်ပေးမှုကို ကုန်လွန်အောင်မလုပ်ဆောင်နိုင်တော့ပါ။

ထို့ကြောင့် အပူစွမ်းအင်ကို ထိန်းမပေးနိုင်သည့်အတွက် ရှေးယခင်ကာလက အချိန်မလပ်အမြဲတမ်း အငွေ့ပျံမှုနည်းပါးသော ပင်လယ်ရေသည်လည်း ယခုသစ်တောများ နည်းပါးမှုကြောင့် အပူရှိန်လွန်ကဲလာပြီး အငွေ့ပျံမှုများ များပြားလာရပါသည်။

သို့အတွက် မိုးတွင်းကာလတွင်-

(က) မိုးဦးနောက်ကျခြင်း

(ခ) မိုးခေါင်ခြင်း

(ဂ) နေရာကွက်၍ မိုးကြီးခြင်းများနှင့် ဆောင်းရာသီကာလနှင့် နွေရာသီကာလများမှာပင်လျှင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုများဖြစ်ပေါ်လာရပါသည်။

ထို့ကြောင့် သစ်တောများသည် ရေ၊ မြေ၊ လေ၊ မီး (နေအပူချိန်)ကို သဟဇာတဖြစ်ရန် ကြားခံညှိနှိုင်းပေးနေသည့်အတွက် ရေးဆွဲ၍မပြီးဆုံးနိုင်သော ပန်းချီကားတစ်ချပ်ဆိုပါက မှားမည်မထင်ပါ။

သို့အတွက် သစ်တောများကို ကမ္ဘာမြေပြင်အနှံ့ ပေါက်ရောက်ရန် လုပ်ငန်းကြီးတစ်ရပ်အနေဖြင့် ချမှတ်လုပ်ဆောင်ရန် လိုအပ်လာပါသည်။

ထို့ကြောင့် ဖြစ်နိုင်ခြေ နည်းလမ်းကောင်းတစ်ခု တင်ပြလိုပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အင်န်ဂျီအိုများသည် သစ်ကြီးဝါးကြီးသစ်စေ့များ ရနိုင်သော သစ်စေ့အပင်ပိုင်ရှင်များထံမှ သစ်စေ့များကို အလှူခံစုဆောင်းပါ။ မျိုးတူသစ်စေ့များကို သီးခြားစီ ခွဲထည့်ပါ။ ပြီးလျှင် ၎င်းသစ်စေ့များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ၎င်းဌာန၏အစီအစဉ်ဖြင့် ပို့ဆောင် လှူဒါန်းပါ။ တစ်ဖန် ၎င်းဌာနမှ လူသူအရောက်အပေါက်နည်းသောဒေသနှင့် ပလပ်မြေပေါ်သို့ လေယာဉ်ပျံပေါ်မှ မျိုးကြဲစိုက်ပျိုးမှုကို နှစ်စဉ်လုပ်ဆောင်ပေးစေလိုပါသည်။ တစ်ဖန် ပိုလျှံမျိုးစေ့များကိုလည်း ကုလသမဂ္ဂသို့ လှူဒါန်း ပြီး မျိုးကြဲမှုကို အကြံဉာဏ်ပေးပါ။ ကုလသမဂ္ဂကလည်း ကမ္ဘာ့နိုင်ငံအသီးသီးသို့ လုပ်ဆောင်စေခြင်းဖြင့် နောင်ဆယ်နှစ်ဝန်းကျင်တွင် တစ်ကမ္ဘာလုံးတွင် သစ်တောများ ပြန်လည်ပေါက်ရောက်လာမည်ဟု တင်ပြလိုပါသည်။

သစ်တောများ၏ အခန်းကဏ္ဍများမှာ မပြီးဆုံးသေးသော ပန်းချီကားတစ်ချပ် ဖြစ်နေသော်ငြားလည်း သစ်တောများ၏ သဘာဝအလှတရားကို ဆေးရောင်စုံခြယ်သခြင်းမပြုကြရန် အထူးသတိပြုရန် လိုအပ်ပါကြောင်း တင်ပြရင်း ကမ္ဘာမြေပြင်အနှံ့ သစ်တောများ ဖုံးလွှမ်းကြရန် သန္နိဋ္ဌာန်ချမှတ်လုပ်ဆောင်ကြပါစို့။

မှတ်ချက်။ ။အကြောင်းမဲ့အမှိုက်များကို မီးရှို့ပစ်ခြင်းနှင့် မလိုအပ်ဘဲ လျှပ်စစ်မီးဖွင့်ထားခြင်းသည်လည်း သဘာဝပတ်ဝန်းကျင် ပျက်သုဉ်းရပါသည်။

အကြောင်းမှာ အဟောသိကံဖြစ်သွားရသော အပူစွမ်းအင်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် (မီးခိုး)များသည်လည်း ကမ္ဘာကြီးကို ပူနွေးစေပါသည်။ ။

ယာဉ်မောင်းသင်တန်း အမှတ်စဉ် (၁/၂၀၁၃) ဖွင့်

ပြည် ဖေဖော်ဝါရီ ၆

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ပြည်မြို့) မော်တော်ယာဉ် မောင်းနှင်ထိန်းသိမ်းမှု အတတ်သင်ကျောင်းမှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ အခမ်းအနားသို့ ကုန်းလမ်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာရှိများ၊ ရပ်မိရပ်ဖများ၊ ဧည့်သည်တော်များ၊သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

(သန်းဦး)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၂-၂၀၁၃ (ကြာသပတေးနေ့)

၇း၀၃	တရားတော်
၇း၅၀	ခနေ့ရိုးရာသိုင်းအက(ခနေ့)
၈း၁၀	ဇာတ်လမ်းတို
၄း၁၅	ချစ်သူစုံတွဲတူယှဉ်နွဲ
၅း၀၀	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး အပိုင်း(၈၀)
၆း၁၅	ထူးဆန်းထွေလာမျက်လှည့်ပညာ
၆း၃၅	ကာတွန်းအစီအစဉ် -အာကာသသူရဲကောင်းလေးများ (အပိုင်း-၇၄)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လူငယ်လေးရဲ့ အစိမ်းရောင်ကမ္ဘာ (အပိုင်း-၈) - ဘယ်သူကိုယ့်လောက်သိလဲ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဆွဲအားပြင်းတဲ့ချစ်ခြင်း"(အပိုင်း-၆) - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂုဏ်ရည်မတူ" (အပိုင်း-၆၅)

လွှတ်တော်ရေးရာ

☆ ပြည်သူ့လွှတ်တော်မှ

ပြည်ထောင်စုအစိုးရအဖွဲ့က ရှင်းလင်းပြတ်သားမှုရှိပြီး ပြည်သူလူထုအား အကာအကွယ်ပေးမည့် အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးပါရန် ဤလွှတ်တော်က တိုက်တွန်းကြောင်း ဟူ၍ဖြစ်သည်။

အဆိုရှင် **ဦးသိန်းညွန့်**က အဆိုတင်သွင်းရခြင်းနှင့်ပတ်သက်၍"ဖွဲ့စည်းပုံအခြေခံဥပဒေကနေ နိုင်ငံသားကိုပေးထားတဲ့ အခွင့်အရေးတွေထဲက ပုဒ်မ ၃၅၆ မှာ ပြည်သူတွေတရားဝင်ပိုင်ဆိုင်တဲ့ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေကို ဥပဒေအရအကာကွယ်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်၊ ဒါပေမယ့် လက်တွေ့မှာ ပြည်သူတော်တော်များများရဲ့ တရားဝင်တဲ့ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေ နစ်နာဆုံးရှုံးမှုတွေ အများကြီးပေါ်ပေါက်နေပါတယ်။ အဲဒါတွေကို ဥပဒေအရ အကာအကွယ်ပေးနိုင်ဖို့ အခြေခံဥပဒေအရပေးထားတဲ့ အခွင့်အရေးတွေကို ခံစားနိုင်ဖို့ ဒီအဆိုကို တင်ရခြင်းဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက နိုင်ငံသားများအနေဖြင့် ဥပဒေနှင့်အညီ မိမိတို့တရားဝင်ရရှိပိုင်ဆိုင်ထားသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာစေရန်ဖန်တီးထားသောအာဏာကို အလွဲသုံးစားဆောင်ရွက်မှုများရှိခဲ့မည်ဆိုပါက အာဏာအပ်နှင်းခံရသူအနေဖြင့် ကျူးလွန်သည့်ပြစ်မှုအတိုင်းအတာအလိုက် ပြစ်မှုဆိုင်ရာဥပဒေ၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ ၁၉၆၃ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ၊ ၁၉၅၁ခုနှစ် ရာဇဝတ်ဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေအပါအဝင် သက်ဆိုင်ရာဥပဒေများဖြင့် အရေးယူနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးကလည်း အဆိုကို ဆက်လက်ဆွေးနွေးရန်မသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

အဆိုတင်သွင်းမှုအပေါ် လသာမဲဆန္ဒနယ်မှ **ဦးကြည်မြင့်**က "ဒီအဆိုနဲ့ပတ်သက်လို့ ဥပဒေတွေရှိပြီးသားဖြစ်ပါတယ်၊ လုံလောက်တယ်လို့ပဲ ယုံကြည်ပါတယ်၊ ဘယ်ခေတ်၊ ဘယ်အစိုးရမဆို အာဏာအလွဲသုံးစားပြုမှုကို ဥပဒေမပြဋ္ဌာန်း၊ မသုံးစွဲဘဲ ခွင့်ပြုထားတယ်လို့ မရှိနိုင်ပါဘူး။ ပြဿနာက အထူးဥပဒေပြဋ္ဌာန်းဖို့မဟုတ်ဘဲ အရေးယူဆောင်ရွက်တဲ့အခါမှာ အထက်က အချင်းချင်းအားနာတာ၊ ထွက်ပေါက်ပေးတာ၊ နားလည်မှုပေးတာ၊ အောက်ကလည်း မလျော်ဩဇာသုံးပေးဖို့ ကော်မတီဝင်တွေဆီ ချဉ်းကပ်တာ၊ တံစိုးလက်ဆောင်ပေးကြတာ၊ အမှုအပ်ကြတာ၊ အမှုဖြစ်ရင်လည်း ရှေ့နေတွေက အမှုကိုပြန်ပြီး အကွက်ဆင်ကြ၊ သင်ပေးကြ၊ တရားသူကြီးကိုလာဘ်ထိုးဖို့ လမ်းဖောက်ပေးကြတာတွေကိုသာ ထိထိရောက်ရောက်အရေးယူဖို့လိုမယ်လို့ပဲ မြင်ပါတယ်"ဟု သုံးသပ်ပြောပြခဲ့သည်။

ထို့ပြင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တင်သွင်းခဲ့သည်။

ယင်းသို့တင်သွင်းရာတွင် အန္တရာယ်မကင်းသောဓာတုပစ္စည်းများကိုင်တွယ်အသုံးပြုရာတွင် သတိထားသင့်သောအချက်အလက်များကို တစ်ကမ္ဘာလုံး တစ်ပြေးညီဖော်ပြသည့်စနစ်ကို လူအများ၏ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးအတွက် နိုင်ငံတိုင်းက ၂၀၀၈ခုနှစ်နောက်ဆုံးထား အကောင်အထည်ဖော်ရန် ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၂ခုနှစ်မှစတင်သတ်မှတ်ခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ မြန်မာနိုင်ငံအနေဖြင့်လည်း ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၏အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန်လိုအပ်သဖြင့် ဓာတုဗေဒနှင့်ဆေးဝါးများအန္တရာယ်ကာကွယ်ရေး ဥပဒေ(မူကြမ်း)ရေးသားပြုစုရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း။

အဆိုပါအဖွဲ့သည် ဓာတုဗေဒနှင့်ဆေးဝါးများအန္တရာယ်ကာကွယ်ရေးအတွက် နိုင်ငံတကာနှင့်တစ်ပြေးညီရင်ပေါင်တန်းနိုင်ရေး၊ တိုင်းပြည်နှင့်နိုင်ငံ၏ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး၊ အများပြည်သူများ၏ အသက်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန်အတွက် ဤဥပဒေ (မူကြမ်း)ကို ပြုစုတင်ပြရခြင်းဖြစ်ပါကြောင်းဖြင့်တင်ပြခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီဝင် ဦးခင်မောင်ရွှေက ဖတ်ကြားရှင်းလင်းခဲ့သည်။

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများအား ဘေးအန္တရာယ်ဖြစ်စေခြင်းမှ အကာအကွယ်ပေးရန်နှင့် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များကို ထိခိုက်ပျက်စီးခြင်းမှကာကွယ်ရန်၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျကြီးကြပ်ကွပ်ကဲရန်၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျသုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များရယူသောစနစ်ကိုဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြဋ္ဌာန်းနိုင်ရန် ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းတွင်အခန်း (၁၅) ခန်းနှင့် ပုဒ်မပေါင်း(၄၉)ခုပါရှိကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၁၁)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ **အမျိုးသားလွှတ်တော်မှ**

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ဆင်းရဲနွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများနှင့် တန်းတူယှဉ်ပြိုင်၍ ဆေးတက္ကသိုလ်ဝင်ခွင့်ရွေးချယ်မည်ဆိုပါက မျှတမှုမရှိသည့်အပြင် ခက်ခဲဒေသများ၌ နေထိုင်အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအတွက် အခွင့်အလမ်းများ လျော့နည်းသွားနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် သွားလာရေး၊ လူမှုရေးခက်ခဲသောဒေသများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ထမ်းဆောင်နိုင်မည့် ဆေးပညာရှင်ဆရာဝန်ကောင်းများ ပေါ်ထွန်းလာစေရေးနှင့် ယင်းဒေသနေ ကျောင်းသား၊ ကျောင်းသူများမှ ဆေးပညာသင်ကြားရန် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် ယခုအဆိုအား မှတ်တမ်းတင်သင့်ပါကြောင်းနှင့် နောင်ပြောင်းလဲတိုးတက်လာမည့် ပညာရေးစနစ်နှင့် လိုက်လျောညီထွေမှုရှိအောင် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦးက ယခုထက်ပို၍ ကောင်းမွန်သော စနစ်သစ်တစ်ရပ်ကို အများက လေးလေးနက်နက် စဉ်းစားအကြံပြုကြစေလိုပါကြောင်း၊ ပညာရေးအခွင့်အလမ်း မတူညီမှုကို ဖြေလျှော့သည့်အနေဖြင့် တက္ကသိုလ်ဝင်တန်းမှ တိုက်ရိုက်ရွေးချယ်မှုမဟုတ်သော ကြားခံ(၂)နှစ်သင်တန်း ဥပမာ-ယခင်ခေတ်က ကျင့်သုံးခဲ့သည့် ဥပစာ(က)(ခ) (သို့မဟုတ်) အလားတူစနစ်မျိုးကို တည်ထောင်သင့်/မသင့်နှင့် တက္ကသိုလ်ဝင်တန်းတွင် အမှတ်ကွာဟမှုကို ကောလိပ်(သို့မဟုတ်)တက္ကသိုလ်တွင်(၂)နှစ်သင်ယူခြင်းဖြင့် အားနည်းချက်များကို ပြုပြင်သွားနိုင်မည်ဟု ယူဆပါကြောင်း၊ ဆေးတက္ကသိုလ်အပါအဝင် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် ဝင်ခွင့်စာမေးပွဲဖြင့် ရွေးချယ်သင့်သည်ဟု ယူဆပါကြောင်း၊ ငွေကြေးမပြည့်စုံသူ ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေများ၊ ချေးငွေများဖြင့် နိုင်ငံတော်နှင့်ပုဂ္ဂလိကကဏ္ဍမှ ကူညီပံ့ပိုးပေးသင့်ပါကြောင်း၊ မတူညီသော အခြေအနေများတွင် ရှိနေကြသည့် ကျောင်းသား၊ ကျောင်းသူများအား မတူညီသောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

ယင်းအဆိုကို လွှတ်တော်၏ဆန္ဒရယူရာ ထောက်ခံမဲ(၁၈)မဲ၊ ကန့်ကွက်မဲ(၁၄၂)မဲ၊ ကြားနေမဲ(၂၂)ရှိပြီး ကန့်ကွက်ဆန္ဒမဲများသည့်အတွက် အဆိုအတည်မပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းအဆိုအပေါ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦးက "အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂျပန်စတဲ့ နိုင်ငံတွေမှာ ယေဘုယျအားဖြင့် အခြေခံပညာအထက်တန်း အောင်မြင်ပြီးပေမယ့် တက္ကသိုလ်တွေကို တိုက်ရိုက်ဝင်ခွင့်မရပါဘူး၊ အနည်းဆုံး ကောလိပ်(၂)နှစ်သင်တန်း တက်ရောက်အောင်မြင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် လက်ရှိကျင့်သုံးနေတဲ့ ဆေးတက္ကသိုလ်ဝင်ခွင့်စနစ်ကို အခုထက်ပိုပြီး အခွင့်အရေးမျှတမှု ရှိအောင် တစ်ဖက်ကဆောင်ရွက်ရမှာဖြစ်သလို လူတွေရဲ့ အသက်ကို စောင့်ရှောက်ကုသရတဲ့ ဆေးပညာအဆင့်အတန်း ကျမသွားအောင်လည်း ဆောင်ရွက်ဖို့လိုတယ်လို့ ထင်ပါတယ်"ဟု ပြောပြခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းက **ဘာသာ၊ သာသနာရေးနှင့်ပတ်သက်၍ မလိုလားအပ်သောကိစ္စရပ်များ မဖြစ်ပေါ်စေရန်၊ မလိုအပ်သောအပြုအမူအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိ** မေးမြန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဘာသာ၊ သာသနာဆိုင်ရာပြစ်မှုများဖောက်ဖျက်ကျူးလွန်ပါက အရေးယူဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ရာဇသတ်ကြီး အခန်း ၁၅ တွင် ဘာသာ၊ သာသနာဆိုင်ရာ ပြစ်မှုများအတွက် ပုဒ်မ ၂၉၅၊ ၂၉၅-က ၂၉၆၊ ၂၉၇ တို့၌ဖော်ပြပါရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဗုဒ္ဓဘာသာ သာသနာဝင်များဖြစ်သော ရဟန်း၊ သီလရှင်တို့၏ ဝိနည်းခမ္မကံမှုခင်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖွဲ့တို့၏ ဦးစီးဦးဆောင်မှုဖြင့် ဝိနည်းတော်နှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူ ခရစ်ယာန် ဘာသာရေးအဖွဲ့အစည်းကြီး(၄)ဖွဲ့မှ ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများ၏ မှုခင်းများကို လည်းကောင်း၊ အစ္စလာမ်ဘာသာရေးအဖွဲ့ အစည်းကြီး(၅)ဖွဲ့မှ အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းများ၏ မှုခင်းများကို လည်းကောင်း၊ ဟိန္ဒူဘာသာရေးအဖွဲ့အစည်းကြီး(၂)ဖွဲ့မှ ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများ၏ မှုခင်းများကိုလည်းကောင်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး ပြီးပြတ်ခြင်းမရှိပါက သာသနာရေးဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးပါကြောင်း၊ ထို့ပြင် တရားဥပဒေအရ ဆောင်ရွက်ရမည့်ကိစ္စများကို တည်ဆဲတရားဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် သီးသန့်ဥပဒေများ ပြဋ္ဌာန်းရန်မရှိကြောင်း ဖြေကြားခဲ့သည်။

အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်များ နေပြည်တော် လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဆောင်သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖွဲ့(၁၅)ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ပြည်သူ့ဆက်ဆံရေးဌာန သတင်းစာ၊ သတင်းထောက်သင်တန်းအမှတ်စဉ်(၁)မှ သင်တန်းမှူးဦးစီး၍ အုပ်ချုပ်သူနှင့် သင်တန်းသား(၆၆)ဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်(၁၁၂)ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကျင်းပနေပုံများကိုလေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနှင့် ဖိလစ်ပိုင်တို့ယှဉ်ပြိုင်နေစဉ်။

အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ဘဲ ရှုံးခဲ့ရသည့် မြန်မာ

ရန်ကုန် ဖေဖော်ဝါရီ ၆

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

AFC Challenge Cup ခြေစစ်ပွဲဝင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံး ခြေစမ်းပွဲအဖြစ် ယနေ့ညနေ ၅ နာရီတွင် ဖိလစ်ပိုင်လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသည်။

ဖိလစ်ပိုင်လက်ရွေးစင် - တစ်ဂိုး

(ပေါ်တီရီရာ)

မြန်မာ့လက်ရွေးစင် - ဂိုးမရှိ

AFC Challenge Cup ခြေစစ်ပွဲအကြို မြန်မာအသင်း၏ ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲမှာ အရှုံးဖြင့် စတင်ခဲ့ရသည်။ မြန်မာအသင်းမှာ ဖိလစ်ပိုင်အသင်းထက် စာလျှင် အပိုင်ဂိုးသွင်းခွင့်များစွာရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ခြင်းက ယခုပွဲ၏ အဖြေဖြစ်သွားခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်းမှာ ဘရစ္စတိုးလ်အသင်းတွင် ကစားနေသည့် ဂိုးသမား အီသာရိတ်အပါအဝင် လူငယ်အများစုကို အသုံးပြုခဲ့သောကြောင့် မြန်မာအသင်းကို ခြေအသာမရခဲ့ပေ။

သို့သော် ခံစစ်ပိုင်းအမှားအယွင်းမရှိ သလို ရရှိသည့်အခွင့်အရေးကိုလည်း ပိုင်နိုင်စွာအသုံးချ နိုင်ခဲ့၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်အတွက် အနိုင်ဂိုးကို ၇၈ မိနစ်တွင် ပေါ်တီရီရာက သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ ယခုပွဲတွင် ဂိုးရနိုင်သည့် အခွင့်အရေး ငါးကြိမ်ထက်မနည်း ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ပြည်တွင်းရေးရာ

စီးပွားရေးဆိုင်ရာမူဝါဒများ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား နေပြည်တော်၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရဌာနများနှင့် ဂျပန်နိုင်ငံ KEIDENREN (Japan Business Federation) တို့အကြား စီးပွားရေးဆိုင်ရာ မူဝါဒများ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပသည်။

ရှေးဦးစွာ KEIDENREN (Japan Business Federation) ဥက္ကဋ္ဌ Mr. Hiromasa YONEKURA က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုလေး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဒုတိယအင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ဦးနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းတို့က ဌာနဆိုင်ရာ မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းများနှင့်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးညဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်နှင့် ဦးဇေယျာအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ KEIDENREN (Japan Business Federation) မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ Japan Business Federation မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် ဆွေးနွေးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီဖော်ဆောင်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးကို အစွမ်းကုန်ဆောင်ရွက်လျက်ရှိပြီး သဘာဝသယံဇာတများလည်း ပေါကြွယ်ဝသောနိုင်ငံဖြစ်၍ ဂျပန်နိုင်ငံအစိုးရနှင့် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များက အဓိကစီးပွားဖက်နိုင်ငံအဖြစ် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန်၊ မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ၏ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနများ၏ ဌာနအလိုက် ရှင်းလင်းတင်ပြမှုများကို အခြေခံ၍ လုပ်ဆောင်သင့်သည့်ကဏ္ဍများနှင့် ကူညီဆောင်ရွက်ရမည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အောင်ပွဲနှဲစို့ တို့မြန်မာ

✻ တစ်ချောင်း နှစ်ချောင်း၊ သုံးလေးချောင်းမှ
တကွစုစည်း၊ ထင်းစည်းတစ်ခု
သိမှတ်ပြုကာ၊ ခိုင်မာပေါင်းထားစွမ်းအားစု။
✻ တစ်ယောက်နှစ်ယောက်၊သုံးလေးယောက်မှ
တကွတည်ထောင်၊ အိမ်ထောင်စုများ
ပေါင်းစုထားသည့်၊ တူညီကြောင်းပြု
မျိုးနွယ်စု။
✻ တစ်စုနှစ်စု၊ သုံးလေးစုမှ
တကွတူနေ၊ ရေမြေဆက်ကာ
စုစည်းလာသည်၊ တိုင်းပြည်နယ်ပြု
ပြည်ထောင်စု။
✻ တစ်ရွာနှစ်ရွာ၊ သုံးလေးရွာမှ
ရာထောင်ပြုမြို့၊ ငါတို့တည်ကာ
ပြည်နယ်တိုင်းများ၊ စုစည်းထားသည်
ငါတို့ပြည်။
✻ ကယား ကချင်၊ ကရင် မွန် ရှမ်း
ရောပြွမ်းရခိုင် ချင်း၊ သွေးရင်းဗမာ၊
ပေါင်းစုကာဖြင့်၊ မြန်မာတို့ပြည်
ဝပြောစည်ကား၊ ခေတ်မီဖွံ့ဖြိုး
တိုးတက်စေပြီး၊ စည်းကမ်းပြည့်ဝ
နှလုံးလှသည်၊ ဒီမိုကရေစီ
ခေတ်သစ်ဆီသို့၊ တူညီကြောင်းပြု
စွမ်းအားစုကာ၊ တို့မြန်မာများ
မဟာအောင်ပွဲနှဲကြစို့။ ။

ဖိုးရန်နိုင်
(ကျောက်ကြီး)

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိ...
ကျင်းပသော ၂၀၁၃ ခုနှစ် တပ်မတော်(ကြည်း၊ ရေ...

ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ...

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး...
ပြုပြင်မွမ်းမံပေးသော ပုဗ္ဗသီရိမြို့နယ် ကျည်တောင်က...
ကလေး စောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြို...
အနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခွဲတွင် အခ...
ခဲ့သည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေ...
အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့် ဗဟိုအလု...
များ၊ နေပြည်တော်ကောင်စီ မိခင်နှင့်ကလေး စောင့်...
အဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့် အဖွဲ့ဝင်များ၊ ပုဗ္ဗ...
ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝ...
ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ မိခင်နှင့်က...
အသင်း ဥက္ကဋ္ဌများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့...

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်က...
ရေးအသင်းဥက္ကဋ္ဌ နေပြည်တော်ကောင်စီ မိခင်နှင့်က...
ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ် မိခင်နှင့်ကလေ...
အသင်းဥက္ကဋ္ဌတို့က မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြ...
ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှော...
ဒေါက်တာမွန်မွန်အောင်က အဖွင့်အမှာစကားအဖြစ် ...

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်
၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၂ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး တတိယနေ့ကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌ ဒေါ်မြမြ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးရေးရာ နာယကများနှင့် ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာထွန်းက ရှေ့လုပ်ငန်းစဉ်များဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ် အောင်မြင်ရေးအတွက် ကျစ်လျစ်ခိုင်မာသည့် စွမ်းအားဖြင့် စည်းရုံးဆောင်ရွက်နိုင်ရန် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအား စွမ်းရည်မြှင့်တင်ရေးနှင့် ခေါင်းဆောင်မှုသင်တန်းများပေးရန်၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် အလေးထားဆောင်ရွက်ရန်၊ ကျေးလက်ဒေသနေ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်လျက်ရှိသော အသေးစားချေးငွေလုပ်ငန်းကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရပ်ကွက် ကျေးရွာအောက်ခြေ အခြေခံပြည်သူများအတွက် ဦးစားပေးတိုးမြှင့်ဆောင်ရွက်ရန်၊ ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာသင်ယူခွင့်ရရှိစေရေးနှင့် ဘက်စုံပညာရည်မြှင့်တင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ရန်၊ ပညာသင်ဆုနှင့် ပညာရေးအထောက်အကူပြုလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကူးစက်ရောဂါနှင့် ကူးစက်ခြင်းမရှိသော ရောဂါများ ကာကွယ်တိုက်ဖျက်ရာတွင် ပြည်သူလူထုအခြေပြု ကျန်းမာရေးလုပ်ငန်းများကို အမျိုးသမီးထုတစ်ရပ်လုံး၏ စွမ်းအားဖြင့် ပါဝင်ဆောင်ရွက်ရန်၊ လူမှုဆိုင်ရာ စောင့်ရှောက်မှုလိုအပ်သည့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် မိဘမဲ့ကလေးများအား စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန်၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ

တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် အကြမ်းဖက်ခံရသူများအတွက် လိုအပ်သည့် စောင့်ရှောက်မှုများကို ပံ့ပိုးကူညီဆောင်ရွက်ရန်၊ လူကုန်ကူးမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ၊ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ တို့တွင် အစိုးရဌာနများ၊ ပြည်တွင်း ပြည်ပလူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အမျိုးသမီးများ သိသင့်သိထိုက်သော အခွင့်အရေးနှင့် ဥပဒေများကိုသိရှိစေရန် ပညာပေးရေးနှင့် ဥပဒေရေးရာ အကူအညီပေးသည့် လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးတို့နှင့် ဆက်စပ်သည့်လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ရန်တို့ကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးက ဆုံးဖြတ်ချက်များဖြစ်သည့် ၂၀၁၂ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးတွင်ချမှတ်သော ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရဌာနများ ဦးတည်ချက်တူညီသော ပြည်တွင်းပြည်ပစေတနာ့ဝန်ထမ်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တက်ကြွစွာလှုပ်ရှားဆောင်ရွက်ရန်၊ ကျေးလက်ဒေသနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်လျက်ရှိသော အသေးစားချေးငွေလုပ်ငန်းများကို စနစ်တကျ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ အမျိုးသမီးများအား အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ပြုစုစောင့်ရှောက်ရေး၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေးနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် လူကုန်ကူးခြင်း ခံရသော အမျိုးသမီးများနှင့် အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ ပြည်သူလူထုအခြေပြုသည့် ပညာရေး အထောက်အကူပြုလုပ်ငန်း၊ ကျန်းမာရေးပညာပေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်စပ်သည့်လုပ်ငန်းများတွင် ပံ့ပိုးကူညီဆောင်ရွက်ရန်နှင့် လူမှုရေးဆိုင်ရာစောင့်ရှောက်မှုလိုအပ်သည့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် မိဘမဲ့ကလေးများအား ကူညီစောင့်ရှောက်ထောက်ပံ့မှုများ ဆောင်ရွက်ရန်တို့ကို ဖတ်ကြားတင်ပြရာ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ**(ဝဲပုံ)**က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံအကျိုးပြုလုပ်ငန်းများကိုပါ ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဖွဲ့ဝင်များသည် အရေအတွက်ရော အရည်အချင်းပါပြည့်စုံအောင် ဖြည့်ဆည်းရမည်ဖြစ်ပြီး အဖွဲ့ဝင်အချင်းချင်း စုပေါင်းတာဝန်ယူဆောင်ရွက်တတ်မှုရှိရန် လိုအပ်သည့်အပြင် လုပ်ငန်းသဘာဝခြင်းတူညီသည့် လူမှုရေးအဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတနှင့် လူထုအခြေပြုလူမှုအဖွဲ့အစည်းများ တွေ့ဆုံပွဲတွင် သမ္မတကြီးက ပြည်သူတို့၏ဆန္ဒဖြစ်သည့် တိုင်းပြည်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့နှင့်အတူ လူမှုအဖွဲ့အစည်းအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ မြန်မြန်ဆန်ဆန် အောင်မြင်နိုင်မည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည့်အတွက် မိမိတို့အဖွဲ့ဝင်အားလုံးကလည်း နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် ကျေးလက်ဒေသနေ အမျိုးသမီးများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ‘အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့’ ဆောင်ပုဒ်နှင့်အညီ ပိုမိုဦးစားပေးဆောင်ရွက်ပြီး ကျရာအခန်းကဏ္ဍမှ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရန် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်းဖြင့်ပြောကြားပြီး နှစ်ပတ်လည်အစည်းအဝေးကြီး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

❖ (၅၁)လမ်းမှ

ပြည်သူများကိုယ်တိုင် ရွေးချယ်တင်မြှောက်ခဲ့ကြသည့် မျက်မှောက်ကာလ ပြည်သူ့အစိုးရလက်ထက်တွင်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ “သက်တမ်းလွန်ပြည်သူ့အိမ်ရာများ ပြန်လည်စည်ပင်ရေးအစီအစဉ်” အရ ပြန်လည်စည်ပင်ရေးစီမံကိန်းတစ်ရပ် ဖော်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအစီအစဉ်ကို “အိမ်ရာအများစုသည် သက်တမ်းလွန်၍ ကြံ့ခိုင်မှုကျဆင်းနေခြင်း အိမ်ခန်းဖွဲ့စည်းမှုများသည် ကျဉ်းမြောင်းပြီး ခေတ်နှင့် မဆီလျော်ခြင်း၊ လူမှုရေးအခြေခံအဆောက်အအုံ ပြည့်စုံမှုမရှိခြင်းတို့ကြောင့် ပြန်လည်တည်ဆောက်ရန် လိုအပ်နေသည့် အခြေအနေရှိကြောင်း တွေ့ရှိချက်၊ မဟာရန်ကုန် တိုးတက်ဖွံ့ဖြိုးမှုစီမံကိန်း(Master Plan) အရ ၂၀၄၀ ခုနှစ်တွင် ရောက်ရှိလာနိုင်မည့် လူဦးရေ ၁၀ သန်းအတွက် မြို့ကို အထက်သို့ ချဲ့ထွင်ခြင်း (Vertical Expansion)ပုံစံအရ လက်ရှိ လူနေရပ်ကွက်များအား သိပ်သည်းမှုမြှင့်တင်ခြင်း (Densification) ကို မြို့ပြစီမံကိန်းပညာရှင်များ၏ အကြံပြုချက်၊ အိမ်ရာစခန်းများ တည်နေရာသည် လက်ရှိကာလတွင် လူနေထိုင်ရန် (Residential Use) သာမက

စီးပွားရေးသုံး (...
အတွက်ပါ ...
သည့် အနေအ...
တွင် တည်ရှိ...
နှင့် သက်တမ်း...
များ ပြန်...
(Public Pri...
PPP)အစီအစဉ်...
ရင်းနှီးမြှုပ်နှံမှု ...

မြ...
အိုးအိမ်ဖွံ့...
ညွှန်ကြားရေး...

ပြည်ထောင်စု...
တည်ဆောက်...
ဝန်ပိုးကို လျှော့...
လူထုအတွက် ...
လူမှုဘဝမြင့်မ...
ကျင်သစ်ကို ...
သုံးသပ်ချက်တို့...
အထည်ဖော်...
သိရှိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီခွဲက နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပသော ၂၀၁၃ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၂-၂၀၁၃ (ကြာသပတေးနေ့)

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၅၅ "ပြဒါးသေတစ်ဆွေ သံသေတစ်ပြည်ဝ"
- ၄း၂၀ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
- ၅း၀၀ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅း၂၅ အိန္ဒိယရုပ်ရှင်"ဖြူစင်မေတ္တာ" (အပိုင်း-၄၁)
- ၆း၂၀ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၈း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - "ဖွံ့ဖြိုးမှုစုံလင် ပဲခူးတိုင်းဒေသကြီးတစ်ခွင်၊ သာယာစည်ပင်မကွေးတိုင်း ဒေသကြီးတစ်ခွင်၊ တိုးတက်စည်ပင် မန္တလေးတိုင်းဒေသကြီးတစ်ခွင်"
  - "ဉာဏ်ရည်ချင်းပြိုင် ဘယ်သူနိုင်"
  - "တန်ဖိုးထားထိန်းသိမ်းစရာ အဏ္ဏဝါအမျိုးသားဥယျာဉ်" (အပိုင်း-၃)(လန်ပိကျွန်းဆီသို့)
- ၁၀း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၁၂၈)

ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ပြုပြင်မွမ်းမံပေးသော ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါကျေးရွာ၌ ဖွင့်လှစ်ခဲ့သည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့် အဖွဲ့ဝင်များ၊ ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ နေပြည်တော်ကောင်စီ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အဖွင့်အမှာစကားအဖြစ် မူကြိုကျောင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အဆိုပါ မူကြိုကျောင်းဖြစ်မြောက်ရေးအတွက် ကြီးမှူးဆောင်ရွက်ပေးသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟို အလုပ်အမှုဆောင်အဖွဲ့အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် မူကြို အရွယ်ကလေးများ၏ မိဘများ အသိပညာပေးအစီအစဉ်ကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် မူလတန်းကြိုကျောင်း၌ ကျင်းပသည်။ ထို့အပြင် အခြေခံမူလတန်းကျောင်းသား ကျောင်းသူများ စာမေးပွဲတွင် အသုံးပြုမည့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းကို ယင်းကျေးရွာအတွင်းရှိ အမက (၇၅) မူလွန်၊ မြို့မကျောင်း မူလွန်နှင့် အမက (၃) ချင်းရွာသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာအခြေခံပညာ တွဲဖက်အထက်တန်းကျောင်းနှင့် လယ်ဝေးမြို့နယ်အတွင်းရှိ အင်ပုကျေးရွာ အမက(၁၈) မူလွန်ကျောင်းများသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားတွင် မူလတန်းကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက အာဟာရကျွေးမွေးလှူဒါန်းစဉ်။ (သတင်းစဉ်)

❖ (၅၁)လမ်းမှ

ပြည်သူများကိုယ်တိုင် ရွေးချယ်တင်မြှောက်ခဲ့ကြသည့် မျက်မှောက်ကာလ ပြည်သူ့အစိုးရလက်ထက်တွင်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ "သက်တမ်းလွန် ပြည်သူ့အိမ်ရာများ ပြန်လည်စည်ပင်ရေးအစီအစဉ်" အရ ပြန်လည်စည်ပင်ရေးစီမံကိန်းတစ်ရပ် ဖော်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအစီအစဉ်ကို "အိမ်ရာအများစုသည် သက်တမ်းလွန်၍ ကြံ့ခိုင်မှုကျဆင်းနေခြင်း အိမ်ခန်းဖွဲ့စည်းမှုများသည် ကျဉ်းမြောင်းပြီး ခေတ်နှင့် မဆီလျော်ခြင်း၊ လူမှုရေး အခြေခံအဆောက်အအုံ ပြည့်စုံမှု မရှိခြင်းတို့ကြောင့် ပြန်လည်တည်ဆောက်ရန် လိုအပ်နေသည့် အခြေအနေရှိကြောင်း တွေ့ရှိချက်၊ မဟာရန်ကုန် တိုးတက်ဖွံ့ဖြိုးမှု စီမံကိန်း(Master Plan) အရ ၂၀၄၀ ခုနှစ်တွင် ရောက်ရှိလာနိုင်မည့် လူဦးရေ ၁၀ သန်းအတွက် မြို့ကို အထက်သို့ ချဲ့ထွင်ခြင်း (Vertical Expansion)ပုံစံအရ လက်ရှိ လူနေရပ်ကွက်များအား သိပ်သည်းမှုမြှင့်တင်ခြင်း (Densification) ကို မြို့ပြစီမံကိန်းပညာရှင်များ၏ အကြံပြုချက်၊ အိမ်ရာစခန်းများ တည်နေရာသည် လက်ရှိကာလတွင် လူနေထိုင်ရန် (Residential Use) သာမက စီးပွားရေးသုံး (Commercial Use) အတွက်ပါ ပြောင်းလဲအသုံးပြုနိုင်သည့် အနေအထား(Prime Land)တွင် တည်ရှိနေကြောင်း သုံးသပ်ချက်နှင့် သက်တမ်းလွန် ပြည်သူ့အိမ်ရာများ ပြန်လည်စည်ပင်ရေးကို (Public Private Partnership-PPP)အစီအစဉ်ဖြင့် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခြင်းဖြင့်

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်။

ပြည်ထောင်စုအစိုးရမှ ပြန်လည်တည်ဆောက်ပေးရမည့် ဝန်ထုပ်ဝန်ပိုးကို လျှော့ပါးစေပြီး နေထိုင်သူလူထုအတွက် သစ်လွင်ကျယ်ဝန်းပြီး လူမှုဘဝမြင့်မားစေမည့် ပတ်ဝန်းကျင်သစ်ကို ဖန်တီးပေးနိုင်မည့် သုံးသပ်ချက်တို့အရ စီစဉ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သက်တမ်းလွန် ပြည်သူ့အိမ်ရာများ ပြန်လည်စည်ပင်ရေး အစီအစဉ်တွင် (၅၁) လမ်းပြည်သူ့အိမ်ရာ ပြန်လည်စည်ပင်ရေးစီမံကိန်းတစ်ရပ်လည်း ပါဝင်သည်။

(၅၁)လမ်း ပြည်သူ့အိမ်ရာသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၅) ရပ်ကွက် လမ်း (၅၀) နှင့် (၅၁) လမ်းကြား၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြားတွင် တည်ရှိပြီး ၁၉၅၆ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ မြေအကျယ်အဝန်းအားဖြင့် ၂ ဒသမ ၄၈၆ ဧကရှိပြီး ရှစ်ခန်းတွဲ လေးထပ်တိုက်ခုနစ်လုံး၊ အိမ်ခန်း စုစုပေါင်း ၂၂၄ ခန်း ပါဝင်သည်။

ယခုအသစ်ပြန်လည်တည်ဆောက်မည့် အဆိုပြုစီမံကိန်းအရ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည့် မြို့ပြလမ်းညွှန်ချက် (Urban Guideline) များနှင့်အညီ အလင်းရောင်နှင့်လေဝင်လေထွက်ကောင်းစေရန် ခေတ်မီဒီဇိုင်းပုံစံဖြင့် ဆောက်လုပ်သွားရန် အဆိုပြုရေးဆွဲထားကြောင်း သိရသည်။

မူလအိမ်ခန်း အကျယ်အဝန်း ၄၁၆ စတုရန်းပေအစား ယခု ၆၀၀ စတုရန်းပေ၊ မူလအိမ်ခန်းအရေအတွက် ၂၂၄ ခန်းအစား ယခု ၃၇၈ ခန်းနှင့် မူလကမပါရှိခဲ့သော ယာဉ်စီးရေ ၂၈၂ စီးပါ ယာဉ်ရပ်နားရာကားပါကင်၊ ဓာတ်လှေကား ၁၀ စီး၊ Commercial USE အဖြစ် အခန်း ၁၀၀ ကျော်ပါ ဟိုတယ်နှစ်လုံး ပါဝင်ကြောင်းလည်း သိရသည်။

အဆိုပါ စီမံကိန်းနှင့်စပ်လျဉ်း၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က "ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ အစီအမံက ပြည်သူတွေအားလုံး သက်တမ်းလွန် ပြည်သူ့အိမ်ရာများ ပြန်လည်စည်ပင်ရေးအစီအစဉ်ကို လက်ခံလာပြီဆိုရင် ဒီလုပ်ငန်းကို စတင်ဆောင်ရွက်သွားပါမယ်" ဟု ပြောကြားသည်။

အဆိုပါစီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် "နေထိုင်သူပြည်သူလူထုနှင့် စီမံကိန်းအဆိုပြုသဘောထားပုံစံ (Conceptual Plan) အား ရှင်းလင်းဆွေးနွေးညှိနှိုင်းခြင်း၊ ရင်းနှီးတည်ဆောက်သူမှ စီမံကိန်းပုံစံနှင့် စီမံကိန်းအစီအစဉ်အား ပြုစုရေးဆွဲတင်ပြခြင်း၊ ဝန်ကြီးဌာနမှ စီမံကိန်းအား ဘက်စုံအကဲဖြတ်၍ အတည်ပြုခြင်း၊ နေထိုင်သူပြည်သူလူထုအား ယာယီနေရာထိုင်ခင်းစီစဉ် ပြောင်းရွှေ့ပေးခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် ကြပ်မတ်ခြင်း၊ ပြည်သူလူထုအား ပြန်လည်နေရာချထားခြင်း" တို့ကို သတ်မှတ်ထား၏။

ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်။

ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က "လုပ်ငန်းစဉ်အရ တာဝန်ရှိသူများကိုယ်တိုင် (၅၁)လမ်း ပြည်သူ့အိမ်ရာ နေထိုင်သူ ပြည်သူလူထုနဲ့ သုံးကြိမ်တိုင်တိုင် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အိမ်ထောင်စု ၂၂၄ စုအနက် အိမ်ထောင်စု ခြောက်စုကတော့ ကိုယ်ရေးကိုယ်တာ စီးပွားရေးလုပ်ငန်းအရ သဘောမတူကြောင်း ကြားသိရပါတယ်။ ပြည်သူတွေ လက်ခံရင် ဒီအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိတယ်ပေါ့။ အများစုရဲ့ဆန္ဒကို ဦးစားပေးထည့်သွင်းစဉ်းစားသွားပါမယ်"ဟု ပြောကြားသည်။

ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်က "ပြည်သူတွေကို ဒီ Plan ချပြလို့ လက်ခံရင် ဆောင်ရွက်သွားပါမယ်။ ဒီစီမံကိန်းကို ကာလအားဖြင့် နှစ်နှစ်ခွဲ သတ်မှတ်ထားပြီး ၂၀၁၅ ခုနှစ် မကုန်မီပြီးစီးအောင် လျာထားပါတယ်။ စီမံကိန်းကာလအတွင်းမှာ နေထိုင်ရေးကိုလည်း ယာယီစီစဉ်ပေးသွားပါမယ်။ ဒီအိမ်ရာတွေဟာ သက်တမ်းအားဖြင့် နှစ် (၆၀) ရှိလာပြီဖြစ်တဲ့အတွက် လက်ရှိနေထိုင်သူများ ခေတ်စနစ်နဲ့အညီ နေထိုင်မှုအဆင့်အတန်းကို မြှင့်တင်ပေးလိုတဲ့ ရည်ရွယ်ချက်က အဓိကပါဝင်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၇-၂-၂၀၁၃ (ကြာသပတေးနေ့)

- ၅း၀၀ "ကံလေးမျိုး" တရားတော် (ဆရာတော် ဦးဃောသိတ)
- ၈း၅၀ ကလေးတို့အတွက် လမ်းညွှန် (MR MEN UTTLEMISS)
- ၉း၄၀ ဂီတသရုပ်ပြခန်း (ခိုင်ချမ်း)
- ၁၁း၀၀ ဟင်းချက်ရအောင်
- ၆း၁၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း-၉၄)
- ၉း၃၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၁၃)
- ၁၀း၅၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာမှန်လျှင်" (အပိုင်း-၁၇)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆ - ၂ - ၂၀၁၃

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၅၉. ၀၀၀	၀. ၀၀၁၁၆
ထိုင်း (ဘတ်)	၂၉. ၇၇၉၄	၀. ၀၃၃၅၆
တရုတ် (ယွမ်)	၆. ၂၃၄၄၂	၀. ၁၆၀၄၀
အိန္ဒိယ(ရူပီး)	၅၃. ၀၅၈၁	၀. ၀၁၈၈၅
မလေးရှား (ရင်းဂစ်)	၃. ၀၉၇၁၂	၀. ၃၂၂၈၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၇၆၅	၀. ၈၀၇၉၉
ဂျပန် (ယန်း)	၉၃. ၇၁၂၂	၀. ၀၁၀၆၇
တောင်ကိုရီးယား(ဝမ်)	၁၀၈၈. ၇၃	၀. ၀၀၀၉၂
ယူရို	၀. ၇၃၈၆၀	၁. ၃၅၃၉၁
ဗြိတိသျှ (ပေါင်)	၀. ၆၃၉၄၂	၁. ၅၆၃၉၁

ပြည်တွင်းရေးရာ

တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၆

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်ချင်း ဆက်လမ်းပေါ်ရှိ ရေကျော်ကွန်ကရစ်တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါ တံတားဗဟိုမဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက တံတားကြီးအဆင့်ဝင် ရေကျော်ကွန်ကရစ်တံတားကို တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ ပြည်သူလူထုများ၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး၊ လူမှုစီးပွားဘဝ မြင့်တင်ရေးကို အထောက်အကူပြုစေရေးတို့အတွက် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရေကျော်ကွန်ကရစ်တံတားကို ဖွင့်လှစ်ခြင်းဖြစ်ပြီး တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန တာဝန်ရှိသူများသာမက ဒေသခံပြည်သူများမှလည်း ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းကြရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူတို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ရေကျော်တံတားသည် သံကူကွန်ကရစ် ကြမ်းခင်းတံတားဖြစ်ကာ အရှည်ပေ ၂၄၀၊ အကျယ် ပေ ၂၀၊ ယာဉ်သွားလမ်း ၁၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၂ ပေနှင့် အကျယ် ၃၁ ပေ၊ တံတားခံနိုင်ဝန် တန် ၄၀၊ ခွင့်ပြုယာဉ်အလေးချိန် တန် ၂၀ရှိပြီး ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေကျပ် သန်း ၄၀၀ ဖြင့် တည်ဆောက်ခဲ့ကြောင်းနှင့် တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ ကျေးရွာ ၄၄ ရွာမှ လူဦးရေ လေးသောင်းသုံးထောင်ကျော်၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အကျိုးပြုမည်ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကော့မှူးမြို့နယ် ဆူးကလပ်ရေကျော်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း အထက်တန်းကျောင်းခွဲအဆင့် တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့နှင့်အတူ အခြေခံပညာ အထက်တန်းကျောင်းခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော ပညာရေးရန်ပုံငွေကျပ် ၁၀ သိန်းနှင့် ကျောင်းသုံးစာရေးကိရိယာများ၊ တီဗွီ၊ ကွန်ပျူတာနှင့် ပရင်တာ ကျောင်းသုံးမီဒီယာပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း သုံးမြို့နယ်ဆက်လမ်း ဖောက်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရင်ပြည်နယ်ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ ဖျော်ဖြေ

နေပြည်တော် ဖေဖော်ဝါရီ ၆

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်မည့် ကရင်ပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဖျော်ဖြေပွဲကို ဇန်နဝါရီ ၃၀ ရက်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့က ပြည်ထောင်စုနေ့တွင် တင်ဆက်မည့် ကရင်ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

သမဝါယမငွေစုငွေချေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက ဝန်ကြီးဌာန၏ ဦးတည်ချက်နှင့်လုပ်ငန်းစဉ်တို့ကို ရှင်းလင်းပြောကြားသည်။

မြို့မအနေးယာဉ်ဆိုက်ကားလုပ်သားများ လက်လုပ်လက်စား ငွေစုငွေချေး သမဝါယမအသင်းလီမိတက်နှင့် ပြည့်အားမာန် လက်လုပ်လက်စားငွေစုငွေချေး သမဝါယမအသင်းလီမိတက်တို့၏ ရင်းနှီးငွေထုတ်ပေးပွဲကို ဘားအံမြို့ ရွှေယဉ်မျှော်ပြည်တော်ဇေစေတီရင်ပြင်(ဓမ္မာရုံ)၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သမဝါယမအသင်းသားများအား ရင်းနှီးငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၆

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေး ဦးစီးဌာန (ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ လာရောက်လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် Myanmar Power Summit ၏ ကိုယ်စား Centre For Management Technology (CMI) မှ အမေရိကန်ဒေါ်လာ ၃၀၀၀ အား လာရောက်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခေတ်ဝန်ကိုထမ်းခဲ့တယ်

ပွင့်လင်းရာသီကို ရောက်လာပြီဆိုရင်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သမိုင်းဝင်အဆောက်အအုံတွေ၊ အထင်ကရအထိမ်းအမှတ်တွေ၊ နံရံသစ်ပင်တွေကို ဆေးသုတ်/ထုံးသုတ်ခြင်းတို့ဖြင့် မြို့တော်ကြီး သန့်ရှင်းသာယာ အမြင်တင့်တယ်လာစေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံနှင့် လွတ်လပ်ရေးကျောက်တိုင်ကြီးကိုလည်း ပြည်သူလူထုစိတ်ချမ်းမြေ့စွာ နားနေနိုင်ရန်နှင့် လွတ်လပ်ရေးကိုလည်း တန်ဖိုးထားတတ်စေရန် လွတ်လပ်ရေးကျောက်တိုင်ကြီးကို 'ငြိမ်း'တွေဆင်ပြီး အဆင့်မြှင့်ခြယ်မှုန်းမှုလုပ်ငန်းတွေ လုပ်ကိုင်နေတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ **(ယာပုံ)**

တိုင်းပြည်နှင့် လူမျိုးအားလုံးရဲ့ လွတ်လပ်ရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေးတွေကို သိသာပေါ်လွင်လာအောင် ပြည်သူအပေါင်းကို မီးမောင်းထိုးပြနေတဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီးရဲ့ မြင်ကွင်း ရှုကွင်း တင့်တယ်မှုဟာ မျက်စိကြည်လင်ခြင်းကို ဖြစ်ပေါ်လာစေသလို စိတ်အာရုံကိုလည်း ထင်ဟပ်စေနိုင်ပါတယ်။

ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသည်များရဲ့ ရန်ကုန်မြို့တွင်း အလည်အပတ်ခရီးစဉ်တွေထဲမှာ လွတ်လပ်ရေးကျောက်တိုင်ကြီးကိုပါ ရေးဆွဲလာကြပါပြီ။ သို့အတွက်ကြောင့် ကျောက်တိုင်ကြီးနဲ့ မြန်မာမှုလက်ရာ 'ငြိမ်း'အလှတို့ဟာဖြင့် ရင်သပ်ရှုမောဖွယ် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်မှုဖြစ်စေခဲ့ပါတယ်။

မဟာဗန္ဓုလပန်းခြံထဲရှိ လွတ်လပ်ရေးကျောက်တိုင်ကြီးကတော့ သစ္စာတရားနှင့် သမိုင်းပေးစွမ်းဆောင်ချက်များကို ထင်ရှားအောင် ကမ္ဘာကသိအောင် ပြနိုင်ခဲ့လေပြီ။ **(၇၀၁)**

ပြည်တွင်းကုန်စည်ဈေးနှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၆

ယခုအပတ်အတွင်း ပြည်တွင်းစားအုန်းဆီဈေးနှုန်း ဆက်လက်တက်နေရာ ဖေဖော်ဝါရီ ၅ ရက်တွင် လက်ကား တစ်ပိဿာ ၁၄၂၅ ကျပ် ဖြစ်လာကြောင်း၊ စားအုန်းဆီ ပြည်ပမလေးရှားဈေးနှုန်းမှာ ဖေဖော်ဝါရီ ၄ ရက်တွင် FOB တစ်တန်လျှင် ၈၆၅ ဒေါ်လာ၊ ပြည်တွင်းငွေလဲနှုန်း ၈၅၈ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၄၄၉ ကျပ်သို့မြင့်တက်လာကြောင်း ဆီဈေးကွက်မှ သိရသည်။

ယခင်နှစ် ဖေဖော်ဝါရီ ၃ ရက်တွင် စားအုန်းဆီ ပြည်ပမလေးရှား FOB တစ်တန်လျှင် ၁၀၉၀ ဒေါ်လာနှုန်း၊ ပြည်တွင်းငွေလဲနှုန်း ၈၄၉ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ ဈေးနှုန်း ၁၆၈၂ ကျပ်ရှိပြီး ပြည်တွင်းလက်ကားဈေးနှုန်းမှာ ၂၀၁၂ ဖေဖော်ဝါရီ ၄ ရက်တွင် ယုဇနကန်ဆီတစ်ပိဿာ ၁၇၁၈ ကျပ်နှုန်း၊ CP8 အမျိုးအစားကန်ဆီတစ်ပိဿာ ငွေကျပ် ၁၇၃၀ နှုန်းဖြစ်ခဲ့သဖြင့် ယခုနှစ်ဖေဖော်ဝါရီလဆန်း စားအုန်းဆီဈေးနှုန်းများသည် ယခင်နှစ်ကာလတူထက် ပြည်ပဈေးနှင့်ပြည်တွင်းဈေးများ များစွာသက်သာမှုရှိသည်ဟု ဆီအဝယ်တော်များကဆိုသည်။

မတ်လအတွက် ပြည်တွင်းကြိုရောင်းသော စားအုန်းဆီဈေးနှုန်းမှာ တစ်ပိဿာ ငွေကျပ် ၁၄၂၀ သာရှိသဖြင့် ပြည်ပဈေးနှုန်း ထူးခြားစွာပြောင်းလဲမှုမရှိလျှင် ပြည်တွင်းစားအုန်းဆီဈေးနှုန်း သိသာစွာ မမြင့်တက်နိုင်ဟု ဆိုသည်။ မြေပဲဆီမှာမူ တစ်ပိဿာ ငွေကျပ် ၃၉၀၀ ဖြင့် လက်ကားရောင်းချသော်လည်း ကိုယ်ပိုင်တံဆိပ်ဖြင့် ရောင်းချသော မြေပဲဆီဘူးများမှာ တစ်ပိဿာ ငွေကျပ် ၄၀၀၀ အထက်နှုန်းဖြင့် ရောင်းချကြောင်း သိရသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် ပြည်တွင်းစားအုန်းဆီ လက်ကားဈေးနှုန်း တစ်ပိဿာလျှင် ၁၂၇၅ ကျပ်ထိ ကျဆင်းခဲ့ကြောင်း သိရသည်။ **(မောင်စေအောင်)**

Mercury TRAINING CENTRE
Workshop Skills Training
ရေကြောင်းအင်ဂျင်နီယာသင်တန်းများ
Workshop Skills သင်တန်းအပတ်စဉ်(၂)အတွက် သင်တန်းသားခေါ်ယူခြင်း
B.E, B.Tech, A.G.T.I, E.G.T.I အောင်မြင်ပြီးသူများနှင့် Sea Services (၂)နှစ်ရှိပြီးသူများ တက်ရောက်နိုင်ပါသည်။ သင်တန်းသားများအတွက် Helmet, Boiler Suit, Safety Shoe နှင့် Insurance ထားပေးပါမည်။
Chief Engineer ... Facilities ... DMA နှင့် IMO မှ သတ်မှတ်ထားသော Standard နှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော သင်တန်းကျောင်းဖြစ်ပါသည်။
ရန်ကုန်မြို့ (မဟာဗန္ဓုလတံတားအနီး)
09-421165656, 09-5175960, 09-5015620, 01-294420, 201464, 09-8639123

ပြည်သူ့ခေတ်
အတွဲ ၃၊ အမှတ် ၁၃၂
စင်မြင့်ထက်မှနေ၍ ပြည်သူကို ပြောသော စကားများ
- စစ်ဟိန်းသံ တချို့ကြောင့် ရပ်တာမမ တုရားတာမိ
- အာတနည် ဗီမာန်မှာ နိုင်ငံခြား အထိမ်းအမှတ် တစ်ခုခု မဆောက်သင့်
- လွှတ်တော် ကိုယ်စားလှယ်က ပြည်သူ့အတွက် ဘာတွေ လုပ်ပေးနိုင်သလဲ
- အခြေခံဥပဒေ ပြင်ရန် ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ် ဆောင်ရွက်မည်
- ပြည်သူ့ဘက်က ရပ်တည်တဲ့ နိုင်ငံရေးသမားတွေ လိုအပ်နေ
- နှစ်နာသူတွေအတွက် ပေးလျော်ဖို့ လိုပြီ
- ရန်ကုန်မြို့က ကားတွေအကြောင်း
ထွက်ပြီ

ရာဇာမင်းစရီးသည်သယ်ယူပို့ဆောင်ရေး
ကလေး – မုံရွာ – နေပြည်တော် – ရန်ကုန်
ခရီးစဉ်သစ်ကို ရန်ကုန်မြို့မှ ၃-၂-၂၀၁၃ နေ့မှစ၍ နေ့စဉ် ညနေ (၅း၀၀)နာရီတိတိတွင် အောင်မင်္ဂလာကားဂိတ်၊ အမှတ်-က-၉၊ က-၁၀ မှ ၄င်း၊
ကလေးမြို့တပ်ဦးသီတာရပ်၊ နယ်မြေ (၁၀)၊ ဗေဒါလမ်း၊ ကားကြီးကွင်းမှ ၃-၂-၂၀၁၃မှစ၍ နေ့စဉ် မွန်းတည့်(၁၂း၀၀)နာရီတိတိတွင် ၄င်း၊
ကလေး - မုံရွာ - နေပြည်တော် - ရန်ကုန် ခရီးစဉ်သစ်ကို ခေတ်မီ Air-con လေအေးပေးကားကြီးများဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း မိတ်ဟောင်း မိတ်သစ်များအား ကြိုတင် အသိပေးအပ်ပါသည်။
ကလေး – ရန်ကုန် ခရီးစဉ် ယာဉ်စီးခနှုန်း – ၂၅၀၀၀ ကျပ်
မုံရွာ – ရန်ကုန် ခရီးစဉ် ယာဉ်စီးခနှုန်း – ၁၀၀၀၀ ကျပ်
မုံရွာ – နေပြည်တော် ခရီးစဉ် ယာဉ်စီးခနှုန်း – ၆၀၀၀ ကျပ်
ပင်ရင်းဂိတ်များ နှင့် ဂိတ်ခွဲများအားလုံးတွင် ယခုသတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူအားပေးနိုင်ပါသည်။
မှတ်ချက်
အထက်ပါခရီးစဉ်သစ်ကို ရန်ကုန်မြို့၊ အမှတ်-၈၇၀၊ ရတနာလမ်း ဆ/ခရပ်ကွက်သုဿန်ကျွန်း (တောင်ဥက္ကလာပ) မှ နေ့စဉ် ညနေ (၄း၀၀)နာရီတိတိတွင် ထွက်ခွာပါမည်
ကျေးဇူးတင်စွာဖြင့်
ရာဇာမင်းစရီးသည် သယ်ယူပို့ဆောင်ရေး

စဦးတီထွင်မွန်မြတ်သူတို့ရဲ့ ကြွပ်ကြွပ်အိတ်ကောက်ပွဲ

ဦးကျော်ဇော
(လှသိပ္ပံ၊ ရွှေဘို)

သူတို့တစ်တွေက ပျက်စီးလွယ်တဲ့ ပလတ်စတစ်လက်အိတ်တွေကို ကိုယ်စီစွပ်ပြီး မြင်မြင်သမျှ တွေ့သမျှ ကြွပ်ကြွပ်အိတ်တွေနဲ့ ပလတ်စတစ်အမှိုက်တွေကို လိုက်ကောက်နေကြတာ ဧရာဝတီမြစ်ကမ်းနံဘေး မြို့ပေါ် ရပ်ကွက်တွေထဲနဲ့ ဈေးထဲပါမကျန် လိုက်ကောက်ကြတယ်။ အဲဒီလို ကောက်ရင်းက ကြွပ်ကြွပ်အိတ်ရဲ့ ဆိုးကျိုးတွေကို ရေးထားတဲ့ လက်ကမ်းကြော်ငြာလေးတွေကိုလည်း ဖြန့်ဝေကြသေးတယ်။ မြင်ကွင်းကတော့ အင်မတန်မှ မင်္ဂလာရှိပါတယ်။ အနှစ်နှစ် အလလက ဖြေရှင်းဖို့ အခက်အခဲတွေ ဖြစ်နေတဲ့ ကြွပ်ကြွပ်အိတ်ပြဿနာဟာ ဒီအဖွဲ့နဲ့ တွေ့မှပဲ နိဂုံးချုပ်ရမယ့်အခြေအနေကို ရောက်သွားပါပြီ။ အဖွဲ့အင်အားကလည်း မနည်းလှဘူး။ ပြီးတော့ပညာတတ်လူငယ်တွေ၊ မိန်းကလေး ယောကျ်ားလေးပေါင်း သုံးရာလောက်ရှိတယ်။

ရည်မှန်းဒေသကတော့ ရွှေဘိုမြို့ရဲ့ အရှေ့ ၁၇မိုင်အကွာမှာရှိတဲ့ ကျောက်မြောင်းမြို့နယ်ခွဲမှာပါ။ ကျောက်မြောင်းက ပြီးခဲ့တဲ့ ၂၀၁၂ နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်သွားခဲ့တဲ့ ငလျင်ကြောင့် နာမည်ကြီးပါတယ်။ ဆောက်လုပ်ဆဲ ရတနာသိင်္ဃတံတားကြီးကလည်း ကျောက်မြောင်းမြို့ကို ပိုပြီး ပနံရ စေပါတယ်။ လှုပ်ခတ်သွားခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ပြိုကျသွားခဲ့တဲ့ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းက အစပြုခဲ့တဲ့ တံတားကြီးအစားမြစ်ရဲ့ အရှေ့ဘက်ကမ်းက ပြန်လည်စတင်ပြီး တည်ဆောက်နေပါတယ်။ တစ်ဖက်ကဖြုတ်ရင်း တစ်ဖက်က တပ်ရင်းနဲ့ သဘာဝကို အန်တုပြီး ပြန်ပြုပြင်နေကြတဲ့ မြန်မာအင်ဂျင်နီယာများရဲ့ စွမ်းပကားကို မျက်ဝါးထင်ထင် တွေ့ရပါတယ်။ အခုဆိုရင် နဂိုအခြေအနေလောက်ကိုပြန်ရောက်နေပါပြီ။ ညတိုင်း မီးရောင်စုံတဝင်းဝင်းနဲ့ တံတားကြီးရဲ့ ရှုခင်းကိုကြည့်ရတာ ကြည်နူးပီတိ ဖြစ်စရာပါပဲ။ အတိတ်ကာလတွေတစ်လျှောက်လုံး ဧရာဝတီမြစ်ကြီးခြားနေလို့ အရှေ့ဘက်၊ အနောက်ဘက် ဆက်သွယ်သွားလာရတာ အင်မတန်ခက်ပါတယ်။ ဟိုရှေးကာလ စာရေးသူတို့ ကလေးဘဝတုန်းကဆိုရင် ဧရာဝတီမြစ်ကြီးရဲ့ အရှေ့ဘက်မှာရှိနေတဲ့ ရတနာမြေ မိုးကုတ်မြို့ဟာ ရွှေဘိုခရိုင်ထဲမှာ ပါပါတယ်။ နောက်ပိုင်းမှာတော့ သွားလာဆက်သွယ်ရေး အဆင်မပြေတာနဲ့ မန္တလေးတိုင်းဒေသကြီးထဲကို ပြောင်းထည့်လိုက်ရပါတယ်။ မကြာခင်မှာတော့ ဥဒဟိုသွားလာနိုင်တော့မှာပါ။ ကျောက်မြောင်းမြို့နယ်ခွဲဟာလည်း ရေမြင့်လို့ ကြာတင့်ပြီး ဝေစည်လာတော့မှာပါ။ အဲဒီလိုအချိန်မျိုးကို ရောက်ဖို့မကြာတော့ပါဘူး။ အဲဒါကြောင့် မြို့ရဲ့ အင်္ဂါရပ်နဲ့လည်းညီစေ၊ သန့်ရှင်းသာယာလှပတဲ့ မြို့တစ်မြို့လည်း ဖြစ်စေဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အခုကို ပလတ်စတစ် အမှိုက်တွေကို ရှင်းလင်းနေတာပါ။

နောက်တစ်ခုကလည်း ဒီပလတ်စတစ် အမှိုက်တွေရဲ့ ဆိုးကျိုးတွေကို ပြည်သူတွေသိအောင် ပညာပေးလှုံ့ဆော်တဲ့သဘောလည်း ပါပါတယ်ဆိုပြီး Wcom computer မှ ဦးဆောင်သူ လူငယ်နှစ်ဦးဖြစ်တဲ့ ဦးဝဏ္ဏထွန်းနဲ့ ဦးကျော်ကိုကိုတို့က ပြောပါတယ်။

ဒီအစီအစဉ်ကိုတော့ ကျောက်မြောင်းမြို့နယ်ခွဲက ရွှေအိုးစာကြည့်တိုက်အမှုဆောင်အဖွဲ့နဲ့ အသင်းသားများနဲ့ ပူးပေါင်းပြီးဆောင်ရွက်တာလို့ သိရပါတယ်။ ပလတ်စတစ်ကောက်ပွဲ မကျင်းပမီ တစ်ရက်ကြိုတင်ပြီး ဖေဖော်ဝါရီ ၄ ရက်က ရွှေအိုးစာကြည့်တိုက် တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အောင်မြေသီရိခန်းမမှာ စာပေဟောပြောပွဲ ကျင်းပခဲ့ပါတယ်။ စာရေးသူအပါအဝင် ရွှေဘိုခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘလွင်ဦး၊ ဦးဝဏ္ဏထွန်း၊ ဦးကျော်ကိုကို၊ ဒေါက်တာတင်ဝင်း၊ စာရေးဆရာ အောင်ဖုန်းညိုတို့က သက်ဆိုင်ရာ ခေါင်းစဉ်အသီးသီးနဲ့ ဟောပြောခဲ့ကြပါတယ်။ တက်ရောက်လာကြတဲ့ ပရိသတ်ကလည်း ခန်းမနဲ့အပြည့်ပါပဲ။

ဖေဖော်ဝါရီ ၅ ရက် နံနက် ၆ နာရီကစပြီး ကြွပ်ကြွပ်အိတ်တွေ၊ ပလတ်စတစ်အိတ်တွေ ကောက်ကြတာ ညနေ ၅ နာရီထိပါပဲ။ Wcom computer center ရွှေဘိုနဲ့ မုံရွာ အသင်းဝင်တွေက မုံရွာကနေ ကျောက်မြောင်းအထိ မှန်လုံကားတွေနဲ့လာပြီး ကျောက်မြောင်းမှာရှိတဲ့ ရွှေအိုးစာကြည့်တိုက်အသင်းဝင်တွေနဲ့ ပူးပေါင်းပြီး ကြွပ်ကြွပ်အိတ်ကောက်ပွဲကြီး လုပ်ကြတာပါ။

ကျောက်မြောင်းမြို့ပေါ်က ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းနဲ့ ပြည်သူတွေကလည်း ပူးပေါင်းကူညီကြပါတယ်။ ပြည်သူတွေက သူတို့ရဲ့ ကိုယ်ပိုင်ကားကြီးတွေနဲ့ အမှိုက်ပစ်ဖို့အတွက် လာရောက်ကူညီကြသလို အာဏာပိုင်အဖွဲ့အစည်းကလည်း အမှိုက်ပစ်ဖို့အတွက် နေရာသတ်မှတ်ပေးပါတယ်။ ဒီနေရာမှာ တစ်ခုဆင်ခြင်မိပါတယ်။ အခုကိုပဲ မြန်မာပြည်တစ်ဝန်းမှာ အစိုးရနဲ့ ပြည်သူ မြဲကြည်ဖြူပြီး ပါဝင်လက်တွဲလာတာဟာ ပွင့်လင်းမြင်သာခြင်းရဲ့ အသီးအပွင့်လို့ဆိုရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် အတုယူစရာ၊ လေးစားစရာဖြစ်တဲ့အတွက် ဂုဏ်ပြုရေးသားလိုက်ရခြင်း ဖြစ်ပါတယ်။ ။

အရှင်ပဏ္ဍိတာဘိက္ခု PAN DI TABHIK KHU၏ နိုင်ငံကူးလက်မှတ် M-၇၁၉၇၂၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ပါသည်။
ဖုန်း-၀၉ ၇၃၁၉၃၃၃၁
ခမ္မစကူးလ်(ဘိုကလေးမြို့)

မိုးမြင့်ကြယ် 095093704 01-376428
မန်းရွှေစက်တော်ပွင့်ပွဲ Feb14
30000 / 40000

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး
အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စိုက်ပျိုးရေးစခန်းများရှိ အကျဉ်းသားများ အချုပ်သားများနှင့် လုပ်အားရှင်များ စားသုံးရန်အတွက် လိုအပ်သောရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန်အတွက် ဈေးနှုန်းတင်သွင်းလွှာများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ပိတ်တင်ဒါဖွင့်မည့်ရက်မှာ ၁၄-၂-၂၀၁၃ ရက် နံနက် ၉ နာရီဖြစ်ပါသည်။

၃။ အိတ်ပိတ်တင်ဒါပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံများအားတစ်စုံလျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့် ၇-၂-၂၀၁၃ ရက်မှ ၁၃-၂-၂၀၁၃ ရက်အထိ နံနက် ၉း၀၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ပုသိမ်မြို့နှင့် အကျဉ်းဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး ပုသိမ်မြို့များ၌ တင်သွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန တယ်လီဖုန်းအမှတ်-၀၄၂-၂၄၂၈၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော အနီအောက်ရောင်ခြည်သုံးစက်(FTIR) (၁)စုံကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန်ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရက်မှာ ၁၅-၂-၂၀၁၃ ရက် နံနက် ၁၀ နာရီဖြစ်ပါသည်။

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ၇-၂-၂၀၁၃ ရက်မှ ၁၄-၂-၂၀၁၃ ရက်ထိ ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ ရုံးအမှတ်(၄၅) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

တောင်ကြီးမြို့ ကုန်ခြောက် သား၊ ငါး ဈေးအဆင့်မြင့်ဈေးတည်ဆောက်ခြင်းလုပ်ငန်း
တင်ဒါခေါ်ယူမှုအား သတ်မှတ်ရက်တိုးမြှင့်ခြင်း

တောင်ကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကုန်ခြောက် သား၊ ငါးဈေးတည်ဆောက်ခြင်း လုပ်ငန်းအတွက် ၁၀-၁-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာတွင်ပါရှိသော တောင်ကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အဆိုပြုတင်ဒါခေါ်ယူခြင်း၊ ကြော်ငြာစာပိုဒ်(ဂ)တွင် ၁၁-၂-၂၀၁၃ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည့်ရက်အား ၂၈-၂-၂၀၁၃ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရန် ရက်တိုးမြှင့်သတ်မှတ်လိုက်ပါသည်။

ကုန်ခြောက် သား၊ ငါးဈေးအဆင့်မြင့်ဈေးတည်ဆောက်ရေးကြီးကြပ်မှုကော်မတီ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တောင်ကြီးမြို့
ဖုန်း-၀၈၁-၂၁၂၂၇၄၁၊ ၂၁၂၂၁၂၀

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	ယာဉ်အပိုပစ္စည်း	(၁၆) မျိုး
(ခ)	လက်သုံးကိရိယာ	(၃) မျိုး
(ဂ)	ဘက်ထရီ	(၁) မျိုး (အရေအတွက် ၃၀ လုံး)
(ဃ)	တာယာဆိုဒ်မျိုးစုံ	(၉) မျိုး (အရေအတွက် ၂၄၅ လုံး)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၂-၂၀၁၃ ရက်မှ ၁၈-၂-၂၀၁၃ ရက်ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါဌာနများတွင် တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းတစ်စောင်လျှင် (၅၀၀၀ ကျပ်)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်-

(က) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

(ခ) စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရိပ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၃။ အိတ်ဖွင့်တင်ဒါများကို ၁၉-၂-၂၀၁၃ ရက် ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း ရုံးအမှတ်(၃၂)၊ နေပြည်တော်ရှိ ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ၏ ရှေ့မှောက်၌ (တင်ဒါအောင်မြင်သည့်အခါ စာချုပ်ချုပ်ဆိုနိုင်မည့်သူ)ကိုယ်တိုင် လာရောက်ပေးသွင်းရမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်နှင့်လိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ဖုန်း-၀၆၇-၄၀၆၀၆၇၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

(ခ) ဖုန်း-၀၁-၆၅၁၀၃၉၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရိပ်လမ်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့

ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုမည့် လုပ်ငန်းသုံး ပုံစံ(၆)မျိုးအား ပုံနှိပ်လိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသူများသည် ၁၄-၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၈)နေပြည်တော်သို့လိပ်မူလျက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပုံစံ(၆)မျိုး၏ "အရေအတွက်နှင့်တင်ဒါစည်းကမ်းချက်များ"အား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် ၇-၂-၂၀၁၃ ရက်မှစ၍ တစ်စောင်လျှင် ငွေကျပ်-၅၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ပုံစံနမူနာများကိုလည်း တစ်ပါတည်း ကြည့်ရှုနိုင်ပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရမည့် အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ်-၀၆၇-၄၃၁၀၂၄၊ ၀၆၇-၄၃၁၀၂၇ တို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

အနုပညာ

CZ-12 (Chinese Zodiac) ဇာတ်ကားရုံတင်

ရန်ကုန်မြို့ရှိ ရွှေ့ဆောင်ရုံတွင် ယခုအပတ်သောကြာနေ့တွင် ရုံတင်ပြသမည့် CZ-12 ဇာတ်ကားတွင် ဇာတ်ညွှန်းနှင့်ဒါရိုက်တာ Jackie Chan စီစဉ်ပြီး သရုပ်ဆောင်အဖြစ် Jackie Chan နှင့် Kwon Sang-Woo တို့ ပါဝင်သော အက်ရှင်ဇာတ်ကားဖြစ်သည်။

၁၈ ရာစုအတွင်းက ဒုတိယဘိန်းစစ်ပွဲတွင် ဗြိတိသျှတို့လုယူသွားသော တရုတ်ရတနာများအနက် ၁၂ ရာသီခွင် တိရစ္ဆာန်ဦးခေါင်းပုံ ကြေးရုပ် ၁၂ ခုကို တွေ့အောင်ရှာနိုင်က ဆုငွေအမြောက်အမြားချီးမြှင့်မည်ဟု ဂျေစီအား အမ်ပီကော်ပိုရေးရှင်းက တာဝန်ပေးအပ်ခဲ့သည်။

ဂျေစီက မာတင်ဆိုသူအဖြစ် သတင်းထောက်အယောင်ဆောင်ကာ ပါမောက္ခကွမ်းအားသွားတွေ့ပြီး ပါမောက္ခအလစ်တွင် ၁၂ ရာသီခွင် တိရစ္ဆာန်ဦးခေါင်းပုံကြေးရုပ်များကို အထူးပလတ်စတစ်လက်အိတ်သုံး၍ ပုံရိပ်ဖမ်းယူမှတ်သားသည်။ ဂျေစီ၏အလုပ်ရှင်ဖြစ်သည့် လျှို့ဝှက်အဖွဲ့အမ်ပီက ထိုပုံရိပ်များကိုသုံး၍ အစစ်နှင့် တစ်ထေရာတည်းတူသော ပုံတူအရုပ်များကို ဖန်တီးရန်ကြံစည်ထားသည်။

ထို့နောက် ဂျေစီက ပါရီမြို့တွင် ကိုကိုးဆိုသော အမျိုးသမီးထံသွားရောက်တွေ့ဆုံပြီး ကြေးရုပ်တိရစ္ဆာန်ဦးခေါင်းနှစ်လုံးရှိမည့်နေရာကို စုံစမ်းမေးမြန်းသည်။ သူ၏ လုပ်ဖော်ကိုင်ဖက်များဖြစ်သော ဆိုင်မွန်၊ ဒေးဗစ်နှင့် ဘွန်နီတို့နှင့်အတူ ကြေးဦးခေါင်းနှစ်လုံးရှာဖွေရန် ခြံဝင်းထဲရှိတိုက်ကြီးတစ်လုံးထဲသို့ ခိုးဝင်ကြသည်။ ထိုတိုက်ကြီးထဲ၌ ကြေးဦးခေါင်းနှစ်လုံး နှင်းဆီပန်းများအမည်ရှိ ပန်းချီကားတစ်ချပ်နှင့်တရုတ်နိုင်ငံပိုင် အခြားရတနာများစွာကို ရှာဖွေတွေ့ရှိသည်။ ထိုပစ္စည်းများကို ခိုးယူထွက်ပြေးစဉ် ကိုကိုးနှင့် ပက်ပင်းတိုးရာ လေ့အိမ်မှာလာတွေ့ဖို့ သူမကိုချိန်းထားသည်။

လေ့အိမ်၌ ပျောက်ဆုံးနေသော တရုတ်နိုင်ငံပိုင် ရှေးဟောင်းပစ္စည်းများကို ရှာဖွေရန် ကြိုးစားနေသော ကုမ္ပဏီတစ်ခုတွင် ဂျေစီက မိမိအမှုထမ်းနေကြောင်း ကိုကိုးကိုရှင်းပြစဉ် တိုက်ကြီးရှိအစောင့်များက လေ့အိမ်ကို တိုက်ခိုက်ပြီး ရဲများရောက်လာကာ ၎င်းတို့ကို ဖမ်းဆီးလိုက်သည့် Jackie Chan ပါဝင်သရုပ်ဆောင်ထားသော အက်ရှင်ဇာတ်ကားကို ရွှေ့ဆောင်ရုံတွင် ကြည့်ရှုနိုင်မည်ဖြစ်သည်။

ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိန်းထွဋ် ရိုက်ကူးပြီး သရုပ်ဆောင် ခန့်စည်သူ၊ ကျော်ဇောဟိန်း၊ ထူးခန့်ကျော်၊ ထွန်းအိန္ဒြာဗို၊ သက်မွန်မြင့်နှင့် ခိုင်နှင်းဝေတို့ ပါဝင်သော 'ဝဋ်ကြွေး' ဇာတ်ကားကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ Top Royal နှင့် ဝင်းလိုက်ရုံများတွင် ကြည့်ရှုနိုင်သည်။

စိုးငယ်

Flim of the Year ဆုအတွက် Skyfall ဇာတ်ကားအား ဆန်ခါတင်ရွေးချယ်

ဗြိတိန်၏ အနုပညာအကျော်အမော်များကို Evening Standard သတင်းစာက ဂုဏ်ပြုချီးမြှင့်သည့် Evening Standard British Film Award ဆုအတွက် ဆန်ခါတင်ရွေးချယ်ပွဲအခမ်းအနားကို လန်ဒန်မြို့ရှိလန်ဒန်အနုပညာပြတိုက်၌ကျင်းပခဲ့ရာ ဂျိမ်းစ်ဘွန်း၏ (၂၃) ကားမြောက် ဇာတ်ကားဖြစ်သည့် Skyfall ဇာတ်ကားက Film of the year ဆုအတွက် ဆန်ခါတင်ရွေးချယ်ခြင်းခံခဲ့ရသည်။

ထို့ပြင် မင်းသား တိုနီဂျုံးစ်က Berberian Sound Studio ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကိုလည်းကောင်း၊ မင်းသမီးအန်ဒရီယာရိုက်စ်ဘရော့ချ်က Shadow Dancer ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုအတွက်လည်းကောင်း အသီးသီးဆန်ခါတင် ရွေးချယ်ခြင်းခံခဲ့ရကြောင်း သိရသည်။

အန်ဒရီယာသည် Shadow Dancer အမည်ရှိ နိုင်ငံရေးစွန့်စားခန်းများပါဝင်သည့် ဇာတ်ကားတွင် အိုင်အာရ်အေ၏ သတင်းပေးတစ်ယောက်အနေဖြင့် ပါဝင်သရုပ်ဆောင်ထားပြီး ပြီးခဲ့သည့် တနင်္ဂနွေနေ့က ကျင်းပခဲ့သည့် Bafta ပွဲတော်တွင်လည်း Raising Star Award ကိုရရှိခဲ့သည်။

အဆိုပါ Evening Standard British Film Award ဆုပေးပွဲသည် ဗြိတိန်နိုင်ငံ၌ ၂၀၁၂ ခုနှစ်အတွင်း လူကြိုက်အများဆုံးသော UK box office ၏ထိပ်ဆုံးစာရင်းဝင်ဇာတ်ကား ၁၀ ကားအနက် အကောင်းဆုံးဇာတ်ကားများကို ရွေးချယ်ချီးမြှင့်ပေးသော ဆုပေးပွဲတစ်ခုလည်းဖြစ်သည်။

ဘီယွန်စေး၏ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲ ယခုနှစ်အတွင်းစတင်နိုင်ရန် စီစဉ်လျက်ရှိ

တေးသံရှင် ဘီယွန်စေးက ၂၀၀၉ ခုနှစ်ကတည်းက သုံးနှစ်ကျော်ကြာကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲများနှင့် အလှမ်းကွာနေခဲ့ရသော်လည်း The Mrs. Carter Show ပွဲကို ယခုနှစ်အတွင်း စတင်သွားဖွယ်ရှိကြောင်း ထုတ်ဖော်ကြေညာခဲ့ သည်။

အဆိုပါရှိုးပွဲကို ဧပြီ ၂၈ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့ စတတ်ပယ်လ်စင်တာ၌စတင်မည်ဖြစ်ပြီး အိုင်ယာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ တော်ရွန်တိုနှင့် ဘော့စတွန်အစရှိသောမြို့များတွင်လည်း ခရီးတစ်ထောက်နားကာ ဂီတဖျော်ဖြေပွဲများကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သုံးနှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အနေဖြင့် ပြန်လည်စတင်ခဲ့သည့် ဘီယွန်စေး၏ အဆိုပါဂီတဖျော်ဖြေပွဲခရီးစဉ်ကို ယခင်ပွဲများနှင့်အတူဘဲ ပိုမိုထူးခြားစွာစီစဉ်တင်ဆက်သွားမည်ဖြစ်ပြီး ဒုတိယကမ္ဘာလှည့်ခရီးစဉ်အဖြစ် လက်တင်အမေရိက၊ ဩစတြေးလျနှင့် အာရှဒေသများသို့ သွားရောက်ဖျော်ဖြေသွားရန် စီစဉ်ထားကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်-စုစည်းသည်

KO NYAN ကိုညက် Travel Services
Ph: 01-551649, 01-209183, 01-554359, 09-73112034
E-mail: konyan1966@gmail.com
75000 Feb-8/22
75000 Feb-14/28
90000 Feb-22
90000 Feb-22

ရွှေထိပ်တန်း
ချောင်းသာ
ငွေဆောင်
01-701015, 09-5403844
01-710436, 09-5044830

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200, 430480, 544383

RUBY
519100
09-51-77212, 535100

ရွှေနဂါး
ကျိုက်ထီးရိုး-10000/-
ချောင်းသာ -13000/-
Ph.209077, 209388, 09-731 67000

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

မျိုး
380164
09 5017088
09 8626524

BLT Air-Con Express
ကျိုက်ထီးရိုး 9000
ချောင်းသာ 10000
09-73163534, 09425033245

သာရေး နာရေး တို့တွင်လှူဒါန်းရန်ကောင်းသော စာအုပ်ငယ်များ
မြန်မာ့ချိုရေး

The Reporter NEWS JOURNAL

လင်းသိုက်ညွှန့် (မြန်မာ့မြေ)
အိုင်တီကဝေ IT Witch
မြန်မာ့မြေ စာပေ

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်ထွန်းမြင့်ဦး[၁၄/ကမတ(နိုင်)၀၃၆၄၁၈]၏ နိုင်ငံကူးလက်မှတ်အမှတ်-၅၃၃၃၄၈(၂၆-၁၁-၂၀၀၃)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။
ဖုန်း-၀၉-၄၂၀၂၅၃၅၄၄

မှုးယစ်ဆန့်ကျင် အောင်ပွဲဆင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
	ဒေါ်လွင်ယဉ်ခိုင်	[၁၂/ဒဂန(နိုင်)၀၃၂၄၆၅]	၁၂-က၊ ရေတာလမ်း၊ ၁၄/၂ ရပ်ကွက်၊ သာကေတ	သင်္ဃန်းကျွန်း	၁၄/၂	၁၂-က	ဒေါ်တင်ဝင်း	အမည်ပြောင်း

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉-A၊ မြေကွက်အမှတ်-၂၈ခ^၁၊ ၂၈ခ^၂၊ မြေကွက်တည်နေရာအမှတ်-၂၀၊ ဦးစံလုံးလမ်း၊ တောင်သူကုန်းရပ်ကွက် ဦးစောမျိုးသန်းအမည်ပေါက် မြေပိုင်မြေ(လ/န ၃၉ရပြီး)မြေအား အမည်ပေါက် ဦးစောမျိုးသန်းထံမှ ကိုယ်စားလှယ်လွှဲ စာအမှတ်-၁၈၅၀၅ (၂၀-၁၁-၂၀၁၂)ဖြင့် GP ရသူ ဒေါ်နော်ဖောလာထူးက အမည်ပေါက် မှတ်တမ်းပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကတိသစ္စာပြုလွှာတို့တင်ပြ၍ အမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်း ထုတ်ပေးပါရန် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပရီမီယာလိဂ်ရင်ခုန်သံ....၂၆

ပရီမီယာလိဂ်ပွဲစဉ်(၂၅)မှာ မန်စီးတီးက လီဗာပူးကို အနိုင်မရဘဲ သရေသာကစားနိုင်ခဲ့လို့ ထိပ်ဆုံးက မန်ယူနဲ့ ၉ မှတ်ထိ ကွာသွားရတယ်။ အခုလာမယ့်ဖေဖော်ဝါရီ ၉ ရက်နေ့မှာဆိုရင်လည်း မန်စီးတီးက ပထမအကျော့အိမ်ကွင်းမှာတောင် ကပ်နိုင်ရုံကစားနိုင်ခဲ့တဲ့ ဆောက်သမ်တန်နဲ့ ပွဲစဉ်(၂၆)အဖြစ် ရင်ဆိုင်ရဦးမယ်။ မန်စီးတီးအနိုင်ရပဲ့မလား ဆိုတာနဲ့အတူ. . .

စပါး Vs နယူးကာဆယ် ည ၇း၁၅(၉-၂-၁၃)
ပထမအကျော့ရလဒ်
(၁၈-၈-၂၀၁၂) နယူးကာဆယ် ၂- ၁ စပါး

နှစ်သင်းစလုံးမှာ ရည်မှန်းချက်ရှိလို့ ခြေကုန်ထုတ်ကြမှာ ချင်းတူပေမယ့် စပါးက ဒီဖိုးဒဏ်ရာရသွားမှုနဲ့အတူ တိုက်စစ်ပိုင်းအားပျော့နေနိုင်တယ်။ ဒါ့အပြင် စပါးက နောက်ဆုံးလေးပွဲမှာလည်း တစ်ပွဲတည်းနိုင်တယ်။ နယူးကာဆယ်က ချယ်လ်ဆီးကိုနိုင်လို့ ယုံကြည်ချက်ပြည့်နေနိုင်သလို လက်ရှိကစားပုံနဲ့ကစားအားကလည်း ကောင်းတယ်။

ချယ်လ်ဆီး Vs ဝီဂန် ည ၉း၃၀ (၉-၂-၁၃)
ပထမအကျော့ရလဒ်
(၁၉-၈-၂၀၁၂) ဝီဂန် ၀ - ၂ ချယ်လ်ဆီး

ချယ်လ်ဆီးအတွက် ပရီမီယာလိဂ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့က အမှားမခံတော့ဘူး။ ဒီတော့ ခြေကုန်ထုတ်လာဖို့ ရှိတယ်။ ဒါပေမယ့် ဝီဂန်က တန်းမဆင်းရဖို့အမှတ်ရအောင် ရုန်းလာမယ့်အသင်း။ ချယ်လ်ဆီး နိုင်ရင်တောင် မပြတ်သားနိုင်ဘူး။

နော့ဝှစ်ချ် Vs ဖူလ်ဟမ် ည ၉း၃၀(၉-၂-၁၃)
ပထမအကျော့ရလဒ်
(၁၈-၈-၂၀၁၂) ဖူလ်ဟမ် ၅-၀ နော့ဝှစ်ချ်

မန်ယူနဲ့ပွဲမှာ ဖူလ်ဟမ်ရဲ့ကစားအားက ကောင်းပါတယ်။ ဒါပေမယ့် ဒီပွဲကအဝေးကွင်း။ အထူးသဖြင့် နော့ဝှစ်ချ်က လက်ရှိအချိန်မှာ အမှတ်လိုအပ်နေလို့ အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဆိုတော့ ဖူလ်ဟမ် အသာရဖို့ မလွယ်ဘူး။ နှစ်သင်းစလုံးရဲ့ တိုက်စစ်က အားနည်းနေတယ်။

စတုတ် Vs ရီးဒင်း ည ၉း၃၀ (၉-၂-၁၃)
ပထမအကျော့ရလဒ်
(၁၈-၈-၂၀၁၂) ရီးဒင်း ၁ - ၁ စတုတ်

စတုတ်က အိမ်ကွင်းမာတယ်၊ တိုက်စစ်က မပြီမ်ပေမယ့် အသင်းလိုက်ခြေစွမ်းရှိတယ်။ ရီးဒင်းကလည်း တန်းမဆင်းရဖို့ ရုန်းကန်နေချိန်ဖြစ်သလို ခြေစွမ်းလည်းကောင်းမွန်မှုရှိတယ်။ ဒါကြောင့် အပြန်အလှန်ထိုးဖောက်မယ့်ပွဲ ဖြစ်လာနိုင်တယ်။

ဆန်းဒါးလန်းVs အာဆင်နယ် ည ၉း၃၀(၉-၂-၁၃)
ပထမအကျော့ရလဒ်
(၁၈-၈-၂၀၁၂) အာဆင်နယ် ၀ - ၀ ဆန်းဒါးလန်း

အာဆင်နယ်အတွက် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အမှားအယွင်းအဖြစ်ခံလို့ မရတော့ဘူး။ လက်ရှိအချိန်မှာ အာဆင်နယ်တိုက်စစ်က တစ်ပွဲနှင့်တစ်ပွဲ ဂိုးသွင်းခြေမပြီမ်ပေမယ့် အားစိုက်ကစားလာမှာကို သတိပြုရမယ်။ ဆန်းဒါးလန်းက အမှတ်လိုနေတာမှန်တယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါပေမယ့် ခြေစွမ်းနဲ့ တိုက်စစ်ပိုင်းက သာမန်သာရှိတယ်။

ဆွမ်ဆီး Vs ကျူပီအာ ည ၉း၃၀(၉-၂-၁၃)
ပထမအကျော့ရလဒ်
(၁၈-၈-၂၀၁၂) ကျူပီအာ ၀-၅ ဆွမ်ဆီး

ကြည့်ကောင်းမယ့်ပွဲပါ။ ဆွမ်ဆီးက အခုနောက်ပိုင်း တိုက်စစ်က ဂိုးသွင်းအားကျဆင်းလာမှုနဲ့အတူ ရလဒ်တွေ ညံ့နေပေမယ့် အိမ်ကွင်းဖြစ်လို့ ဖွင့်ကစားလာနိုင်တယ်။ ကျူပီအာကလည်း တန်းမဆင်းရဖို့ အမှတ်လိုနေလို့ တင်ကစားလာမယ့်အသင်း။ အကြိတ်အနယ်ရှိမယ့်ပွဲလည်း ဖြစ်တယ်။

ဆောက်သမ်တန်Vs မန်စီးတီး နံနက် ၀၀း၁၀(၁၀-၂-၁၃)
ပထမအကျော့ရလဒ်
(၁၉-၈-၂၀၁၂) မန်စီးတီး ၃-၂ ဆောက်သမ်တန်

ကိုးမှတ်အကွာကိုထိန်းဖို့ မန်စီးတီးခြေကုန်ထုတ်လာမှာက သေချာတယ်။ ဒါပေမယ့် ဆောက်သမ်တန်က တန်းမဆင်းရဖို့ အမှတ်ရအောင်တင်ကစားလာမှာ ဖြစ်သလို နောက်ဆုံးခြောက်ပွဲမှာ အရှုံးကတစ်ပွဲသာရှိတယ်။ ပြီးတော့ အိမ်ကွင်း။ မန်စီးတီး ရုန်းကန်ရနိုင်တာက သေချာတယ်။

ရှိုင်းမင်းမင်း

စတမ်းဖို့ဘရစ်ချ်သို့ပြန်လာရန်ဆန္ဒရှိနေသည့်မော်ရင်ဟို

လက်ရှိ စပိန်လာလီဂါထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီနိုင်ငံသား နည်းပြကြီးမော်ရင်ဟိုသည် အင်္ဂလန်မြေမှ အသင်းဟောင်းချယ်လ်ဆီးအသင်းကို ပြန်လည်ကိုင်တွယ်ရန် ဆန္ဒရှိနေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်နည်းပြ စပယ်ရှယ်ဝမ်းမော်ရင်ဟိုသည် ချယ်လ်ဆီးယာယီနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်ကို ထုတ်ပယ်ရန်နှင့် ၎င်းအားထုတ်ပြီးပါက အစားထိုးနည်းပြသစ်တစ်ဦးကို ကြံရာမရရှာဖွေနေရသည့် အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်၏ စတမ်းဖို့ဘရစ်ချ်သို့ ပြန်လည်ခေါ်ယူမည့် အချိန်ကို စောင့်နေရသည်ဟု ဆိုသည်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ မော်ရင်ဟိုသည် လက်ရှိစပိန်လာလီဂါတွင် ပြစ်တင်ဝေဖန်မှုများ၏ ထိုးနှက်ချက်ခံရပြီး ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် လက်ရှိစပိန်လာလီဂါချန်ပီယံ ရီးယဲမက်ဒရစ်အသင်းမှ ထွက်ခွာရန်လည်း သေချာနေပြီဖြစ်ကြောင်း သိရသည်။

သို့ရာတွင် စပိန်မြေမှ ထွက်ခွာချိန်တွင် မည်သည့်အသင်းကိုမှ ကိုင်တွယ်ခွင့်မရဘဲ အိမ်သို့ပြန်ခဲ့ရပါက အားလုံးကို လျစ်လျူရှုတော့မည်ဟုလည်းဆိုသည်။

ဂရမ်နာဒါအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ်တွင် ပေါ်တူဂီကြယ်ပွင့် ခရစ္စတီယာနိုရိုနယ်လ်ဒို၏ အမှားကြောင့် ဂရန်နာဒါအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းသည် မော်ရင်ဟိုအတွက် ဖိအားများ တိုးလာစေခဲ့ပြီး ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ရမည့် ကိုပါဒယ်ရေးဆီမီးဖိုင်နယ် ဒုတိယအကျော့နှင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပြိုင်ပွဲတွင် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ရမည့် ပွဲစဉ်များသည်လည်း မော်ရင်ဟိုအား ဖိအားပေးမည့် ပြိုင်ပွဲများ ဖြစ်လာမည်ဖြစ်သည်။

နိုင်လင်းကြည်

အိုလံပစ်ရွှေတံဆိပ်ဆုရှင် အက်ဒ်လင်တန် ရေကူးကစားသမားဘဝမှ အနားယူကြောင်းကြေညာ

ဗြိတိန်နိုင်ငံမှ အိုလံပစ်ရွှေတံဆိပ်ဆုနှစ်ဆုရှင် ရီဘက်ကာအက်ဒ်လင်တန်သည် အသက်(၂၃)နှစ်အရွယ်နှင့်ပင် ရေကူးမယ်ဘဝမှ အနားယူလိုက်ပြီဖြစ်သည်။

၂၀၁၀ နေသဟာယအားကစားပွဲတွင် ရွှေတံဆိပ်ဆုနှစ်ဆုရရှိထားသည့် အက်ဒ်လင်တန်သည် လာမည့်နှစ်တွင် စကော့တလန်နိုင်ငံ ဂလက်စဂိုးမြို့၌ ကျင်းပမည့် သူမ၏ လက်ရှိချန်ပီယံဆုကိုလည်း ကာကွယ်တော့မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်ရေကူးမယ် အက်ဒ်လင်တန်သည် ၂၀၀၈ ဘေကျင်းအိုလံပစ်ပြိုင်ပွဲတွင် မီတာ ၄၀၀ နှင့် မီတာ ၈၀၀ အလွတ်တန်း ရေကူးပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့ရာမှ ၄၈ နှစ်တာကာလအတွင်း ဗြိတိန်၏ ပထမဆုံး အမျိုးသမီးရေကူးချန်ပီယံဖြစ်လာခဲ့သည်။

လန်ဒန် ၂၀၁၂ တွင်လည်း အမျိုးသမီး မီတာ ၄၀၀ နှင့် ၈၀၀ ပြိုင်ပွဲများမှ ကြေးတံဆိပ်များ ရရှိခဲ့သူ ဖြစ်သည်။ သူမအနေဖြင့် ရေကူးအားကစားကို ကြိုက်နှစ်သက်သော်လည်း ရေကူးကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

Travelling Art Travels & Tours Co.,Ltd.
Live in Art and Travel with us..
အိန္ဒိယဘုရားဖူးခရီးစဉ်
(၇ ညအိပ် ၈ ရက်)
မတ်လ (၂၃)ရက်
Tel : (+95) 1-531399, 1- 531471, 9-450065900, 9-43120224
No-143(B), Baho Road, Ward No.(3), Kamayut Township, Yangon, Myanmar.

AKM TRAVELS 09-49001557 09-422456025
ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
(Feb 13-14)
40000 Ks

ရွှေစည်းစိမ်
Ph : 01-248970, 09-73051455

JADE Travel & Tours
ချောင်းသာအပန်းဖြေခရီး
(9.Feb.2013 မှ 12.Feb.2013)
0973123443, 095179754, 094317735

09731982389, 0943033237, 0973163538

ဦးရဲမင်းပိုင် [သချာ] ၆၅၀၀
၁၀ တန်း-၉ တန်း ဘာသာစုံ ပုံမှန် ၂၅၀၀၀ လက်ခံပြီ

အမည်ပြောင်း
သာစည်မြို့နယ်၊ ယင်းမာပင်ရွာ ဦးမောင်ကြီး-ဒေါ်ညွန့်ရွှေတို့၏သား မောင်သန္တာအောင်[၉/သစန(နိုင်)၁၀၅၄၀၆]အား ကိုကိုအောင်ဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၃၉၃၊ မြေကွက်တည်နေရာအမှတ်-၃၉၃၊ ရေလမ်း(၄၀)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဦးမြင့်မောင်(AF-၀၆၄၉၉၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့်မောင်နှင့် ဇနီးဒေါ်ကြည်ကြည်လှိုင်မိခင်၊ ဖခင်တို့အသီးသီးကွယ်လွန်သဖြင့် ၁။ ဦးခင်မြင့်ဇော်[၁၂/ပဘတ (နိုင်)၀၀၈၀၈၄]၊၂။ ဦးတင်မောင်မြင့်[၁၄/မမန(နိုင်)၁၄၈၁၉၅]၊ ၃။ဒေါ်သီတာမြင့်(ခ)ဒေါ်သင်းသင်းမြင့် [၁၂/ပဘတ(နိုင်)၀၀၈၀၈၉]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍၎င်းတို့ထံမှ GP ၁၉၇၀၄/၁၂(၁၃-၁၂-၁၂)ရရှိသူ ဒေါ်ခင်ပပကျော် [၁၃/တယန(နိုင်)၀၀၂၆၃၁]က ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံခြားသင်္ဘောလိုက်မည့် သူများအတွက်
Marine Electrical သင်တန်း
Marine Fitter သင်တန်း
PLC and Automation သင်တန်း
GLORY 09-73121717, 09-5197817 www.glory-education.com

မဟာမန္တလေး ရွှေမြို့တော်ကြီး၏ ဒိုင်းမွန်းပလာဇာ (၅)လွှာတွင် Mingalar Diamond Cineplex

နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ရုပ်ရှင်ရုံကြီးကို ဖွင့်လှစ်ပြသလိုက်ပါသည်။
Film / HD / 2D / 3D
Mingalar Diamond Cineplex
Cinema - 1, Cinema - 2, Cinema - 3
DIGITAL 3D CINEMA
Mingalar Diamond Cineplex
Ph: 09402765641 09402765642 09402765643

သက်တမ်းလွန်ကားဟောင်းရွှေ့ပြောင်းဆီကျန်များမှ မီးလောင်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဖေဖော်ဝါရီ ၁ ရက် ညနေပိုင်းက သက်တမ်းလွန်ယာဉ်အဟောင်းများမှ သံရည်ကျိုမည့် ယာဉ်တစ်စီးကို အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ကျောက်ပြားလမ်းရှိ အမှတ်(၃) သံမဏိစက်ရုံဝင်း (မီးရထားဝင်း) အလုပ်သမားများက ကတ္တာဖြင့် ဖြတ်တောက်နေစဉ် လုပ်သားများက အခြားယာဉ်တစ်စီးကို ကတ္တာဖြင့် ဖြတ်ရန် ဝိုင်းဝန်းမရွှေ့ခဲ့သည်။ ထိုအခါ ယာဉ်အတွင်းဆီတိုင်ကီမှ လက်ကျန် ဓာတ်ဆီများထွက်ကျပြီး ကတ္တာဖြတ်ထားသည့် နေရာသို့ စီးဆင်းကာ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးမှာ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးပြီး ၅ နာရီ ၄၉ မိနစ်၌ မီးလုံးဝငြိမ်းသွားသည်။ မီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ လာရောက်ငြိမ်းသတ်ခဲ့သည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားသည့် ယာဉ်များမှာ သက်တမ်းကုန် သံရည်ကျိုမည့် ယာဉ်များဖြစ်၍ ပျက်စီးဆုံးရှုံးမှုမရှိဟု သိရသည်။

(ထွန်းဝင်း)

ပြင်ဦးလွင်ရှိ အဆောင်တစ်ခု၌ ပေါ့ဆမှုကြောင့် မီးလောင်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁) (၈)ကွက် (၁၀)လမ်း အိမ်အမှတ်(၅) ဒေါ်သောင်းဝင်း၏နေအိမ်ခြံဝင်းအတွင်း ငှားရမ်းထားသည့် ခြောက်ခန်းတွဲ တစ်ထပ်အုတ်တိုက် သွပ်မိုးခန်းများထဲမှ လေးခန်းမြောက်အခန်းတွင်နေထိုင်သည့် မဖေရယ်ဦးဦးခင်(၁၈)နှစ် တတိယနှစ် သတင်းနှင့် နည်းပညာအထူးပြု ရတနာပုံနည်းပညာတက္ကသိုလ်မှ ငှားရမ်းထားသည့် အခန်းထဲတွင် LAPTOP ကွန်ပျူတာအား အားသွင်းထားရာမှ ဝါယာရှော့ဖြစ်ပြီး ဖေဖော်ဝါရီ ၃ ရက် ညနေ ၅ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်နှစ်စီးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီငြိမ်းသတ်နိုင်ခဲ့သဖြင့် အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။

အဆိုပါ ၁၀ ပေ ပတ်လည် အခန်း နှစ်ခန်း မီးလောင်မှုကြောင့် LAPTOP ကွန်ပျူတာတစ်လုံး၊ အဝတ်အစားသေတ္တာနှစ်လုံး၊ စားပွဲနှင့် ထိုင်ခုံများ၊ အခန်းတွင်းရှိ ပစ္စည်းအားလုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၆၁၃)

ထော်လာဂျီယာဉ်အား ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

ပခုက္ကူ ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရဲစခန်းအရှေ့ခုနစ်မိုင်ခန့်အကွာ ပန်းတိုင်းခြုံကျေးရွာအနီး ပခုက္ကူ-ရေစကြိုကားလမ်းပေါ်တွင် ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီခွဲခန့်က ထော်လာဂျီယာဉ်အား ကျော်တက်မောင်းနှင်ရာမှ အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်သဖြင့် ယာဉ်ပေါ်ပါခရီးသည်များ ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ပခုက္ကူရဲစခန်းတွင် ဒုရဲအုပ်ဌေးဝင်း တာဝန်မှူးဆောင်ရွက်နေစဉ် ပခုက္ကူမြို့နယ် ပန်းတိုင်းခြုံကျေးရွာအနီး ပခုက္ကူ-ရေစကြိုကားလမ်းပေါ်တွင် ယာဉ်တစ်စီးတိမ်းမှောက်ကြောင်း သတင်းအရသွားရောက်စစ်ဆေးရာ ပခုက္ကူမြို့ အမှတ် (၂)ရပ်ကွက် အောင်တော်မူလမ်းနေ ယာဉ်မောင်း ဖြိုးဝေကြည်(၃၃)နှစ်သည် ၈ C/--- လိုက်ထရပ်အဖြူရောင်ယာဉ်ပေါ်တွင် ခရီးသည် ၂၅ ဦးခန့်တင်ဆောင်၍ ပခုက္ကူ- ရေစကြိုကားလမ်းအတိုင်း တောင်မှမြောက်သို့မောင်းနှင်လာရာ ပန်းတိုင်းခြုံကျေးရွာအနီး မိုင်တိုင်အမှတ် (၆/၄)နှင့် (၆/၅)အကြား အရောက် ရှေ့မှမောင်းနှင်နေသော ထော်လာဂျီယာဉ်အား ဝဲဘက်မှ ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ အနောက်ဘက်ခြမ်းတွင် ယာဉ်မှာ ယာဘက်သို့စောင်း၍ တိမ်းမှောက်သွားရာ ယာဉ်ပေါ်ပါခရီးသည် ကျား နှစ်ဦး၊ မ ၁၆ ဦးတို့ ဒဏ်ရာများရရှိသဖြင့် ပခုက္ကူဆေးရုံသို့ တင်ပို့ခဲ့ရသည်။

(၅၇၁)

ကြံ့ကြံ့ဖန်ဖန်ရထားလမ်းပေါ်အိပ် မီးရထားကကြိတ်

ရန်ကုန် ဖေဖော်ဝါရီ ၆

မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက် ပါရမီဘူတာနှင့် ရေကူးဘူတာကြား တွင် အမည်မသိ အမျိုးသားတစ်ဦးကို မြို့ပတ်ရထားတစ်စင်းမှ ကြိတ်မိ၍ အခင်းဖြစ်နေရာတွင်ပင် သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ ၂ ရက် ည ၇ နာရီခွဲခန့်က မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက် ပါရမီဘူတာနှင့် ရေကူးဘူတာကြား မိုင်တိုင်အမှတ်(၇/၆) ၌ အရက်သေစာသောက်စားထားသော အမည်မသိ အမျိုးသားတစ်ဦး ရထားသံလမ်းပေါ် အိပ်ပျော်နေစဉ် မြို့ပတ်ရထားက ကြိတ်မိ၍ သေဆုံးခဲ့ခြင်း ဖြစ်သည်။ သေဆုံးသူအမျိုးသားကို မရမ်းကုန်းရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ဘုန်းမြင့်ကျော်နှင့်အဖွဲ့၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များမှ မြောက်ဥက္ကလာပဆေးရုံသို့ ပေးပို့ခဲ့ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဇော်ကြီး-ပဏ္ဍိတ)

တောင်ငူနှင့် ရေတာရှည်မြို့နယ်တို့၌ တရားမဝင်သစ်နှင့် သစ်စက်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တောင်ငူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိတို့ ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ တရားမဝင်သစ် ဖမ်းဆီးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ တောင်ငူမြို့နယ် စမ်းမြောင်ဒေသ လကမ္ဘာကြောစမိုးသစ်တိုက်ကားလမ်းဘေးနှင့် ကျောက်အိုးချောင်းဖျားကြိုးပြင် (XXIII)တို့အတွင်း နေရာသုံးခုမှ တရားမဝင်ပျဉ်းကတိုးသစ် ၁ ဒသမ ၈၀၄ တန်၊ အခြားသား ၂ ဒသမ ၈၇၂ တန်၊ သစ်စက်အင်ဂျင် နှစ်လုံး၊ လွှဝိုင်း နှစ်ဝိုင်း၊ ဆက်စပ်ပစ္စည်းများနှင့် ဖုန်းတစ်လုံးတို့ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၃ ရက်တွင် အနောက်ဆွာကြိုးဝိုင်းအကွက်အမှတ်(၁၀၀)၏ နေရာသုံးခုမှ တရားမဝင် ပျဉ်းကတိုးသစ်လုံး၅၆ လုံး(၁၆ ဒသမ ၃၈၄)တန်ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း သိမ်းဆည်းရမိခဲ့ကြပြီး ပိုင်ရှင်ဖော်ထုတ်အရေးယူနိုင်ရန် ရှာဖွေစုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

SUN FAR TRAVELS & TOURS CO., LTD.... satisfying your travel needs
၂၀၁၃ သင်္ကြန်ခရီးစဉ်များ ....

U.S.A 06 April - 23 April	Europe 09 April - 22 April	Japan 11 April - 19 April	Korea 11 April - 17 April	China 13 April - 19 April	Singapore-Malaysia 13 April - 20 April	Bangkok-Pattaya 13 April - 18 April
New York, Niagara Fall, Washington D.C, Las Vegas, San Francisco, Los Angeles	England, France, Switzerland, Italy	Osaka, Kyoto, Hakone, Kamakura, Tokyo, Yokohama	Seoul, Jeju	Hong Kong, Macau, Guangzhou, Zhuhai, Shenzhen	Singapore, Kuala Lumpur	Bangkok, Pattaya

*25 February မတိုင်မီ ကြိုတင်စာရင်းပေးသွင်းပါက Discount ရှိပါသည်။
Head Office (Tour Department) 380 211, 250 866, 376 671, 09 4210 18222
Branch Office Unit #03-08, 3rd Floor, Sakura Tower, No.339, Bogyoke Aung San Road, Kyauktada Township, Yangon. 09 7303 8877, 255 883, 255 338
Branch Office Bahan Township, Yangon. 09 7303 8866, 555 771

သတိုးမင်း Travels & Tours
ရွှေစက်တော်ဖွင့်ပွဲ (လမ်းဘုရားစုံ) FEB -14 ၄၅၀၀၀ကျပ်/-
ချောင်းသာ / ငွေဆောင်
Ph:09 73143249, 09 73252239, 09 73252240

ကားငှားချင်သလား?
09-73215988
09-5021279

နဂါးဘုရင်
ချောင်းသာ/ငွေဆောင်
Ph:09 73147421, 09 49304334

အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
ဂုဏ်ထူး ဦးအောင်ခိုင်
Grammar & Essay
01 252 919, 09 430 85263

လက်ခတ်သံ Travels & Tours
Feb12,23-Mar23,Apr12,13
01-542674, 09-420176621

FAMILY Travels & Tours
Ph: 09-450010235, 09-450049264

NEW WAY 0973217877, 0973238655

ရွှေဥဒေါင်းမင်း 09421152677, 09421122687
Feb 14 55000

ရွှေသင်္ဘော Feb-13,14 35000K 70000K 45000K Feb/Mar-22
09-73159071, 09-49330287

အလင်းရောင် (20000/-) (55000/-) (35000/-)
09421061860, 09421099405

ပြည်ကျော်ဆေး
နလုံးအားတိုးဆေး

PLUS FOREVER SPORTS JOURNAL

အထက်မြန်မာပြည်သတင်း

ကျောင်းသားဟောင်းများ၏ ကုသိုလ်တော်ပန်းချီပြပွဲ

မန္တလေး ဖေဖော်ဝါရီ ၆

ပထမအကြိမ် ကျင်းပမည့် အာစရိယပူဇော်ပွဲတွင် ပါဝင်ကုသိုလ်ပြုရန် ရည်ရွယ်ကာ မန္တလေးမြို့ ကုသိုလ်တော်ဘုရား တောင်ဘက်မုခ်ရှိ ကုသိုလ်တော်ပန်းချီပြခန်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ကျောင်းသားဟောင်းများ၏ ပန်းချီပန်းပုပြပွဲကို ဖေဖော်ဝါရီ ၃ ရက်နံနက်က ဖွင့်လှစ်ရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ အဆိုပါပြပွဲတွင် အခရိုင်းလစ်၊ ပတ်စတယ်၊ ဆီဆေး၊ ရေဆေးတို့ဖြင့် ရေးဆွဲထားသော ပန်းချီကား ၅၀၊ အင်္ဂတေ၊ ဖိုင်ဘာ၊ ပလာစတာများဖြင့် ပြုလုပ်ထုဆစ်ထားသည့် ပန်းပုလက်ရာ ၁၇ ခုပြသထားသည်။ ပြပွဲမှ ရောင်းချရငွေများအား ပထမအကြိမ် အာစရိယပူဇော်ပွဲတွင် ဆရာကြီး ဆရာမကြီး ၈၃ ဦးကို ကန်တော့ရန်နှင့် အဝေးရောက် ဆရာကြီး ဆရာမကြီးများ၏ နေထိုင်စားသောက်စရိတ်များတွင် အသုံးပြုရန် လှူဒါန်းသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ ပန်းချီပန်းပုပြပွဲတွေကို ကျောင်းတက်နေစဉ်ကတည်းက စုပေါင်းပြသကြပါတယ်။ အခုကျောင်းပြီးလို့ ဘွဲ့ရသွားပြီး တစ်နေရာစီရောက်နေပေမယ့်လည်း သူငယ်ချင်းတွေ ပြန်လည်ဆုံစည်းနိုင်ဖို့နဲ့ ကိုယ့်အတတ်ပညာနဲ့ ကောင်းကျိုးတစ်ခုခုလုပ်ဖို့ရည်ရွယ်ပြီး ပန်းချီပန်းပုပြပွဲကို နှစ်စဉ်လုပ်ဖြစ်မှာပါ။ အခုပြပွဲက ရောင်းရငွေကို ဆရာ ဆရာမတွေကို ကန်တော့မယ့် အာစရိယပူဇော်ပွဲအတွက် ရည်ရွယ်ထားပါတယ်" ဟု ပန်းချီပန်းပုပြပွဲတွင် ပါဝင်ပြသသူတစ်ဦးမှ ရှင်းလင်းပြောပြသည်။

အဆိုပါ ပန်းချီပန်းပုပြပွဲအား ဖေဖော်ဝါရီ ၇ ရက်အထိ ပြသသွားမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြခန်းဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ ပထမအကြိမ် အာစရိယပူဇော်ပွဲအား ဖေဖော်ဝါရီ ၁၇ ရက်တွင် မန္တလေး-ပြင်ဦးလွင်ကားလမ်း ရွှေစာရံလမ်းခွဲရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၂)**

လေထဲလိမ့်သွားသည့် မော်တော်ကား တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်အား တိုက်

မန္တလေး ဖေဖော်ဝါရီ ၆

မန္တလေးမြို့ (၂၆) ဘီလမ်း(၇၄)လမ်းနှင့် (၇၅) လမ်းကြား ကျုံးဘေးလမ်းမပေါ်တွင် ယာဉ်အမှတ် ၂c/--- MAZDA RX-8 အမျိုးအစား ပြိုင်ကားခဲရောင်သည် အနောက်မှ အရှေ့သို့ မောင်းနှင်လာရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကို ကျော်ကာ တစ်ဖက်ယာဉ်ကြောအတွင်းသို့ ရောက်ရှိသွားသည့်ဖြစ်ရပ်တစ်ခု ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီခန့်က ဖြစ်ပွားခဲ့သည်။ အဆိုပါကားသည် လမ်းလယ်ကျွန်းမှ တစ်ဖက်လမ်းသို့ အရောက်တွင် တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသော မော်တော်ဆိုင်ကယ် ရှေ့ပိုင်းအား ပွတ်တိုက်မိရာ ဆိုင်ကယ်မောင်းသူမှာ ဒူးခေါင်းဒဏ်ရာ ရရှိခဲ့သည်။

"တစ်ဖက်လမ်းကနေ တလိမ့်ခေါက်ကွေးလိမ့်လာတာ။ ကားက လေထဲမှာကို လိမ့်သွားတာ။ အရှိန်အတော်ကိုများတယ်။ ရုပ်ရှင်ထဲမှာပဲ မြင်ဖူးတယ်။ ကားလိမ့်လာတာ မြင်မြင်ချင်း ကျွန်တော့်ဆိုင်ကယ်ကို ရုတ်တရက် ရပ်လိုက်တယ်။ လှည့်ကြည့်လိုက်တော့ ကားက ကျွန်တော့်ဆီလာနေတာနဲ့ ဆိုင်ကယ်ကို ဆွဲလှည့်လိုက်တာ ကျွန်တော်လဲကျသွားတယ်။ ကံကောင်းလို့ တည့်တည့်မတိုက်မိတာ။ ဒူးနှစ်ဖက်တော့ ပွန်းသွားတယ်"ဟု အဆိုပါကားနှင့် တိုက်မိသည့် ဆိုင်ကယ်သမားက ပြောပြသည်။

အဆိုပါကား၏ နောက်ပိုင်း ညာဘက်ဘီး ပြုတ်ထွက်သွားပြီး နောက်မှန်များလည်း ကွဲသွားသည်။ ကားလိမ့်လာစဉ် လမ်းလယ်ကျွန်းမှ သစ်ပင်ကိုလည်း တိုက်မိရာ ညာဘက်ကား ကိုယ်ထည်မှာလည်း ချိုင့်ဝင်ကာ ပိန်ရှုံ့သွားသည်။ ယာဉ်မောင်းသူ စိုင်းသူရလင်းမှာ ဦးခေါင်း ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး အဆိုပါ ယာဉ်မောင်းသူအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၀၂)**

ပြည်သူ့ဗဟိုပြု ပျိုးဥယျာဉ်လုပ်ငန်း လက်တွေ့အကောင်အထည်ဖော် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဆွေးနွေး

မိတ္ထီလာ ဖေဖော်ဝါရီ ၆

နိုင်ငံတော်၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အား လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ပြည်သူ့ဗဟိုပြု ပျိုးဥယျာဉ်လုပ်ငန်း လက်တွေ့အကောင်အထည်ဖော်ခြင်း၊ သဘာပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဆွေးနွေးပြောကြားခြင်းနှင့် ထင်းအစား အခြားလောင်စာသုံး ဘက်စုံသုံး မီးဖိုများ အခမဲ့ဖြန့်ဝေခြင်းကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီမြို့နယ် မုန်တိုင်ကျေးရွာအုပ်စု လဲတောကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ ဖေဖော်ဝါရီ ၃ရက်က ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာသူများက ပြည်သူ့ဗဟိုပြုပျိုးဥယျာဉ်အတွင်းရှိ ပျိုးအိတ် ၃၀၀၀ အတွင်း မြန်မာရှား၊ မဲဇလီနှင့် လျှော်ဖြူ (ဆေးကုလားမ ထုတ်ယူသည့်အပင်) မျိုးစေ့များအား ကိုယ်တိုင်ထည့်သွင်းစိုက်ပျိုးပေးကြသည်။**(အောက်ပုံ)**

ထို့နောက် အခမ်းအနား ဆက်လက်ကျင်းပရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မိတ္ထီလာခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်-၁ မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ ဆွေးနွေးပြောကြားပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန မိတ္ထီလာမြို့နယ် ဦးစီးအရာရှိက ပြည်သူ့ဗဟိုပြု ပျိုးဥယျာဉ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု အဆင့်ဆင့်အား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများအား ဘက်စုံသုံး A1 မီးဖိုအလုံး ၄၀ အား မဲစနစ်ဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ခရီးသည်နှင့် ကုန်စည်ရှားပါးမှု ရင်ဆိုင်နေရသည့် စစ်ကိုင်း-မန္တလေးယာဉ်လိုင်းများ

စစ်ကိုင်း ဖေဖော်ဝါရီ ၆

စစ်ကိုင်း-မန္တလေး ခရီးစဉ်များကို အရှိန်အဟုန် ကောင်းကောင်းဖြင့် နှစ်ပေါင်းများစွာ ပြေးဆွဲလာခဲ့သည့် စစ်ကိုင်း-မန္တလေး မော်တော်ယာဉ်အသင်းများမှာ ယခုအခါ ခရီးသည်နှင့် ကုန်စည်နည်းပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့နေကြရကာ ယာဉ်လုပ်သားများ၏ ရှေ့ရေးမှာလည်း မရေရာတော့သည့်အခြေအနေများ ဖြစ်ပေါ်လျက်ရှိနေရကြောင်း သိရသည်။

ရွှေကိုင်းမန်း၊ ဇေယျာမန်း၊ အောင်စစ်မန်း၊ စစ်မန်းရော၊ နေပြည်တော်စသည့် စစ်ကိုင်းမြို့ အခြေစိုက် စစ်ကိုင်း-မန္တလေး ခရီးသည်တင်မော်တော်ယာဉ်အသင်း ခြောက်သင်းရှိခဲ့ပြီး ဒိုင်နာမော်တော်ယာဉ်များဖြင့် နေ့စဉ် လွှန်းပျံပြေးဆွဲပေးနိုင်ခဲ့ကြသည်။ ယခင်က ခရီးသည်တင်မော်တော်ယာဉ်များကို ဂိတ်မှ ငါးမိနစ်တစ်စီးနှုန်း ထွက်ခွာပြေးဆွဲပေးကြရပြီး ခရီးသည် ပေါများသဖြင့် ယာဉ်ပိုင်ရှင်များသာမက ယာဉ်မှူး၊ ယာဉ်လိုက်များနှင့် မိသားစုများပါ အဆင်ပြေခဲ့ကြကြောင်း သိရသည်။ ယခုအခါ ဂိတ်မှ မိနစ် ၂၀ လျှင် ယာဉ်တစ်စီးနှုန်း ထွက်ခွာစေသော်လည်း လိုက်ပါသည့်ခရီးသည် နည်းပါးသဖြင့် ဝင်ငွေလျော့နည်းကြကာ ပုံမှန်ပြေးဆွဲရန် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

"အခုဆိုရင် ဆိုင်ကယ်တွေကလည်း ပေါလာတယ်။ စစ်ကိုင်းမြို့ခံ အများစုက မန္တလေးကိုသွားရင် ကိုယ့်ဆိုင်ကယ်တွေနဲ့ကိုယ်ပဲ သွားလာသူများတော့ ကားစီးတဲ့သူပါးလာတယ်။ အဝေးခရီးသည်တွေကိုပဲ အားကိုးပြေးကြရတော့တယ်။ အရင်က ခရီးသည်မရရင် ကုန်ရတယ်။ ကုန်စိမ်းသည်တွေ လိုက်ကြတယ်။ အခုကျတော့ ရွာတွေကအစ သုံးဘီးဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ ထောင်ပြီး ကိုယ့်ကုန်ကိုယ်တင်ပြီး သွားလာနေကြတော့ ကုန်စိမ်းလည်း မရတော့ဘူး။ အသင်းပိုင်ကားတွေကို တစ်ရက်နေ့တွက်ကြေး ကျပ်တစ်သောင်းခွဲသွင်းပြီး ယူမောင်းဖို့ပြောတာတောင် ယူဆွဲရဲတဲ့သူ မရှိဘူးဖြစ်နေတယ်။ ယာဉ်မောင်း ယာဉ်နောက်လိုက်တွေဆိုရင် အရင်က ခပ်မာမာနေနိုင်ပေမယ့် ခုဆိုခရီးသည်တစ်ဦးကို ငွေကျပ် ၄၀၀ ဆိုပေမယ့် ဈေးလျှော့တန်လျှော့ပြီး တင်နေကြရတယ်။ ကားပိုင်တွေလည်း တွက်ခြေမကိုက်ဖြစ်နေတော့ ကြာရင် စစ်ကိုင်း - မန္တလေး ခရီးသည်တင်ယာဉ်လိုင်းတွေ၊ ယာဉ်ဂိတ်တွေ၊ ဂိတ်မှူးတွေ ပျောက်တော့မယ်ထင်တယ်"ဟု စစ်ကိုင်းမြို့ ရွှေကိုင်းမန်း မော်တော်ယာဉ်ဂိတ်မှူးတစ်ဦးက ပြောပြသည်။ **(နန္ဒ)**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၃၃တိုးချဲ့ရပ်ကွက်၊ အကွက်အမှတ်(၉၈၃/၉၈၄/၉၈၅) အကျယ်အဝန်း ပေ(၅၀×၅၀)ရှိ ပါမစ်မြေကွက် (၃)ကွက်အား ဒေါ်အေးအေးမြင့်[၁၂/ကမရ(နိုင်)၀၁၉၃၉၂] မှ လက်ရှိပိုင်ဆိုင်ပြီး ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ ၅ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စံပယ်လှိုင် (LL.B)
(စဉ်-၃၁၀၈၂)
အထက်တန်းရှေ့နေ
အမှတ်(၁၁၁)၊ (၂၃)လမ်း၊ (၅)လွှာ၊ လသာမြို့နယ်၊ ရန်ကုန်မြို့

အစ်မတော်စောမွန်လှဘုရား စိန်ဖူးတော်နှင့် ရွှေထီးတော်အသစ် တင်လှူဖို့ နှိုးဆော်အပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်စောမွန်လှ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတ်ဘက်စေတီတော် ၁၁-၁၁-၂၀၁၂ရက်က ငလျင်ဒဏ်ကြောင့် စိန်ဖူးတော်နှင့် ရွှေထီးတော်ပျက်စီးနေပါသဖြင့် အစ်မတော်စောမွန်လှနှင့် မြနန်းနွယ်၊ နဂါးမယ်တော်၊ ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်များမှ စုပေါင်းပြီး အသစ်တစ်ဖန် စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူမည့်ပွဲ၌ ပါဝင်ကုသိုလ်ပြုဖို့ နှိုးဆော်အပ်ပါသည်။

နဂါးကိုးကောင်ဆရာတော်နှင့်အကျိုးတော်ဆောင်
ဖုန်း-၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၀၂၅၂၃၃၃၆ သို့
ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ယ/၈၂၅၆၈၊ Kenbo 100 MC၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးခင်မောင်ထွေး မှတ်ပုံတင်အမှတ်[၉/မဟမ(နိုင်)၀၆၁၈၀၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

(7-2)15.pmd 1 2/5/2013, 9:06 PM

သရက်-မင်းလှ-မကွေး ဇွဲမာန်သစ် ယာဉ်လိုင်းဖွင့်

သရက် ဖေဖော်ဝါရီ ၆

ဧရာဝတီမြစ်အနောက်ဘက်ကမ်း ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြေးဆွဲသည့် သရက်-မင်းလှ-မကွေး ဇွဲမာန်သစ်အဝေးပြေးယာဉ်လိုင်းသစ်ကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၇ နာရီက မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့ရုံးရှိ ဇွဲမာန်သစ်ဂိတ်၌ စတင်ဖွင့်လှစ်ပြေးဆွဲခဲ့သည်။

အဆိုပါ ဇွဲမာန်သစ်အဝေးပြေးယာဉ်လိုင်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့က ဧရာဝတီမြစ်အနောက်ဘက်ကမ်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများရှိ ခရီးသည်နှင့် ကုန်စည်များ အချိန်နှင့် တစ်ပြေးညီ ဈေးနှုန်းချိုသာစွာ ဆက်သွယ်သွားလာနိုင်ရန် နေ့စဉ် သရက်မြို့မှ နံနက် ၇ နာရီခွဲနှင့် မကွေးမြို့မှ နံနက် ၆ နာရီအချိန်တို့တွင် စီးတီးဘတ်စ်ယာဉ်ကြီးများ အသုံးပြု ပြေးဆွဲပို့ဆောင်ပေးမည်ဖြစ်ပြီး ခရီးသည်တစ်ဦးလျှင် ယာဉ်စီးခ ငွေကျပ် ၃၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ကိုကိုအောင်(သရက်)

သုံးတန်အထက်ယာဉ်များ သတ်မှတ်ချိန်အတွင်း မြို့တွင်းမဝင်ရေး တောင်ငူတားမြစ်

တောင်ငူ ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင်းလမ်းများဖြစ်သော ကုန်သည်ကြီးလမ်း၊ (၆)လမ်း၊ (၇)လမ်း၊ (၁)လမ်း၊ ဈေးလမ်း၊ ကန်လမ်းတို့တွင် သုံးတန်အထက်ယာဉ်ကြီးများအား နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ မဝင်ရဟု တားမြစ်ထားသော်လည်း လိုက်နာမှုမရှိ ဝင်ထွက်သွားလာနေသောကြောင့် လမ်းပိတ်ဆို့မှုနှင့်ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်ကြုံတွေ့နေရကြောင်း သိရသည်။ **(အောက်ပုံ)** သုံးတန်အထက်ဟုဆိုရာတွင် ၁၀ ဘီး၊ ၁၂ ဘီး ကုန်တင်ယာဉ်ကြီးများအပြင် ပေ ၃၀ ကျော်ရှည်သော တန် ၃၀ အထက်တင်ဆောင်နိုင်သည့် နောက်တွဲယာဉ်ကြီးများပါ ကုန်တင်ကုန်ချပြုလုပ်နေသောကြောင့် လမ်းပိတ်ဆို့မှုများမှာ တစ်နေ့တခြား ပိုမိုဆိုးရွားလာပြီး မြို့တွင်းလမ်းများ ပျက်စီးမည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ကျော်စွာ (တောင်ငူ)

(၂၂)နှစ်ပြည့်မင်္ဂလာ (ယာနဒါန)မော်တော်ယာဉ်လှူဒါန်း

သုံးဆယ် ဖေဖော်ဝါရီ ၆

သုံးဆယ်မြို့ လမ်းမတော်လမ်းနေ ဦးစိုးစိုး-ဒေါ်သန်းသန်းမြင့်တို့၏ (၂၂)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် သုံးဆယ်မြို့ မဟာထူပါရုံ ပရိယတ္တိစာသင်တိုက် ဆရာတော်များ သာသနာရေးကိစ္စများ ဆောင်ရွက်နိုင်ရန် (ယာနဒါန) TOYOTA GRAND HIACE တစ်စီးကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီတွင် မဟာထူပါရုံ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဦးပညောဘာသထံ အလှူရှင် ဦးစိုးစိုး-ဒေါ်သန်းသန်းမြင့်၊ (သား) မင်းခန့်စိုး၊ လင်းသန့်စိုးတို့က ဆက်ကပ်လှူဒါန်းကြသည်။

(သုံးဆယ်)

တရားမဝင် စက်သုံးဆီဆိုင်များ စစ်ဆေးအရေးယူမည်

မုံရွာ ဖေဖော်ဝါရီ ၆

ပြည်တွင်းတွင် စက်သုံးဆီဆိုင်များ ပုဂ္ဂလိကသို့ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့ပြီးနောက်ပိုင်း တရားဝင်ရောင်းချနေသည့် စက်သုံးဆီဆိုင်များတွင် ဆီခြင်တွယ်မှု မပြည့်မီခဲ့သည့်အတွက် ဆီခြင်တွယ်မှု ပြည့်ဝစေရန် ဂါလန်စနစ်မှ လီတာစနစ်သို့ ပြောင်းလဲရောင်းချစေခဲ့ပြီး ခြင်တွယ်မှု မပြည့်မီခဲ့ပါက ပိတ်သိမ်းသည်အထိ အရေးယူ ဆောင်ရွက်သွားရန် ကြေညာချက်များ ထုတ်ပြန်၍ စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းကာ ကွင်းဆင်းစစ်ဆေးသွားမည် ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ရေနံထွက်ပစ္စည်းများ သိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချမှုလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းကာ တရားမဝင်ရောင်းချနေသည့် စက်သုံးဆီဆိုင်များအား စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။ တရားမဝင်ရောင်းချနေသော စက်သုံးဆီဆိုင်များအား စစ်ဆေးတွေ့ရှိပါက ပိတ်သိမ်းစေပြီး လိုအပ်သော ခွင့်ပြုချက်ရရှိရန်အတွက် စနစ်တကျပြန်လည်တင်ပြ လျှောက်ထားစေပြီးမှသာ ဖွင့်လှစ်ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

TOP ☎ : 243363
09 73201786

Package - 45,000 2 Night 3 Days
(09-73098523, 09-420247006)

နှင်းခူရောဂါ
ရက်ပိုင်းအတွင်း အမြစ်ပြတ်ကုသည်။
အထွေထွေအရေပြားရောဂါအမျိုးမျိုး ကုသပေးသည်။
မင်္ဂလာဆေးကုခန်း၊ အမှတ်(၂)၊ ဇီဇဝါလမ်း၊ ရေကျော်ဈေးအနီး၊
ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့
ဖုန်း-၂၉၉၈၃၉၊ ၀၉-၅၁၉၉၂၀၇၊ ၀၉-၅၁၇၉၀၂၄

အမြန်ရောင်းမည်

Creation Strength Co., Ltd. မှ ကြီးမှူးကျင်းပသော
The Most Amazing Yangon
Exhibition & Car Show 2/2013

တရုတ်နှစ်ကူးအန်ပေါင်းအဖြစ် ကုန်စည်ပြပွဲကြီးအား လာရောက်ကြည့်ရှုအားပေးသော ပရိသတ်များအားလုံးမည်သူမဆို 500000/- Card များထုတ်ယူနိုင်ခြင်း

ကုန်စည်ပြပွဲကြီးအား လာရောက်ကြည့်ရှုအားပေးသော ပရိသတ်များအားလုံးမည်သူမဆို ဇလာမပါကံစမ်းမဲနှင့်အတူ လက်ဆောင်ပစ္စည်းများ ထုတ်ယူနိုင်ခြင်း

ကုန်စည်ပြပွဲကြီးအတွင်းရှိ မည်သည့်ကုမ္ပဏီတွင်မဆို ငွေကျပ်(၂)သောင်းနှင့်အထက် ဝယ်ယူပါက ကံစမ်းမဲလက်မှတ် ထုတ်ယူနိုင်ခြင်း

ကုန်စည်ပြပွဲကြီးတွင်
* Blue Mountain မှ နေ့စဉ် အချိုရည်အခမဲ့တိုက်ကျွေးခြင်း၊
* နာမည်ကြီး လူရွှင်တော်များ၏ အဖွဲ့လိုက်ဖျော်ဖြေတင်ဆက်မှု
* ကလေးများအတွက် ဆော့ကစားပျော်ရွှင်စရာ Happy World ကစားကွင်း ပါရှိခြင်း။
* တရုတ်နှစ်သစ်ကူး နဂါးအက အလှများ။

MCC ခန်းမသို့ ...
* (၈)မိုင်၊ Junction - 8 နှင့် တော်ဘွားကြီးကုန်း လမ်းဆုံတွေမှာ အကြိုအပို့ အခမဲ့ယာဉ် ပြေးဆွဲပေးဦးမှာနော် .....
မင်းဓမ္မလမ်း MCC ခန်းမသို့
8-2-2013 to 11-2-2013
ဆက်သွယ်ရန် - ၀၉-၄၅၀၀၅၅၈၈၈၊ ၀၉-၄၂၁၁၁၆၁၁၁၊ ၀၉-၄၂၁၁၁၆၀၀၀၊ ၀၉-၄၅၀၀၅၀၀၀၅၊ ၀၉-၄၅၀၀၅၅၇၇၇

အခန်းဆက်ဝတ္ထု

ငွေကန္တာဦး

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"အဲဒီ လူမှုအကုသိုလ်ရဲ့ အကြောင်းရင်း တရားခံဟာ ဘယ်ဒင်းလဲ"

"တစ်ခုက မင်း တစ်ခါက ပြောခဲ့တဲ့ လူမှုစနစ်ဆိုးပဲ၊ ပြီးတော့ တစ်ခုက လူတွေရဲ့ သန္တာန်မှာ ကပ်ငြိပါလာတဲ့ လောဘ ဒေါသ မောဟ ဆိုတဲ့ ဟိတ်သုံးပါးပဲ၊ တစ်ခုနဲ့ တစ်ခု အပြန်အလှန် ကျေးဇူးပြုနေတဲ့ "တရားခံ . . . တရားကိုယ်"နှစ်ခုပဲ"

"မင်း အခု အတော်တိုးတက်လာပါလား နှင်းငွေ"

"ကျေးဇူးတင်ပါတယ်၊ တိုးတက်လာတယ်လို့ မပြောနဲ့ကွာ၊ မျက်စိကို ဖွင့်ကြည့်လို့ မြင်လာတယ်လို့ပဲ ပြော"

သူငယ်ချင်းနှစ်ဦးသည် ထမင်းဝိုင်းကို လက်စသတ်လိုက်ကြ၏။

အချိုပွဲမှာ၍ ဘီလ်ရှင်းရန် ခိုင်းလိုက်ပြီးနောက် ခေတ္တ စကားဆက်ကြ၏။

"နှင်းငွေ မင်း အခု နိုင်ငံခြားကို သွားမှာက စိတ်ရောဂါကုသရေးအတွက်လား"

"မဟုတ်ဘူး၊ ခွဲစိတ်ကုသရေးပညာဘွဲ့ တစ်ခုအတွက်ပါ၊ ငါတို့ရဲ့ ပါမောက္ခနဲ့ မဟာဌာနမှူးက ပြောတယ်၊ လိုအပ်တဲ့ ပညာတွေကတော့ အများကြီးပဲတဲ့၊ ဒါပေမယ့် ဝန်နဲ့အား၊ မြားနဲ့ လေး ချိန်ရမတဲ့၊ တိုင်းပြည်အတွက် အလိုအပ်ဆုံး ပညာကို ဦးစားပေးရမတဲ့၊ တိုင်းပြည်မှာ သမားတော်ကြီး (ဖစ်ဆီရှင်)တွေ၊ ခွဲစိတ်ကုသရေးပါရဂူ (ဆာဂျင်)တွေ အများကြီးလိုနေတယ်၊ သူတို့စကားကို ငါ နားထောင်တယ်၊ ငါ ခွဲစိတ်ကုသရေးပါရဂူ အတတ်အတွက် သွားမှာ၊ ဒါပေမယ့် ငါ့ပုဂ္ဂိုလ်စွဲဆန္ဒကလဲ တစ်ဝက်တစ်ပျက် ပါပါတယ်၊ ငါ ဦးနှောက်ခွဲစိတ်ကုသရေးကို ပါရဂူမြောက်အောင် သင်မလို့"

"အဲဒီလို ပါရဂူမြောက်လာရင် မင်းခုနင်က ပြောတဲ့ စိတ်ရောဂါသည်တွေကို ခွဲစိတ်ကုသပေးနိုင်မလား"

"စိတ်ရောဂါသည်တွေရဲ့ ဦးနှောက်ကို ခွဲစိတ်ကုသပေးနိုင်တဲ့ ပညာတွေဟာလဲ ပေါ်နေပါပြီ၊ ဒါပေမယ့် အဲဒီပညာတွေဟာလဲ စမ်းသပ်တဲ့အဆင့်မှာပဲ ရှိသေးတယ်၊ မအောင်မြင်သေးပါဘူး၊ ပြောရဦးမယ် ဦးနှောက်ခွဲစိတ်ကုသရေးပညာနဲ့ အောင်ပြီး ငါပြန်လာတာတောင်မှ တို့တိုင်းပြည်မှာ ဦးနှောက်ခွဲစိတ်ဖို့ ကိရိယာတွေ၊ ခွဲစိတ်ခန်းတွေ ဘယ်ဆေးရုံမှာမှ မရှိသေးဘူး"

"ဟေ ဒါဖြင့် မင်း ဘာလုပ်ဖို့ သွားသင်မှာလဲ"

"သင်တယ်လေ၊ တတ်တဲ့လူက အရင် အရေးကြီးတယ်၊ ကျန်တာတွေကတော့ တိုင်းပြည်ရဲ့ စီးပွားရေး တိုးတက်လာရင် အလိုလို ပေါ်လာမှာတွေပါ"

ဘခက်သည် နားလည်သဘောပေါက်ဟန် ခေါင်းတဆတ်ဆတ်ညိတ်၏။

"ဩော် . . . နှင်းငွေရေ၊ ကိုယ်ရေးကိုယ်တာ အကြောင်း ပြောကြဦးစို့"

"ပြောလေ"

"မင်း နုနုငယ်အပေါ် မျှော်လင့်ချက်ထားတုန်းလား"

"ထားတုန်းပဲ၊ အခု နွေရောက်ပြီ၊ ငါ ရွာမွန်သာကို ပြန်သွားဦးမယ်"

"နုနုငယ်ဟာ ဖွ . . . မပြောကောင်း မဆိုကောင်း အဲ . . . တစ်ခုခု ဖြစ်နေရင်ရော"

"နုနုငယ် ဘယ်ဘဝ ရောက်နေ ရောက်နေ၊ ငါ့သစ္စာဟာ သစ္စာပဲ၊ ဩော် . . . ညွန့်မေကတောင် ငါ့ကို သတိပေးဖူးသေးတယ်"

"ဘာ သတိပေးတာလဲ"

"ကန္တာရလမ်းကြမ်းမှာ နုနုငယ်ကို တစ်ယောက်ထဲ ထားပစ်ခဲ့ရင် နင့်ကို ငါ တစ်သက်လုံး ခွင့်မလွှတ်ဘူးတဲ့၊ ညွန့်မေရဲ့ စကားလေ"

"မင်းက ဘာလို့ ဒီစကားကို ပြန်ပြောရသလဲ"

"ဩော် . . . ခက်ပါဘိ၊ မင်းကလဲ ဘာလို့ စမေးရ သလဲ"

ဘခက်သည် ရယ်ပြီး နေရာမှ ထ၏။

"ထားပါတော့လေ၊ ကဲ . . . ပြန်ကြရအောင်၊ ငါ မနက်စောစောမှာ မင်္ဂလာဒုံ ငါ့အခုတပ်ရင်းကို သွားပြီး သတင်းပို့ရဦးမယ်"

ရွက်ကြွေချိန်

ရွာမွန်သာတစ်ဝိုက်၌ ရွက်ဝါတို့ကြွေနေ၏။

မြင်းလှည်းတစ်စီးသည်ကား လမ်းဘေး၌ ထိုးရပ်လိုက်၏။

မြင်းလှည်းဆရာက မေးသည်။

"ရွာထဲကို ဆင်းပေးရမလား ဆရာလေး"

"ကိစ္စမရှိပါဘူး၊ ဩော် . . . ရော့ ရော့"

နှင်းငွေသည် အိတ်တွင်းမှ ငါးကျပ်တန်တစ်ချပ် ထုတ်ပေး၏။

မြင်းလှည်းဆရာသည် ငါးကျပ်တန်ကို လှမ်းယူပြီး ဝမ်းသာဟန်ဖြင့် မြင်းလှည်းကို ပြန်ကွေ့ကာ သာစည်ဘက်သို့ ပြန်မောင်းသွားလေသည်။

ရွာထိပ်၌ နှင်းငွေသည် ခေတ္တရပ်နေမိ၏။

"တစ်ကြိမ်က တက်ခဲ့ရသည့် လှေကားကြီးအတိုင်း နှင်းငွေသည် တက်လာခဲ့၏။ တစ်ကြိမ်က ရောက်ခဲ့ဖူးသည့် အခန်းကြီးအတွင်းသို့ ရောက်လာခဲ့ရပြန်သည်၊ တစ်ကြိမ်ကလိုပင် ဦးမြတ်မင်းကို ရင်ဆိုင်တွေ့ရ၏။ တစ်ကြိမ်ကလိုပင် စားပွဲရှည်ထက်၌ ငွေမောင်းတစ်လုံး၊ အရက်ပုလင်းနှင့် ဖန်ခွက်တစ်ခွက်ကို တွေ့ရ၏။"

သည်ရွာလမ်းမှဝင်လျှင် ညွန့်မေတို့၏ အိမ်ကို အရင်တွေ့ရမည်။ သို့ရာတွင် အမှန်က ညွန့်မေကို သူ သွားတွေ့ရန် မလိုတော့ပါ၊ အထူးမလိုတော့ပါ။ ညွန့်မေကို သွားတွေ့ရမည့်သူကား သူမဟုတ်ပါ၊ အခြားတစ်ယောက်သာ ဖြစ်သင့်သည်၊ ဖြစ်သင့်လေသည်။

ရှေးတုန်းကအတိုင်း ဆည်အထက် ချောင်းအတွင်း၌ ရေကူးသူတို့က ကူးနေကြသည်။ ရေရွက်ပြန်လာသူတို့က ပြန်လာနေကြ၏။

နှင်းငွေသည် လမ်းမှ ဖဲ့ခွာကာ ချောင်းမြောင်းတွင်းသို့ ဆင်းလာခဲ့သည်။

ရွာသူ မိန်းမနှစ်ဦး၏ အသံကိုမူ သူ ကြားရပါ၏။

"ဟော့ . . . ဟော့ မြို့သား ချောင်းထဲ ဆင်းသွားတယ်"

"အေ . . . ညည်းကလဲ ဝေဒနာ မအောင့်နိုင်လို့ ဖြစ်မှာပေါ့"

သူတို့၏ ဝေဖန်ချက်ကို ဂရုမထားဘဲ နှင်းငွေသည် ချောင်းအတိုင်း မြောက်ဘက်သို့ လျှောက်လာခဲ့သည်။

စမ်းချောင်းနှင့် ချောင်းဆုံရာ၌ အထက်သို့ လှမ်း တက်လိုက်၏။

ဤနေရာမှနေကြည့်လျှင် ညို့ညို့မှိုင်းသော နုနုငယ်တို့၏ အိမ်ကြီးကို အတိုင်းသားလှမ်းမြင်ရသည်။

ဤအိမ်ကြီးဆီသို့ သူ သွားလိုသည်။ သို့ရာတွင် ဤအိမ်ကြီးရှင်တို့ကား ဤအိမ်တွင် မရှိပြီ။ သူ့ကို မတွေ့လို၍ ရှောင်ခွာသွားခဲ့ကြလေပြီ။

ခပ်လှမ်းလှမ်းက လက်ပံပင်ကသာ ပတ္တမြားပွင့်နီများဖြင့် သူ့ကို ဆီးကြိုစောင့်လင့်နေ၏။

ဩော် . . . ခင်တန်းရိပ်၌ အတိတ်ဆိုသည်ကမူ ရှိနေသေး၏။ ဤအတိတ်ဆီသို့သာ သူက လွမ်းဆွတ်သောကြောင့် ပြန်လာခဲ့ရလေသည်။ သည့်ပြင်ထက်ပို၍ အဓိပ္ပာယ်ကား မရှိလှ။

နှင်းငွေသည် လက်ပံပင်ဆီ ဦးတည်ကာ ဖြည်းဖြည်း လျှောက်လာခဲ့၏။ မြန်မြန်လျှောက်၍လည်း မည်သူက သူ့ကို ဆီးကြိုနေလေမည် ဖြစ်ပါသောကြောင့်နည်း။

ဖြည်းဖြည်းမှန်မှန် လျှောက်လာခဲ့သော နှင်းငွေသည် လက်ပံပင်ခြေ မရောက်မီ၌ ရုတ်တရက် ရပ်သွား၏။

ဆယ်ထားသော ရေအိုင်လေးကို တွေ့ရသောကြောင့်တည်း။ အလို . . . ရေအိုင်တွင်း၌လည်း လက်ပံပွင့်နီတို့က ရှိနေလေပြန်ပြီကော။

နှင်းငွေသည် အိပ်မက်မက်သည်ဟု ထင်မိ၏။

ကိုယ့်ကိုယ်ကိုယ် မယုံကြည်သောစိတ်ဖြင့် ဟိုဟို သည်သည် လှည့်ကြည့်မိ၏။ သို့ရာတွင် မည်သူ့ကိုမျှ မမြင်။ မမြင်။

နှင်းငွေသည် ရေအိုင်လေးဘေး၌ ဒူးထောက် ထိုင်လိုက်၏။ ထိုစဉ် . . .။

ထိုစဉ် ဝီခနဲ မြည်ကာ ကျောက်ခဲတစ်လုံးသည် သူ့ခေါင်းအနီးမှ ဖြတ်သန်းသွား၏။

သူက လျင်မြန်စွာ နေရာမှ ထလိုက်၏။ ထိုအခိုက် တွင်ပင် သစ်ကိုင်းခြောက်တစ်ခုသည် လေတွင်ပျံဝဲလာပြီး သူ့ပခုံးကို အရှိန်ပြင်းစွာ ဝင်မှန်သည်။

နာကျင်သောကြောင့် ပခုံးကို လက်တစ်ဖက်ဖြင့် ဖိရင်း သူက သစ်ကိုင်းခြောက်လာရာဘက်သို့ လှမ်းကြည့်လိုက်၏။

"အို"

သူ စ,မြင်ရသည်ကား ဖားဖားဝေသော နက်မှောင်သည့် ဆံပင်များသာ ဖြစ်လေ၏။

ဆံပင်များသည် ခေါင်းမှသည် ခါးကျော်အောင် ဖုံးလွှမ်းကျနေ၏။

နက်မှောင်သော ဆံပင်များသည် ဖွေးဖွေးဖြူသော မျက်နှာလေးကိုလည်း တစ်ပိုင်းတစ်စ အုပ်ကာတားသည်။

မျက်လုံးတစ်စုံကသာ ပေါ်ထင်နေ၏။ ပြူးကြောင် ရက်စက်စွာ ပေါ်ထင်နေ၏။

နှင်းငွေ မှင်တက်မိလျက် ငေးကြည့်နေခိုက် အော် ခေါ်သံ ပေါ်လာ၏။

"နုနုငယ်ရေ၊ နုနုငယ် သမီးဘယ်မှာလဲ၊ အမလေး ငါ့တော့ သခင်ကြီးက သတ်တော့မှာပဲ။ နုနုငယ်ရေ . . . အေ . . . နုနုငယ်"

ဆံပင်ဖားလျားလွှမ်းသော သဏ္ဌာန်က ရုတ်တရက် လှည့်ကာ ထွက်ပြေး၏။

ထိုအခါမှ နှင်းငွေသည် သတိရကာ အော်၏။

"နုနုငယ်ရေ၊ ကိုယ်ပါလေ နုငယ်ရေ"

သူက အော်ရင်း ပြေးလိုက်၏။

သူ ခင်တန်း ကုန်းမြင့်ထက်ရောက်ချိန်၌ မိန်းမကြီး တစ်ဦးနှင့် လူကြီးတစ်ဦးကို လှမ်းမြင်ရသည်။

နုနုငယ်သည် သူတို့ကို ရှောင်ကွင်းပြီး အိမ်ကြီးဆီသို့ ပြေး၏။ လေတွင် ဆံပင်များ ဝဲပျံလွင့်နေအောင် ပြေး၏။

မိန်းမကြီးက နုနုငယ်နောက်မှ ထပ်ကြပ်မကွာ ပြေးလိုက်ရှာ၏။

လူကြီးကသာ နှင်းငွေထံသို့ လျှောက်လာ၏။

"ဩော် . . . ဦးလေးကံ"

"ဩော် . . . မောင်နှင်းငွေ၊ မင်း . . . မင်း . . . မင်း . . . ပြန်လာသေးသကိုး . . . နော"

တစ်ကြိမ်က တက်ခဲ့ရသည့် လှေကားကြီးအတိုင်း နှင်းငွေသည် တက်လာခဲ့၏။ တစ်ကြိမ်က ရောက်ခဲ့ဖူးသည့်အခန်းကြီးအတွင်းသို့ ရောက်လာခဲ့ရပြန်သည်။ တစ်ကြိမ်ကလိုပင် ဦးမြတ်မင်းကို ရင်ဆိုင်တွေ့ရ၏။ တစ်ကြိမ်ကလိုပင် စားပွဲရှည်ထက်၌ ငွေမောင်းတစ်လုံး၊ အရက်ပုလင်းနှင့် ဖန်ခွက်တစ်ခွက်ကို တွေ့ရ၏။

စားပွဲရှည်ကို ခင်းထားသော သက္ကလပ်စိမ်းသည်သာ အရောင်မွဲ၍ နွမ်းနေပြီ။ ဦးမြတ်မင်း၏ အသွင်မှာလည်း အိုမင်းခြင်းမက အိုမင်းနေလေပြီ။

ဦးမြတ်မင်း၏ တစ်ခေါင်းလုံးကား ဖွေးဖွေးဖြူနေလေပြီ။ မျက်နှာ၌ ပါးရေတို့ တွန့်ရုံမက တွဲနေလေပြီ။

ဦးမြတ်မင်းက တုန်ယင်အက်ကွဲသော အသံဖြင့် ဆို၏။

"မောင်နှင်းငွေ ဦး ကတိပျက်ခဲ့တယ်၊ လူကလေးက ကတိတည်တယ်၊ ဦးကို အပြစ်တင်ဖို့ လာတာလား"

နှင်းငွေသည် မထိုင်၊ မတ်တတ်ရပ်ရင်း ဝမ်းနည်းစွာ ခေါင်းခါပြ၏။

"ဩော် . . . လူကလေး အပြစ်မတင်ဘူး၊ ဦး ဘာကြောင့် လူကလေးကို ရှောင်နေတယ်ဆိုတာ သဘောပေါက်တယ်ပေါ့"

(ဆက်လက်ဖော်ပြပါမည်)

အမြန်အလိုရှိသည်

KL Seven Auto Services Co., Ltd.

(၁) Account ကျား/မ (၂)ဦး

အနိမ့်ဆုံး LCCI Level (3) (သို့မဟုတ်) ACCA Part (2) ဖြစ်ရမည်။

လချုပ်/နှစ်ချုပ် ဆွဲနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

(၂) ယာဉ်မောင်း ကျား (၃)ဦး

ကားကြီး / ကားသေး ကျွမ်းကျင်စွာမောင်းနိုင်ရမည်။

အနည်းဆုံးယာဉ်မောင်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

(CV Form)

(လစာကောင်းကောင်းပေးမည်။)

KL Seven ကားအရောင်းစင်တာ - အမှတ်(၁၅၉)၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။ Ph : 01-548024, 01-548446, 09 5122674.

ဆရာမိုး Follow Me Ph.D (USA)

Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်

ENGLISH 4 SKILLS Level (1,2) ၄လနှင့်

ENGLISH 4 SKILLS Level (1)

Essay, Letter ... Feb 9

4 SKILLS Level(1,2,3) ... Dip ESL (USA)

SPEAKING ❖ WRITING ၄လ

ENGLISH 4 SKILLS Basic Level

Grammar,Letter,Essay

Ph.D

0943125393

01 295798, 398118

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၉၆)–ခုမြောက်

နေပြည်တော် (၃)၊ သပြေကုန်းဘဏ်ခွဲ ကို

သပြေကုန်းရပ်ကွက်၊ နေပြည်တော်တွင်

၇.၂.၂၀၁၃ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ဆွေများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

<u>ဆက်သွယ်ရန်လိပ်စာ</u>

နေပြည်တော်(၃)၊ သပြေကုန်းဘဏ်ခွဲ
အမှတ်(၆၄၄/၆၄၅)၊ ပိတောက်လမ်း၊ သပြေကုန်းရပ်ကွက်
ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း – (၀၆၇) ၈၁၀၈၀၃၁/ ၃၂/ ၃၃/ ၃၄/ ၃၅/ ၃၆
ဖက်စ် – (၀၆၇) ၈၁၀၈၀၃၇/ ၃၈/ ၃၉/ ၄၀

www.kbzbank.com

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၇-၂-၂၀၁၃ ရက်တွင် ကျရောက်သော **ဗိုလ်မှူးချုပ် မောင်မောင်သိမ်း**(ငြိမ်း)၊ ခရမ်းမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ မြန်မာ့စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၏ အသက်(၆၆)နှစ်ပြည့်မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာ ချစ်ဇနီး ဒေါ်မြင့်မြင့်အေး၊ သားသမီးများ၊ တပည့်များနှင့်အတူ ကျန်းမာပျော်ရွှင်စွာ နိုင်ငံ့တာဝန်များ ဆက်လက်တာဝန်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုလှအုံး

အထက(၁)၊ တောင်ဥက္ကလာပမြို့နယ်

(၁၉၅၉)

မင်္ဂလာရက်မြတ်ဆုတောင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျိုင်းတုံမြို့နေ အာခါဝန်ကြီး ဦးပီတာသောင်းစိန်+ ဒေါ်ခင်ထွေး တို့၏ သားကြီး
မောင်စိန်ဦးနိုင် B.A(Psychology)
နှင့်
မနန်းကြည် (Business Management)
တို့၏ ၃၁.၁.၂၀၁၃(ကြာသပတေးနေ့)တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာရက်မြတ်မှသည် နိုင်မြဲသောချစ်ခြင်းမေတ္တာများဖြင့် နှောင်နှစ်ပေါင်းများစွာတိုင်အောင် တည်တံ့ရှည်ကြာနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Board of Directors & Management
Good Care Business Group (Yangon)

Virgin Land Travels & Tours ၏ ဝန်ဆောင်မှုများ

- ပြည်တွင်း ပြည်ပ လေယာဉ်လက်မှတ် စီစဉ်ပေးခြင်း
- ပြည်တွင်း ပြည်ပ ဟိုတယ် Booking စီစဉ်ပေးခြင်း
- ဗီဇာလျှောက်ထားပေးခြင်း သက်တမ်းတိုးခြင်း
- ပြည်တွင်းပြည်ပ ခရီးစဉ်များကို စိတ်တိုင်းကျ စီစဉ်ပေးခြင်း
- e D - Form ဝန်ဆောင်မှုပေးခြင်း
- Express ကားလက်မှတ်နှင့် မြို့တွင်းမြို့ပြင်ကားစီးလုံးငှားရမ်းခြင်း
- ပေးပို့စရာ/ပို့ စီစဉ်ပေးခြင်း

706, ရွှေဘုန်းပွင့်လမ်း(၂)၊ ဗိုလ်မြတ်ထွန်းလမ်းဆုံ၊ တောင်ဥက္ကလာပမြို့နယ်။
01-8610252, 09-5202643, 09-5123793

SMH ရွှေမဟာ

အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း

(၁) သံခဝေနိုယာလေးဌာန(အိန္ဒိယ+နီပေါ) (၁၂)ရက်ခရီး
(၂) သံခဝေနိုယာလေးဌာန+အဝိသယိတလေးဌာန+တောင်ဦးမေဒေါ+နယူးဒေလီ+ကိုလ်ကတ္တား(၁၅)ရက်ခရီး
သံဝေဂယူစရာသံဝေနိုယာလေးဌာနနှင့်ဘုရားတိုင်းမန္တန်အပ်သောအဝိသယိတ(၄)ဌာနအပြည့်အစုံရောက်အောင် ရွှေမဟာ ကအကျိုးဆောင်ပေးနေပါသည်။ ရွှေရာသီကျောင်းပိတ်ရက်ခရီးစဉ်အတွက် (၈.၃.၁၃)(၂၂.၃.၁၃)(၂၉.၃.၁၃) ဘုရားဖူးကုသိုလ်ယူလိုသူများနောက်ကျသွားခြင်းမရှိစေရန် ရွှေမဟာရုံးခန်းတွင်လာရောက်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။
(ရန်ကုန်ရုံးချုပ်)၊ အမှတ်(၉/၁၁)၊ ...၊ ရန်ကုန်မြို့။
ဖုန်း-၀၁-...
(မန္တလေးရုံးခွဲ)၊ အမှတ်(၁၄)၊ လမ်း(၃၀)၊ ...၊ မန္တလေးမြို့။
ဖုန်း-၀၂-...

JAVA ကိုစနစ်တကျလေ့လာ၍ ကျွမ်းကျင်စွာ အသုံးချနိုင်လိုသူများအတွက်

Gusto IT Professional Institute

Software Solution with JAVA

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံမြို့နေ (ဦးမြားဆက်-ဒေါ်စိမ်းမြ)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပင်းယ(၁၀)လမ်း၊ အမှတ်(၂၃၃)နေ ဒေါ်တင်တင်ဝင်း(အမက-၅၊ ဒဂုံမြောက်) ၏ ခင်ပွန်း၊ မငြိမ်းငြိမ်းအိ၊ မောင်အောင်ပြည့်ဖြိုး၊ မခိုင်မာလာနှင်းဆီ၊ မဟေမာန်မေနှင်းဆီ (အမက၊ သာသာမြိုင်)၊ မဟေမာန်နွေနှင်းဆီ (တတိယနှစ်၊ B.Ed.) တို့၏ ဖခင်သည် ၆-၂-၂၀၁၃ (ဗုဒ္ဓဟူး နေ့) မွန်းလွဲ ၂း၃၀နာရီတွင် အလှူဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၇-၂-၂၀၁၃ရက် ဇဟိုရ်အပြီးတွင် ဒါဖွာနာပြုလုပ်ပါမည်။ ကျန်ရစ်သူမိသားစု

အနိစ္စ

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောလူနီ (၇၈)နှစ်
(တပ်မတော်-လေ)(ငြိမ်း)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ အမှတ်(၄၉၅)၊ နွယ်နီ(၁၃)လမ်းနေ (ဦးရွှေထုံး-ဒေါ်ထွေးရုံ)တို့၏ သားကြီး၊ ဦးစောအောင်သန်း၊ နော်သဲမွေ၊ စောဂျူး၊ နော်သန်းတင်၊ နော်ရီရီအေး တို့၏အစ်ကိုကြီး၊ (နော်ဘီသန်း)၏ ခင်ပွန်း၊ နော်ဆဲဆဲဖော-စောထူးလေး၊ စောကနဲဖော(စောထူးဂေးဖော)၊ စောဆဲနေဖော တို့၏မွေးသဖခင် ဦးစောလူနီသည် ၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၂-၂၀၁၃ရက် နံနက် ၉နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဝတ်ပြုခန်းမဆောင်၌ ဝတ်ပြုဆုတောင်း၍ ဂူသွင်း သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ရှူဝါ(မကွေး) (၇၅)နှစ်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရွာသစ်(၁၅)လမ်းနေ (ဦးပေါ်လျောင်စွန်း)၏ ဇနီး၊ ဦးသိန်းငွေး (သစ်တော)-ဒေါ်အေးအေး၊တောင်ဥက္ကလာပမြို့နယ်နေ ဦးငွေးအောင်-ဒေါ်မေစီသန်းဖေ၊ ဒေါက်တာငွေငွေး-ဒေါ်ရီရီမြင့်၊ ဦးခင်မောင်ထွေး-ဒေါ်သန်းသန်းငွေး(ခေတ္တ-ဆွီဒင်)၊ ဒေါ်စမ်းစမ်းငွေး၊ ဦးဇော်ငွေး-ဒေါ်နီနီထွန်း၊ ဦးဇော်ထွေး၊ ဦးမောင်မောင်ထွေးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၅-၂-၂၀၁၃ (အင်္ဂါနေ့) ည ၇း၁၅ နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တာမွေမြို့နယ် ဗျိုင်းရွာမရပ်ကွက်၊ မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ အမှတ်(၅) နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ခင်နှင်းမူ (၇၃)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ နယူးစီဗွီလိုင်း၊ အမှတ်(၆)၊ (၃၃)လမ်း၊ (၆၇-၆၈)လမ်းကြားနေ(ဦးစိန်-ဒေါ်မမလေး)တို့၏သမီး၊ (ဦးဘိုးသုံ-ဒေါ်စောခင်)တို့၏သမီးချွေးမ၊ ဦးတင်မောင်သန်း(ဥက္ကဋ္ဌ၊ မြန်မာ Egress ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်)-ဒေါ်မိုးသူဇာသုံ၊ ဦးတင့်ဝေသုံ(ခရိုင်အုပ်ချုပ်ရေးမှူး၊ ကော့ကရိတ်)-ဒေါ်လှလှငွေး၊ ဦးမင်းအောင်သုံ-ဒေါ်နန်းဝါဝါခမ်း၊ ဒုတိယဗိုလ်မှူးကြီးကြည်မင်းထူး-ဒေါက်တာမျိုးသန္တာသုံ(ကျောက်ဆည်တက္ကသိုလ်)၊ ဦးညီညီကျော်(ငယ်/ယာ၊ မြို့ပြ ကျောက်ဆည်ခရိုင်)၊ ဒေါ်ခင်သီတာသုံ(လ/ထ အင်ဂျင်နီယာ၊ အဆောက်အအုံ အထူးအဖွဲ့-၆)တို့၏မိခင်ကြီး၊ မောင်ဝေယံမိုးသုံသန်း (Myanmar Peace Centre)၊ ရတနာတင့်ဝေသုံ(Victoria College)၊ ဝင့်ဝါမိုးသုံသန်း(အထက-၄၊ ကမာရွတ်)၊ အိန္ဒြေမိုးသုံသန်း (ရန်ကင်း TTC)၊ ခင်ကံ့ကော်သုံ(အလက-၁၀၊ မန္တလေး)၊ ခန့်စည်သူသုံ(ပညာ့နန်းတော်)၊ ခွန်ရဲရင့်သုံ(အလက-၁၀၊ မန္တလေး)၊ မေမင်းသုံ(အထက-၁၆၊ မန္တလေး)၊ မင်းခန့်ထူး(မန္တလေး TTC)၊ လမင်းသုံ၊ သန့်ထူးသုံ တို့၏ ချစ်လှစွာသော ဘွားဘွားကြီး၊ (ဒုတိယဗိုလ်မှူးကြီး မောင်မောင်သုံ-ငြိမ်း)၏ချစ်လှစွာသောဇနီး ဒေါ်ခင်နှင်းမူသည် ၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၃(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးလှအေး(ခ)ဦးဖိုးပါ(၆၅)နှစ်
လူမှုထူးချွန်(ပထမဆင့်)
စွမ်းအင်ဝန်ကြီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၁)ရပ်ကွက်၊ အမှတ်(၄၁၃)၊ (၁၁)လမ်းနေ ဦးနောက်တိုး-ဒေါ်ခင်ပုတို့၏သားကြီး၊ ဒေါ်စိုး၏ခင်ပွန်း၊ မစန္ဒာအေး(Fashion Euphoria)၏ ကျေးဇူးရှင်ဖခင်သည် ၅-၂-၁၃ ရက် ညနေ ၄း၁၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၃ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။) [၁၁-၂-၂၀၁၃ရက် နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်]။ ကျန်ရစ်သူမိသားစု

ဦးစိုးမင်း(ခ)ဦးစောဝင်း
အသက်(၆၂)နှစ်
ကုန်းလမ်းပို့ဆောင်ရေးအင်းစိန်၊ ကပရ(ငြိမ်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံသာရပ်ကွက်၊ ပိုက်လုံးလမ်း၊ ခြံအမှတ်(၆၇)နေ (ဦးမင်းလွင်-ဒေါ်သန်းသန်းခင်) တို့၏သားကြီး၊ ကိုဝင်းမင်းဦး၊ မသူဇာအောင်၊ မောင်ရဲကျော်ကျော်၊ မောင်ဇင်ပြည့်ထက်(Grade-4 အမက-၁၊ ဒဂုံ)တို့၏ ကျေးဇူးရှင်ဖခင်၊ ဒေါ်မော်လီသင်း (ကပရရုံးချုပ်၊ငွေစာရင်း-ငြိမ်း)၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ဘဏ္ဍာရေး) ၏ ချစ်လှစွာသောခင်ပွန်းသည်၅-၂-၂၀၁၃(အင်္ဂါနေ့) ညနေ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဦးမျိုးကျော်
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မော်တင်(၇)လမ်း၊ အမှတ်(၆၇)နေ ဦးလှမြင့်-(ဒေါ်စန်းမြင့်)တို့၏သားကြီး၊ ဦးခင်မောင်ညွန့်-ဒေါ်ခင်ခင်စုတို့၏မောင်၊ ဦးမျိုးညွှန့်၊ ဦးမျိုးလှိုင်-ဒေါ်ငွေးငွေး၊ ဒေါ်ခင်ခင်စိုး၊ ဗိုလ်ကြီးလင်းဇော်ဖြိုး-ဒေါ်သင်းသင်းမိုးတို့၏အစ်ကို၊ မယုဝေဖြိုး၊ မောင်ကျော်ခိုင်ဆက်မသီရိပပလှိုင်တို့၏ဦးလေးသည် ၆-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးလွင်ဦး (ကြည်း-၁၇၀၈၇)
ဗသက(၆၃)
အသက်(၅၅)နှစ်

တောင်ကြီးမြို့နေ ဦးမြင့်အေး-(ဒေါ်တင်အေး)တို့၏သား၊ တောင်ကြီးမြို့နေ မသန်းသန်းမြင့်၊ မရီရီမြင့်-ကိုစောစံဝင်း၊ မနီနီမြင့်-ကိုဇော်နေဘ်၊ မဝေဝေမြင့်၊ မောင်စိုးလွင်ဦး-မခင်သီတာဦး တို့၏အစ်ကို၊ တောင်ကြီးမြို့နေ (ဦးထွန်းရှိန်)-ဒေါ်တင်စိန် တို့၏သားသမက်၊ အမ်းမြို့နေ ဒေါ်ခင်ခင်ထွေး၏ခင်ပွန်း၊ မောင်သူရထူး ကိုကို-မဝင်းအိလွဲ၊ မယဉ်မမမှူး၊ မောင်ရဲမာန်ဦး တို့၏ဖခင်၊ မအိမ့်သူသက်ပိုင်မှူး၏ အဘိုးသည် ၅-၂-၂၀၁၃ (အင်္ဂါနေ့) ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၁၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးလွင်ဦး (ကြည်း-၁၇၀၈၇)
ဗသက(၆၃)
အသက်(၅၅)နှစ်

ရခိုင်ပြည်နယ်၊ အမ်းမြို့နေ ဒေါ်ခင်ခင်ထွေး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးလွင်ဦးသည် ၅-၂-၂၀၁၃ရက် (အင်္ဂါနေ့) ည ၇း၅၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်ဗေယျကျော်ထင်ကျော်ညွန့်-ဒေါ်သီတာစိန်
ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားရေးမှူး

ကိုထွန်းမြင့်ဦး(ခ)ဟယ်ရီလင်း (၅၂)နှစ်
တေးသံရှင်

ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်၊ မြို့ပတ်လမ်း၊ တိုက်အမှတ်(၁၁)၊ ပထပ်ခေါင်းရင်းနေ ဦးကိုကိုလေး-(ဒေါ်ခင်စန်း)တို့၏သားကြီး၊ မယွန်းခင်ခင်လင်း၊ မောင်လင်းခန့်အောင်တို့၏ဖခင်၊ မသီဂီမြင့်(ကျုံးဒီပါရ်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထွန်းမြင့်ဦး(ခ) ဟယ်ရီလင်းသည် ၅-၂-၂၀၁၃ရက် ညနေ ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကျောက်မြောင်းနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၂-၂၀၁၃ (စနေနေ့) နံနက် ၈နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးကြဲတိုင်းအောင် (၃၅)နှစ်
B.E(Civil)
(ဦးစီးအရာရှိ၊ မတ္တရာဆည်မြောင်းထိန်းသိမ်းရေးရုံး)

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၁၄၀)၊ (၃၈)လမ်း၊ ၈၄×၈၅လမ်းကြားနေ ဒေါက်တာ သန်းဆွေဝင်း-(ဒေါ်ခင်အေးမြင့်)တို့၏သား၊ ဦးအောင်ကျော်စိုး-ဒေါ်ခင်နှင်းယုတို့၏သားသမက်၊ ဦးဟိန်းစိုးထက် (Family Off-set)-ဒေါ်ထက်ထက်သူ(အထက-၁၄)တို့၏မောင်၊ ဒေါ်ဖြိုးသန္တာ၊ ဒေါက်တာအေးနန္ဒာစိုး(M.B.,B.S, Mdy)တို့၏အစ်ကို၊ မောင်သုပြည့်လျှံ၏ဖခင်၊ ဒေါ်ခိုင်ခိုင်မာ၏ ခင်ပွန်းသည် ၆-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့)နံနက် ၆း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၂-၂၀၁၃(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးအောင်နိုင်ဝင်း(ခ) MORI
အသက်(၅၄)နှစ်
Ocean Blue Travels & Tour

ရန်ကုန်မြို့၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မစိုးရိမ်ကျောင်းလမ်း၊ လမ်းသွယ်(၄)၊ အမှတ်(၄၂/ခ)နေ ဦးကျော်မောင်-(ဒေါ်ကြည်ကြည်မြ)တို့၏ သားကြီး၊ (ဦးကျော်ဇေယျ)-ဒေါ်ခင်ညွန့်၊ ဒုအရာခံဗိုလ်ဇော်မင်း-ဒေါ်မြမြတ်ခိုင်၊ ဦးဆန်းသက်နိုင်-ဒေါ်ခင်စောလှိုင်၊ Nishihara Kenishihara-မခင်မြတ်လှိုင်(TOKYO)၊မောင်မင်းဟန်-Kaorii-zawa (TOKYO)၊ ကိုအောင်သော်ဦး၊ မမြတ်ယုဆွေတို့၏ အစ်ကိုကြီး၊ မောင်ထွန်းအိမ်ခန့်၊ မောင်လင်းအိမ်ခန့် တို့၏ဖခင်၊ တူ၊ တူမ ကိုးယောက်တို့၏ ဘကြီးသည် ၂-၂-၂၀၁၃(စနေနေ့) မွန်းလွဲ ၁း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅း၄၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍၈-၂-၂၀၁၃ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်]။ ကျန်ရစ်သူမိသားစု

ဦးဘုန်းမြင့်နိုင်
အသက်(၄၉)နှစ်
အထက(၄)အလုံ၊ ကူရှင်ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၅၄၊ (ပ)ထပ်၊ (၆)ရပ်ကွက် ဘုန်းကြီးလမ်းနေ (ဦးမောင်မောင်နိုင်-ဒေါ်မြမြအုံး)တို့၏သားလတ်၊ ဦးသက်နိုင်ဦး-ဒေါ်မာမာသန်း၊ ဦးမိုးအောင်မြင့်-ဒေါ်မိမိသက်တို့၏ညီ/မောင်၊ ဦးမျိုးမြင့်နိုင်-ဒေါ်ချိုချိုတာ (MPPE)၊ ဒေါ်လှလှမယ်၊ ဦးကျော်သူရစိုး (အမှတ်၂ သတ္တုတွင်းလုပ်ငန်း) - ဒေါ်သီတာနိုင်(Korean Language Teacher) တို့၏အကို၊ မအေးငြိမ့်သူ၏ဖခင်သည် ၅-၂-၂၀၁၃(အင်္ဂါနေ့) ညနေ ၆း၃၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၇-၂-၂၀၁၃(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ရွှေ(လက်ပံတန်း)
အသက်(၈၅)နှစ်

လက်ပံတန်းမြို့နယ်၊ ခြင်သေ့ကုန်းကျေးရွာနေ (ဦးဖိုးထွန်း-ဒေါ်လှ)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်-၂၃-A၊ သုံးလွှာ၊ တရုတ်ကျောင်းလမ်းနေ [ဦးအေးလွင်(ခ)ဦးသောင်းစိန်]၏ ဇနီး၊ ဦးဝင်းနိုင်(Super Mega)-ဒေါ်ခင်အေးမူ (အထက-၃၊ဒဂုံ)၊ ဦးဖုန်းဝေ(ဆသရ)-ဒေါ်ခင်ဖြူဖြူ(ဆသရ)၊ ဒေါ်စီစီမြ၊ ဦးဇော်လေး (VICTORY SHIPPING CO.,Ltd.) - ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ချိုချိုသွင် (MICB) တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည်၅-၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၂း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

တပ်ကြပ်ကြီးမြင့်ကြိုင်(ငြိမ်း)
တပ်မတော်-ရေ
အသက်(၇၀)
ကပ-၉၀၁၈

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ညောင်ဦးဖီးမြို့သစ်လမ်း၊ အမှတ်(၁/၈၆၃)နေ (ဦးလှရွှေ-ဒေါ်ကျင်မွေး) တို့၏သား၊ (ဦးဘဒါး-ဒေါ်မလေး) တို့၏သားသမက်၊ ဒေါ်မြသုံး(ခ) ဒေါ်မြသွယ်၏ခင်ပွန်း၊ ဦးစိန်ဟန် (စိုက်/ပျိုး၊ ငြိမ်း)-ဒေါ်ဝင်းကြည်၊ ဦးတင်ဝင်း(တပ်မတော်-ရေ)-ဒေါ်ခင်ခင်သန်း၊ ဦးလှမြင့်(ဒု-ဦးစီးမှူး၊ စက်မှု၊ သီးနှံ)တို့၏ အစ်ကိုကြီး၊ ဦးဇော်မြင့်ဦး(သီရိအောင်၊ အလှမိနီယံလုပ်ငန်း) - ဒေါ်ခင်ဝင်းကြည်၊ ဦးကျော်ကျော်ထွန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ မြေတိုင်းဦးစီးဌာန)-ဒေါ်ဝင်းဝင်းမော်၊ အုပ်ခွဲတပ်ကြပ်ကြီး ဝင်းနိုင်(တပ်မတော်-ရေ) - ဒေါ်မြင့်မြင့်မော်၊ ဦးဇော်မင်းဦး(သီရိအောင်၊ အလှမိနီယံလုပ်ငန်း) - ဒေါ်စန်းစန်းထွေး တို့၏ဖခင်၊မြေးငါးယောက်တို့၏အဘိုးသည် ၅-၂-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်ယု (၉၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ ပုလဲကွန်ဒို၊ တိုက်အမှတ်(ဘီ)၊ အခန်း(၁၀၄)နေ(ဂျေ ဦးစိန် DYSP -ဒေါ်မြခင်)တို့၏ သားကြီး၊ ဦးကျော်စိမ့်-ဒေါ်စောတင်တို့၏သားသမက်၊ [ဦးမြမောင်(မြဇော်ရုပ်ရှင်)]၊ (ဒေါ်ခင်မြင့်)၊ (ဦးမြင့်ဟန်)၊ (ဒေါ်အေးအေးသင်း)-ဦးတင်ထွန်းမောင်၊ ဦးဝင်းကြီး-ဒေါ်ဝါဝါမြင့်၊ ဦးကျော်ဟိန်း-ဒေါ်သန်းနွယ်အေး၊ ဦးဇော်ထူး-ဒေါ်ကဥ္စန၊ ဒေါ်ဘေဘီ(ခ)ဒေါ်သန်းသန်းအေးတို့၏ အစ်ကိုကြီး၊ ဦးသန်းဝင်း-ဒေါ်ခင်ဆွေမာ (Zelma)၊ ဦးဇော်မင်းယု-ဒေါ်ချိုချို (Aurore Candier)၊ ဦးမြင့်ဇော်-ဒေါ်ဇင်သီယု၊ ဦးဇော်နိုင်ယု-ဒေါ်ကေကေ (Mrs. Supang Plaengam)တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက် တို့၏ဘိုးဘိုးကြီး၊ ဒေါ်မြင့်မြင့်ရီ(ခ)မာလာရီ၏ခင်ပွန်း ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီဦးတင်ယု[ဝိဇ္ဇာပညာထူးချွန်းတံဆိပ်(ဒုတိယဆင့်) (တစ်သက်တာရုပ်ရှင်ဆု)]သည် ၅-၂-၂၀၁၃(အင်္ဂါနေ့)ည ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၂-၂၀၁၃(ကြာသပတေးနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၂-၂၀၁၃(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးသောင်းညွှန့်(ဆားတောင်/စစ်ကိုင်း)
(သက်ကြီးစာပေကန်တော့ခံ၊ သတင်းစာဆရာ)
အသက်(၉၀)

စစ်ကိုင်းမြို့နယ်၊ ဆားတောင်စံပြကျေးရွာနေ (ဦးဖေခန့်-ဒေါ်ဒေါ်မုံး)တို့၏သား၊ (ဦးသုတ-ဒေါ်လှကြင်)၊ (ဦးတင်ဦး- ဒေါ်သန်းရင်)၊ (ဦးလှအောင်-ဒေါ်ခင်ညွှန့်) တို့၏ညီ/မောင်၊ (ဦးလူမောင်-ဒေါ်ကျည်းတန်)၊ ဦးသာငွေး-(ဒေါ်မြသိန်း) တို့၏အစ်ကို၊ (ဒေါ်ဒေါ်ဆိုး-မိုးကုတ်ယောဂီ) ၏ ခင်ပွန်း၊ ဦးအောင်ထွန်းနိုင်(ပြည်မြန်မာ)-ဒေါ်တင်ရည်၊ ဦးခင်မောင်တင်-ဒေါ်ခင်စန်းညွန့်(စက်မှု/အထည်)၊ ဦးစိုးကြည်ဝင်း(ဗီဒီယို/ဓာတ်ပုံ-စစ်ကိုင်း)-ဒေါ်မာမာခိုင်၊ ဒုတိယဗိုလ်မှူးကြီး ကျော်စိန်ဝင်း(ငြိမ်း)တပ်မတော်(လေ)-ဒေါ်သက်သက်စိန် တို့၏မွေးသဖခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၆-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်မြို့၊ဆာကူရာဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၃(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်မြသန်း (မုဒုံ) အသက်(၉၀)

မွန်ပြည်နယ်၊ မုဒုံမြို့၊ ဒုံကနီရပ်၊ မြစန္ဒာလမ်း၊ အမှတ်(၇၀)နေ [ဦးဘန်အိပ်(ခ)ဦးအောင်ခိုင်] ၏ ဇနီး၊ (ဦးဟုတ်စန်း-ဒေါ်ချစ်ညွှန့်)တို့၏သမီး၊ (ဦးတန်တောင်သူ-ဒေါ်အုန်းရင်)တို့၏သမီးချွေးမ၊ ဒေါက်တာမြင့်ဦး-ဒေါ်ပြုံးကြည်၊ ဦးကျော်ဇော အောင်-ဒေါ်မြင့်မူ၊ (ဒေါ်ညွှန့်ဆွေ)၊ ဦးထွေးဝင်း- ဒေါက်တာ ညိုညိုလွဲတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်မြသန်းသည် ၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် မုဒုံမြို့၊ အမှတ်(၂၅၃)၊ မင်းတန်းရပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မုဒုံမြို့၊ ကန်ကြီးတရုတ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးစိုးမြင့် (MFTB - ငြိမ်း) အသက်(၇၀)

မွန်ပြည်နယ်၊ရေးမြို့နယ်၊ သီရိမာလာရပ်ကွက်နေ(ဦးယုကြင်-ဒေါ်အေးသင်)တို့၏သား၊ တံခွန်တိုင်ကျေးရွာနေ ဦးသိန်းလှိုင်-(ဒေါ်ညိမ်းတင်)တို့၏သားသမက်၊ (ဦးညွှန့်တင်-ဒေါ်ရင်စိန်)၊ ဦးမောင်ကြည်-ဒေါ်ရင်ကြည်၊ (ဦးပန်း)-ဒေါ်သန့်ဇင်၊ (ဦးဝင်းမောင်-ဒေါ်သန်းသန်း)၊ (ဦးကျော်လှ-ဒေါ်ဖွားကြည်)၊ (ဦးစိုးရီ)၊ (ဒေါ်ဝါစိန်)၊ (ဦးရှိန်း-ဒေါ်တင်ရီ)တို့၏ညီ၊ ဦးသန်းရွှေ-ဒေါ်ကြင်ဝမ်း၊ ဦးမြင့်ဆိုင်-ဒေါ်ခင်နီလာ၊ (ဦးသိန်းထွန်း)-ဒေါ်ခင်သန်း၊ ဦးအောင်ဒင်-ဒေါ်လှတို့၏အစ်ကို၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၁၇)လမ်း၊ အမှတ်(၃၅)နေဒေါ်သန်းရီ၏ ခင်ပွန်း၊ ကိုဇော်ခင်-မစမ်းစမ်းစိုး(မင်္ဂလာဈေး)၊ ကိုသန်းနိုင်စိုး-မဖြိုးသက်မွန်၊ ကိုခင်မောင်လွင်(သိမ်ကြီးဈေး)-မယဉ်မင်းကြည်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၅-၂-၂၀၁၃ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းလူ(သပြု) (၆၉)နှစ်
ထွန်း(သံရည်ကျိုနှင့်စက်မှုလုပ်ငန်း)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်(စီ/၂၂၈)နေ (ဦးစံမြ-ဒေါ်သန်းကြည်)တို့၏သား၊ ဦးကျော်-(ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်မြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလှသောင်း-ဒေါ်လှအိ၊ (ဦးမြင့်)-ဒေါ်ကျင်စိန်၊ ဦးစိုးသိန်း-ဒေါ်မြင့်ရီ၊ ဦးစံအေး-ဒေါ်မြင့်မြင့်အေး တို့၏ အစ်ကိုကြီး ကိုမင်းဦး-မသိမ့်သိမ့်ထွန်း၊ မဇင်မာထွန်း၊ မရွှေစင်ထွန်း၊ မောင်ဇေဖြိုးထွန်း၊ မောင်စည်သူဟိန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၅-၂-၂၀၁၃ (အင်္ဂါနေ့) ည ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၃ (ကြာသပတေးနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၈း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှကျော်(ခ)ဦးရွှေ
အသက်(၆၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋိလ(၃)လမ်း၊ အမှတ်(၈၁၈/ဘီ)နေ (ဦးတင်ဖေ-ဒေါ်ခင်စော)တို့၏သားကြီး၊ (ဦးပင်ဉာဏ်)-ဒေါ်မြမြ တို့၏သားသမက်၊ ဒေါ်သိန်းသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးမင်းထွန်း၏ မွေးသဖခင်၊ ဒေါ်ထားရီ၊ ဦးတင်မောင်ဝင်း-ဒေါ်နုနုရီ၊ ဦးကျော်ကျော်ထွန်း-ဒေါ်ဝင်းဝင်းရီ၊ ဦးထွန်းဝင်း-ဒေါ်နီလာ တို့၏အစ်ကိုကြီးသည် ၅-၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၁၁-၂-၂၀၁၃(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

အမျိုးသားလွှတ်တော်အစည်းအဝေး

မတူညီသောအခြေအနေများတွင်ရှိနေကြသည့် ကျောင်းသား၊ ကျောင်းသူများအား မတူညီသောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ယနေ့တွင် ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို အစီအစဉ် (၁၃)ခု ဖြင့်ကျင်းပပြီး မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခု တင်သွင်းခြင်းနှင့် အဆို(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ တက်ရောက်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ တင်သွင်းထားသည့် **ဝေးလံခေါင်သီပြီး သွားလာရေး ခက်ခဲသည့်မြို့နယ်များမှ ဆေးကျောင်းသားများ ရွေးချယ်ရာတွင် အောက်ခြေလက်တွေ့ဘဝနှင့် ကိုက်ညီမှုမရှိသည့် (၈)တန်း၊(၉)တန်း၊(၁၀)တန်းကို မိမိဒေသမှ အောင်မြင်သူဖြစ်ရန်ဆိုသည့် မူစည်းမျဉ်းကို ပြန်လည်ပြန်ဆင်ပေးပါရန်** ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးကို ရှေးရှု၍ လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု ဖြစ်သည့် နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ "ဝ"နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ် ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍လည်းကောင်း၊ ဆေးပညာကို အမှန်တကယ်ဝါသနာပါပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန် ပြန်လည်ထမ်းဆောင်နိုင်မည့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင် ဆရာဝန်ကောင်းများ ပေါ်ထွန်း လာစေရေးတို့ကိုရည်ရွယ်၍ အဆိုပါဒေသများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး လျှောက်ထားသူများအနက်မှ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများကို အဆင့်ဆင့်ရွေးချယ်ခဲ့ပြီး ဆေးတက္ကသိုလ်(မကွေး)တွင် တက်ရောက်ခွင့်ပြုပြီးဖြစ်ပါကြောင်း။

ခက်ခဲဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် နေထိုင်ကြသော်လည်း တက္ကသိုလ်ဝင် စာမေးပွဲအား အခြားဒေသများမှ ဖြေဆိုအောင်မြင်ခဲ့သူများကို ခက်ခဲဒေသများ၌သာ နေထိုင်ကျောင်းတက်ခဲ့ရပြီး ထိုဒေသများမှ ကြိုးကြိုးစားစားဖြင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့**

လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီဖွဲ့စည်း

လက်ကျန်နိုင်ငံရေး အကျဉ်းသားများ စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ထားသည့် သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား ဖေဖော်ဝါရီ ၃ ရက်က သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲတွင် တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက် လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့် ရရှိစေရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကိုနားလည်ကြပြီး နိုင်ငံတော်သစ်တည်ဆောက်ရေး တွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင် စေရေးအတွက်လည်းကောင်း ရည်ရွယ်၍ အကျဉ်းထောင်အသီးသီး၌ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်များ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော နိုင်ငံရေးအကျဉ်းသားများအားလည်း ပြန်လည်လွှတ်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ရန်၊ လက်ကျန် နိုင်ငံရေး အကျဉ်းသားများ စိစစ်ရေးကော်မတီကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အစိုးရဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတရုံးက ယနေ့ရက်စွဲဖြင့် ညွှန်ကြားခဲ့ကြောင်း သိရှိရသည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီ အနေဖြင့် နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ လွတ်ခွင့်ပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များ ညှိနှိုင်းရေးဆွဲခြင်း၊ လက်ရှိ နိုင်ငံရေးအကျဉ်းသားများအားစိစစ်၍ လွတ်ပေးသင့်သူများအား လွတ်ပေးရေး ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပြီး စိစစ်တွေ့ရှိချက်များအား နိုင်ငံတော်သမ္မတထံ တင်ပြသွားရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ယနေ့ မာတိကာ

အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ဘဲ ရှုံးခဲ့ရသည့် မြန်မာ
စာမျက်နှာ - ၇

စဦးတီထွင်မြင့်မြတ်သူတို့ရဲ့ ကြွပ်ကြွပ်အိတ်ကောက်ပွဲ
စာမျက်နှာ - ၁၁

စတမ်းဖို့ဘရစ်ခ်ျသို့ ပြန်လာရန် ဆန္ဒရှိနေသည့် မော်ရင်ဟို
စာမျက်နှာ - ၁၃

(၅၁)လမ်း အိမ်ရာအပါအဝင် သက်တမ်းလွန်ပြည်သူ့အိမ်ရာများ ပြန်လည်စည်ပင်ရေးအစီအစဉ်ကို ပြည်သူလက်ခံလျှင် လုပ်ငန်းစတင်မည်

သတင်းဆောင်းပါး ➤ မောင်မောင်ထွေး (သတင်းစဉ်)
ဓာတ်ပုံ ➤ တင်ထွန်းအောင် (သတင်းစဉ်)

နိုင်ငံတော်အစိုးရ ခေတ်အဆက်ဆက်တွင် ပြည်သူများအတွက် မြို့သစ်၊ ရွာသစ်၊ အိုးအိမ်သစ်ပေါင်းများစွာကို တည်ထောင်ပေးခဲ့ဖူး၏။

၁၉၅၀ ကျော်လွန်နှစ်များအတွင်းက မြူမင်းကြီး (မြို့တော်ဝန်) ဗိုလ်မှူးကြီး ထွန်းစိန် ကိုယ်တိုင် ကိုယ်ပိုင်မြေ တစ်ကွက်မျှမရှိသော်လည်း ပြည်သူများ၏ ရေရှည်အကျိုးစီးပွားအတွက် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် သာကေတမြို့သစ်များကို ကနဦး ဦးဆောင်၍ တည်ထောင်ပေးခဲ့၏။

တော်လှန်ရေးကောင်စီခေတ်တွင် ဗိုလ်မှူးချုပ်စိန်ဝင်း အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်သူများကိုယ်တိုင် လုပ်အားပေးစနစ်ဖြင့် တည်ထောင်ခဲ့သော သုဝဏ္ဏမြို့သစ်အိမ်ရာများ၊ တပ်မတော်အစိုးရလက်ထက် ၁၉၉၀ ကျော်လွန်နှစ်များအတွင်းက တည်ထောင်ခဲ့သော ဒဂုံမြို့သစ်၊ ရွှေပြည်သာ၊ လှိုင်သာယာနှင့် ရွှေပေါက်ကံမြို့သစ် စသည်စသည်ဖြင့် သမိုင်းတစ်ကွေ့ဝယ် ခေတ်စနစ်၏ ပြယုဂ်များအဖြစ် စီရရီမြင်တွေ့ရမည် ဖြစ်ပေသည်။

ခေတ်အဆက်ဆက်ရှိ အစိုးရ၏ အစီအမံဖြင့် နေထိုင်ရေးအခက်အခဲရှိသည့် ပြည်သူလူထုနှင့် အစိုးရဝန်ထမ်းများကို အငှားချထားခဲ့သော တည်ထောင်ပြီး ပြည်သူ့အိမ်ရာများနှင့် ဝန်ထမ်းအိမ်ရာများမှာ ရန်ကုန်မြို့ရှိ ၁၁ ခုအပါအဝင် နိုင်ငံတစ်ဝန်း၌ အိမ်ရာစုစုပေါင်း ၄၁ ခုရှိကြောင်း သိရ၏။

စာမျက်နှာ ၉ ကော်လံ ၁ သို့❖

(၅၁)လမ်း ပြည်သူ့အိမ်ရာ ပြန်လည်စည်ပင်ရေး စီမံကိန်း အဆိုပြုပုံစံကို ဤသို့ တွေ့မြင်ရစဉ်။



ပြည်တွင်းရေးရာ

ရှားပါးရွှေသမင်များ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်


ရွှေလင်းပြည့်စုံ

မြန်မာ့ပတ်ဝန်းကျင်နှင့် သစ်တောဘက်ဆိုင်ရာ အာဏာပိုင်များက သမင်လိုက်မုဆိုးများကြောင့် ရှားပါးရွှေသမင်မျိုးပြုန်းတီးခြင်းအန္တရာယ်မှ ကာကွယ်ရန်အတွက် ပြည်သူများမှ ပူးပေါင်းဆောင်ရွက်ရန် တရားဝင်တိုက်တွန်းမှုများကို ပြုလုပ်လျက်ရှိသည်။

မြန်မာပြည်အထက်ပိုင်း ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရွှေသမင်အမျိုးအစား ကောင်ရေတစ်ထောင်မျှရှိပါသည်။ ချပ်သင်းဘေးမဲ့တောသည် ကန့်ဘလူမြို့နယ် ချပ်သင်းရွာ၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာ၊ ကောလင်းမြို့နယ်မှ ၁၀မိုင်ခန့်အကွာ ကောလင်း-ကန့်ဘလူမြို့နယ်နှစ်ခုစပ်ကြားတွင် တည်ရှိသည်။

အဆိုပါ ချပ်သင်းဘေးမဲ့တောတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တည်ထောင်ထားသော သစ်တောကြိုးဝိုင်းဧက ၆၆၂၇၃ ရှိပြီး ကမ္ဘာပေါ်တွင် မြန်မာပြည်မှာသာရှိသော ရွှေသမင်မျိုးကောင်ရေ ၁၀၀၀ ကျော်ခန့် ထိန်းသိမ်းထားရာ ဘူမိနက်သန်နေရာမှန်ဖြစ်သည်။

အဆိုပါ နယ်မြေနှစ်ခုကို သဘာဝသစ်တောထိန်းသိမ်းမှုနယ်မြေအဖြစ် နိုင်ငံတော်က စီမံချက်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း ဝိသမလောဘသား တောမုဆိုးများ၏ လက်ချက်ကြောင့် ရွှေသမင်များစွာ သေဆုံးခဲ့ကြရသည်။ ၁၉၉၅-၉၆ ခုနှစ်ဝန်းကျင်က နိုင်ငံတော်က မွေးမြူစောင့်ရှောက်ကာကွယ်ထားသော ရွှေသမင် ၃၀၀၀ ခန့်သည် ယခုအခါကိန်းဂဏန်း လျော့နည်းသွားလေပြီ။

အဆိုပါ ဘေးမဲ့တောတွင် မြန်မာရွှေသမင်၊ ချေ၊ တောဝက်၊ တောကြောင်၊ ကြောင်မြင်း၊ သစ်ကြောင်များ၊ နို့တိုက်သတ္တဝါ ၃၆၀မျိုးခန့်၊ ငှက်မျိုးစိတ် ၁၂၃၅ မျိုး၊ တွားသွားသတ္တဝါ ၃၆၀ မျိုးခန့်ကို ထိန်းသိမ်းထားခဲ့သည်။

ချပ်သင်းဘေးမဲ့တောရှိ မြန်မာ့ရွှေသမင်များသည် အုပ်စုဖွဲ့နေထိုင်ကြပြီး ဦးခေါင်းနှင့် ကိုယ် အရှည် ငါးပေဝန်းကျင်ခန့်ရှိသည်။ အမြင့်ပခုံးအထိ သုံးပေခွဲခန့်ရှိသည်။ ကိုယ်အလေးချိန် ပေါင် ၁၉၀ မှ ၃၀၀ ခန့်အထိ ရှိသည်။ သမင်၏သက်တမ်းမှာ အနှစ်(၂၀)ဖြစ်သည်။ တောမုဆိုးတို့၏ သတ်ဖြတ်မှုသည် သဘာဝတောရိုင်းတိရစ္ဆာန် ၃၀ ရာခိုင်နှုန်း လျော့ကျစေခဲ့သည်။ မြန်မာရွှေသမင်များ၏ ပျမ်းမျှသက်တမ်းမှာ အနှစ် (၂၀) မျှဖြစ်ပြီး ရွှေသမင်တစ်ကောင်သည် ၁ ဒသမ ၅ မီတာအထိ မြင့်သည်။

သဘာဝပေါက်ပင်များကို အမှီပြုလျက် အသက်ရှင်နေကြသော သားရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရန် လူသားတိုင်းက ထိန်းသိမ်းကြရပေမည်။ အမိနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၃၃ ခုသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရွှေစက်တော်ဘေးမဲ့တော၊ စစ်ကိုင်းတိုင်းဒေသကြီး ချပ်သင်းဘေးမဲ့တောတို့ ပါဝင်သည်။

ကမ္ဘာပေါ်၌ ရှားပါးစပြုလာသော ရွှေသမင်မျိုးစိတ်သည် မြန်မာတစ်နိုင်ငံတည်းတွင်သာရှိသည်။ ရွှေသမင်မျိုးစိတ်သည် မြန်မာလူမျိုးစုနှင့် အနေဝေး၍ သွေးစိမ်းသောသတ္တဝါ မဟုတ်။

၁၉၄၀ ပြည့်နှစ်ရွှေစက်တော်ဘေးမဲ့တော၌ ရွှေသမင်ထိန်းသိမ်းစောင့်ရှောက်မှုမှာ ၅၅၂ ဒသမ ၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။

၁၉၄၁ ခုနှစ်တွင် ကန့်ဘလူ-ကောလင်းမြို့ နယ်စပ် ချပ်သင်းကျေးရွာတွင် ၂၆၅ ဒသမ ၃၆ စတုရန်းကီလိုမီတာ ကျယ်သည်။

မြန်မာ့ရွှေသမင်ကို သိပ္ပံအမြင်ရှုထောင့်မှ လေ့လာရာတွင် Cervus eldi thamin မျိုးနွယ်ဖြစ်သည်။ နို့တိုက်သတ္တဝါမျိုးစိတ်တွင် ခွာစုံမျိုးစိတ် Artiodactyla ထဲတွင်ပါဝင်၍ Cervidae ဖြစ်သည်။

ရွှေသမင်များကျက်စားသော ဧရိယာမှာ အင်တိုင်းတော၊ တောပြုတ်တော၊ ဆူးချုံတောနှင့် ရွက်ပြတ်တောခြောက်များ ဖြစ်သည်။

ရွှေသမင်တစ်ကောင်၏ဦးခေါင်းနှင့် ခန္ဓာကိုယ်အရှည်မှာ ၅၉ လက်မမှ ၆၆ လက်မထိရှည်သည်။ ပခုံးအမြင့်မှာ လက်မ ၄၀ မှ ၄၆ လက်မထိရှိသည်။ အမြီးအရှည်မှာ ၈ လက်မခွဲမှ ၁၀ လက်မခန့်ထိရှိသည်။ ကိုယ်အလေးချိန်မှာ ပေါင် ၁၉၀ မှ ပေါင် ၃၀၀ ခန့်ထိရှိသည်။ ရွှေသမင်တို့ မိတ်လိုက်ရာသီက နှစ်စဉ် ဖေဖော်ဝါရီလမှ ဧပြီလအတွင်းဖြစ်သည်။ အမများဇီးလွယ်ချိန်မှာ ရှစ်လခန့် ဖြစ်သည်။ တစ်ကြိမ်မွေးလျှင် တစ်ကောင်သာပေါက်ပွားသည်။

ရွှေသမင်များမှာ အသီးအရွက်စားသတ္တဝါဖြစ်၍မြက်၊ သစ်ရွက်၊ အသီးကြွေများ စားကြသည်။ သဘာဝဆားကျင်းများမှ ဆားကိုစားသုံးကြသည်။ ရွှေသမင်အဖိုများသည် မိတ်လိုက်ချိန်တွင် အထီးအမအုပ်စုဖွဲ့လေ့ရှိပြီး အခြားအချိန်များ၌ တစ်ကောင်တည်းသာနေကြသည်။ ရွှေသမင်အမများထက် အဖိုများကပို၍ ရေစိမ်၊ ရွှံ့လူးလေ့ရှိသည်။ သမင်အဖိုများသည် မိတ်လိုက်ချိန်၌ အမွေးများပိုမိုတောက်ပြောင်လာခြင်း၊ ရှည်လျားလှပလာခြင်းများ ဖြစ်လေ့ရှိသည်။

ရှားပါးရွှေသမင်များ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သင့်နေပါပြီ။ ။

ဖိုးသက်ခင်
ဘွာနဆိုင်ရာရုံးအဖွဲ့အစည်း၊ ဘဏ်၊ ကျောင်းများမှ လူကြီးမင်းများ
စိတ်ကြိုက်ပစ္စည်းများကို အရစ်ကျဝယ်ယူနိုင်ပါကြောင်း .....
ပထမအကြိမ် 25% ပေးသွင်းပြီး
ကျန်ငွေကို (၃)လ အရစ်ကျပေးသွင်းနိုင်သည်။
Disinfection Cabinet
ခြင်ဖမ်းစက်
အဆင်မြင့် အိုးမရွေးမီးဖို
8 in 1 Cooking Master
ကြွက်မောင်းစက်
3Friends
Electric Radiant Cooker
Show Room & Services Centre - No.100/102, Chan Tha Plaza, 1st floor, Mingalar Taung Nyunt Tsp, Tel : 01-203466, 01-203758, 09-421105092.

ရွှေပေါ်ခရီး ...မှ ကြိုက်ထီးနိုး (နေ့စဉ်)
မန်းရွှေစက်တော်မြတ်စွာ ပွဲ (Feb 13, 14, 15)
(Mar 11, 12, 15, 18, 22, 25)
371317,095124678,09401589907

အလန်းဆုံး၊ အဆန်းဆုံး ZEAL သုံး
ZEAL
collection
ပန်းစလေမြေ အထည်ဆိုင် (ပင်ရင်း)
Tel : 09 - 420000752
Tel : 09 - 2062230
Tel : 09 - 43077937

"No.1MillionaireMind" နိုင်ငံ့ရတနာစာအုပ် (မြန်မာပြည်တွင်တန်ဖိုးအရှိဆုံး၊ လူအကြိုက်အများဆုံးနှင့် ရောင်းအားအကောင်းဆုံးစာအုပ်)
1.Awaken The Gaint Within 2.Think and Growth Rich 3.Think Big 4.Secrets of Millionaire Mind 5.Management Secret 6.The Magic of Thinking Big 7.Success Secrers of Top Leadership Gurus
www. No-1 sociology.com-ph -09-5230522,09-73048819

ဖေဖော်ဝါရီလ (၈) ရက်နေ့နှင့် (၉)ရက်နေ့ ည (၇း၀၀) အချိန်တွင် ပြည်သူ့ဥယျာဉ်၌ ကပြဖျော်ဖြေပါမည်။

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်၊
မြန်မာ့ရတနာ ဆေးပက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်၊

ကျွန်မရဲ့မျက်နှာမှာအမည်းစက်တွေတော်တော်များများရှိခဲ့ပါတယ်။ အမည်းစက်တွေပျောက်ချင်လွန်းလို့ တွေ့တဲ့လူတိုင်းကိုမေးကြည့်ခဲ့ပါတယ်။ ဒါပေမယ့်လည်းတစ်ယောက်တစ်မျိုးနဲ့ဆိုတော့ မျက်နှာပျက်စီးသွားမှာကြောက်လို့ဘာမှမလိမ်းဖြစ်ခဲ့ပါဘူး။ ရွှေပြည်နန်းကိုလိမ်းကြည့်ပါလားဆိုတာနဲ့ **ရွှေပြည်နန်းရှင်မတောင်အမွှေးသနပ်ခါး**ကို နေ့ဘက်မှာလိမ်းပြီး **ရွှေပြည်နန်းသံပုရာသနပ်ခါး**ကို ညဘက်မှာထူထူလေးအမြဲလိမ်းပါတယ်။ တစ်ပတ်လောက်နေတဲ့အခါ ညဘက်မှာလိမ်းတဲ့ ရွှေပြည်နန်းသံပုရာနံ့(သဘာဝအသားဖြူသနပ်ခါး)ဟာ အမည်းစက်တွေရှိတဲ့ နေရာရောက်ရင်နည်းနည်းလေးစပ်ပါတယ်။ အဲဒီလိုပုံမှန်လိမ်းရင်း အမည်းစက်ကလေးတွေဟာ တဖြည်းဖြည်းနဲ့မှိန်လာပါတယ်။ နှစ်လလောက်ရှိတဲ့အခါမှာတော့ အဲဒီအမည်းစက်တွေ ပြောင်လုနီးပါးဖြစ်သွားပါပြီ။ ကျွန်မလေဝမ်းသာလိုက်တာ။အဲဒါကြောင့်ရွှေပြည်နန်းသနပ်ခါးကို အထူးပဲကျေးဇူးတင်မိပါတယ်။ **ရွှေပြည်နန်းရှင်မတောင်အမွှေးသနပ်ခါး**က မျက်နှာအဆီပြန်ခြင်းကိုကင်းဝေးစေပြီး **ရွှေပြည်နန်းသံပုရာနံ့(သဘာဝအသားဖြူသနပ်ခါး)**ကတော့ မျက်နှာကိုဖြူဝင်းလာစေပါတယ်။ ရွှေပြည်နန်းသနပ်ခါးရဲ့ အကျိုးကျေးဇူးတွေကို အခုတော့ကျွန်မခံစားရပါပြီ။

မစိုးစိုးအေး B.A(Myanmar)၊ ၁၅/၃၆၀ မဗ္ဗောလမ်း၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မစိုးစိုးအေး၏ပေးစာတွင် ဖော်ပြထားသောအကြောင်းအရာ အချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်တော်ကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဦးညီညီ (ဌာနစွဲမှူး) ပျဉ်းမနားသကြားစက်(ငြိမ်း) ၁၅/၁၀၂၃၊ ယုဇနလမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့။

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate
BFAD Philippines
FDA (Thailand)
FDA (Myanmar)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘောင်ဒရီလမ်း၊ အိမ်အမှတ်(၇၅/အေ)နေ ဦးကုတ်အင်း(ခ)ဦးခင်ဝင်း[၁၂/လမန(နိုင်)၁၁၈၅၀၆]သည် အောက်တွင်ဖော်ပြထားသော " Super King "အမှတ်တံဆိပ်ကို မှတ်ပုံတင်စာချုပ်အမှတ်-၆၄၂၅/၂၀၀၇ဖြင့် မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင် တင်သွင်းထားပြီး ဖြစ်ပါသည်။

Super King

မှတ်ပုံတင်စာချုပ်အမှတ်-၅၄၂၅/၂၀၀၇

ဦးကုတ်အင်း(ခ)ဦးခင်ဝင်းသည်" Super King "အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ၎င်း၏စက်ရုံမှ ထုတ်လုပ်သောဘောကန်ဖိနပ် အောက်ဆိုးလ်ဆိုဒ်စုံပုံစံအမျိုးမျိုး၊ ရှူးဖိနပ်ဆိုးလ်ဆိုဒ်စုံပုံစံအမျိုးမျိုး၊ မိုးစီးယောက်ျားစီး ဆိုဒ်စုံပုံစံအမျိုးမျိုး၊ မိုးစီးမိန်းမစီး ဆိုဒ်စုံပုံစံအမျိုးမျိုး၊ လူလတ်စီး၊ ကလေးစီးဆိုဒ်စုံမျိုးစုံတို့ကို " Super King " အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ "Super King"ကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ထင်ယောင်ထင်မှား ပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းတုပပြုလုပ်သုံးစွဲခြင်း၊ ထုတ်လုပ်ပြီးဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းနှင့် လက်ဝယ် ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာကုန်ကျသမျှသော အရပ်ရပ်စရိတ်ငွေများအတွက် လျော်ကြေးငွေများကို မည်သည့်တရားရုံးတွင်မဆို တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရ သော်လည်းကောင်း တရားစွဲဆို တောင်းခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဖေသန်း	ဒေါ်သန္တာခိုင်	ဦးထွန်းလင်းဦး
B.A.,H.G.P.,R.L.,D.L.P.WIPO(Switzerland)	**LL.B.,D.L.P.,WIPO.(Switzerland)**	**LL.B.,D.B.L.,D.L.P.,WIPO.(Switzerland)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၆၁)	အထက်တန်းရှေ့နေ(စဉ်-၂၅၈၄၉)	အထက်တန်းရှေ့နေ(စဉ်-၃၆၈၅၃)
ဖုန်း-၂၉၃၅၂၇(အိမ်)၊ ၀၉-၅၁၂၀၉၀၁	ဖုန်း-၀၉-၄၂၀၀၅၈၆၇	ဖုန်း-၀၉-၅၀၃၃၈၀၈

အမှတ်-၈၃၊ အခန်း(၁၆-ဘီ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သန်းထိုက်(ရွှေရိပ်)
၂၀၁၃ထုတ် အသစ်

Huawei, Samsung, HTC, LG, Sony နှင့်
Android သုံး Version အားလုံးအခြေခံမှစ၍လေ့လာနိုင်ဖို့

Mobile Phone ဝယ်ရန်ပြင်ဆင်နေသူများအတွက် သိထားသင့်စရာများ၊ ရွေးချယ်ပုံများနှင့် ဖြစ်လာနိုင်တဲ့အကြောင်းတရားများကိုသိနိုင်ပါမယ်။ အသက်အရွယ်ကြီးရင့်မှ အတန်းပညာအားနည်းမှုနှင့် ကျောင်းသားလူငယ်များအတွက် အခြေခံအကျဆုံး Mobile အသုံးပြုနည်းစာအုပ်ဖြစ်ပါတယ်။ အခြေခံလေ့လာသိသင့်စရာများ၊ အသုံးပြုနည်းများ၊ အင်တာနက်အသုံးများ၊ အင်တာနက်ချိတ်ဆက်ပုံနှင့် App များရယူပုံ၊ Download ရယူ၊ ထည့်သွင်းပုံ၊ မြန်မာဖောင့်များကိုပါ Version အားလုံးအတွက်အသေးစိတ်ရှင်းပြထားပါတယ်။

Android ဖုန်းများအသုံးပြုနည်းပညာ

၂၅၀၀ကျပ်

City Mart, Ocean, Tab Book Supermarket များနှင့် စာအုပ်ဆိုင်ကြီးများအားလုံးနှင့်
မဇ္ဈိမစာပေတိုက် အမှတ်(၂၃၇)၊ ၃၉ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၃၉၂၈၁၅ ၀၉-၅၀၅၆၄၄ ၀၉-၄၃၀၅၉၉၃၅

ဂန္ဓဝင်ရွှေပုံ Travels & Tours
Exploring to the edge of the globe.

ဗန်ကောက်	၅.၅ သိန်း	ဒူဘိုင်း (၁၉ သိန်း) / ရုရှား(မော်စကို)	၃၅ သိန်း
ဗန်ကောက်+ဖူးခက်ကျွန်း+ချင်းမိုင်	၉.၈ သိန်း	ကိုရီးယား(ဆိုးလ်+ဂျူဒန်+ဝေ့ဂျူ)	၁၇ သိန်း
ဗန်ကောက်+စင်ကာပူ+မလေးရှား	၁၂ သိန်း	ဂျပန် (တိုကျို+အိုဆာကာ+ဖူဂျီယာ)	၂၅ သိန်း
စင်ကာပူ+မလေးရှား	၁၀ သိန်း	ပြင်သစ်ကြီးလှည့်ခရီး	၃၅ သိန်း
ဘာလီကျွန်း	၁၀ သိန်း	ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ....)	၃၉ သိန်း
ကမ္ဘောဒီးယား(ဆီရမ်ရိ+ဖနွမ်ပင်)	၅.၈ သိန်း	နော်ဝေးဆွီဒင်ဖင်လန် (Cruise)	၄၀ သိန်း
ကမ္ဘောဒီးယား+ဗီယက်နမ်(ဆိုင်ဂုံ+ဟနွိုင်း)	၁၀.၅ သိန်း	အင်္ဂလန်၊ စကော့တလန် (လန်ဒန်)	၄၀ သိန်း
သီရိလင်္ကာ (ကန္ဒီ၊ ကိုလံဘို)	၁၁ သိန်း	အမေရိကန် (LA+ ဆန်ဖရန်စစ္စကို+လာ့စ်ဗေးဂတ်စ်+	
ဟောင်ကောင်+ကွမ်ကျိုး+မကာအို	၁၃ သိန်း	နယူးယောက်+ဝါရှင်တန်+နိုင်ဂရာ Fall +ဟာဝိုင်ယီ)	၆၀ သိန်း
ဘီကင်း+ရှန်ဟိုင်း+ကူမင်း	၁၃ သိန်း	တောင်အာဖရိက (ကိတ်တောင်၊ ဂျိုဟန်နက်စဘတ်)	၄၃ သိန်း

သကြင်္န်တွင်း အမေရိကန်၊ အင်္ဂလန် နိုင်ငံများမှာ ဗီဇာပြင်ဆင်ချိန် လိုအပ်ပါသဖြင့် ယခုပင်စာရင်းပေးသွင်းပါရန် ကမ္ဘာ့အနှံ့ ခရီးစဉ်များနှင့်ပတ်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးဖြေကြားပေးနိုင်ပါသည်။

No.67, Baho Rd, Sanchaung. Ph: 519292, 519293, 519360, 500191.
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
Email:outboundgandawun@gmail.com, web: myanmartravel.org

NEW MOTION Travels & Tours
Escape from Everyday Life

အမေရိကားခရီးစဉ် - April 8, 10

လော့စ်အိန်ဂျလိစ်-လပ်(စ်)ဗီးဂက်(စ်)-ဆန်ဖရန်စစ္စကို-နယူးယောက်-ဝါရှင်တန်-နိုင်ဂရာရေတံခွန်-ဘော်စတွန်-ဟာဗိုဒ်

ဥရောပခရီးစဉ် - April 8

ပြင်သစ်-တယ်(လ်)ဂျီယမ်-နယ်သာလန်-ဂျာမနီ-ဆွစ်ဇာလန်-အီတလီ

ဒူဘိုင်း - Feb 11, Apr 13 ဟောင်ကောင် - Feb 24 အိန္ဒိယ - Feb 22, Mar 20

ဗန်ကောက် - Feb 24 စင်ကာပူ-မလေးရှား - Mar 2

ဩစတြေးလျ ၊ ရုရှား ၊ ဂျပန် ၊ ကိုရီးယား ၊ တရုတ် ၊ ဘာလီ ၊ ဗီယက်နမ် ၊ ကမ္ဘောဒီးယား

ရန်ကုန်-ဒဂုံကျွန်းတောလမ်းစမ်းချောင်း။508124, 527254, 523253, 09 73148933-44-55-66 မန္တလေး- 09 91021122

JUE JUE TRAVELS & TOURS
သင်္ကြန်တွင်း အထူးအစီအစဉ်

- ပထမဆုံးအစီအစဉ် အနေနှင့်လုပ်သော တူရကီနိုင်ငံ၏ (၆)ညအိပ် (၇)ရက်ခရီးစဉ်
- ဥရောပတိုက်နှင့်အာရှတိုက်၏ ခြားနားခြင်းကိုမြင်နိုင်သည့်မြစ်ကွင်း
- ဥရောပတိုက်တွင် နံနက်စာစား၍ အာရှတိုက်တွင်နေ့လည်စာစားနိုင်သောအခွင့်အရေး
- တူရကီနိုင်ငံရှိထင်ပေါ်ကျော်ကြားသောနေရာများ၊ လှပထူးဆန်းသောနေရာများ၊ နာမည်ကြီးကုန်တိုက်များသို့ လိုက်လံပို့ဆောင်သွားခြင်း
- ဗီဇာကိစ္စနှင့်ပတ်သက်သောလိုအပ်ချက်များကိုကုမ္ပဏီမှ လိုက်လံဆောင်ရွက်ပေးပါမည်။
- ဗီဇာပြင်ဆင်ချိန်လိုအပ်ပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဒူဘိုင်းနိုင်ငံ ယူအေအီး မြို့သို့ (၆)ညအိပ် (၇)ရက်ခရီးစဉ်

အမှတ်(၆၉) ၂၆လမ်း အောက်လမ်း၊ ဒုထပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၄၀၅၇၊ ၂၅၃၃၀၉၊ ၀၉၅၁ - ၇၄၀၀၀၊ ၀၉၅၁ - ၇၃၃၄၆
Email : juejuetravel786@gmail.com



သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

၂၀၁၃-ခုနှစ်ထုတ်

ထူးချွန်ကျောင်းသားသုံး အင်္ဂလိပ်-မြန်မာ အဘိဓာန်

(၈၀၀၀ ကျပ်)

ဝေါဟာရပေါင်း ၆၀၀၀၀ကျော်၏ အသုံးတွင်ကျယ်သုံး အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ကာလ ဒေသအလိုက်သုံးနှုန်းပုံ Idiom များ၊ ဆန့်ကျင်ဘက်စကားလုံးများ Opposite များ၊ ကြိယာပုဒ်များ၊ အဓိပ္ပာယ်ချင်းတူသည့် ဝေါဟာရများ၊ သတင်းအချက်အလက်ဆိုင်ရာ ကွန်ပျူတာ၊ အင်တာနက်ဝေါဟာရများ။ တက္ကသိုလ်ကျောင်းသား/သူများအတွက် ဓာတုဗေဒ၊ ရူပဗေဒ၊ သချာနှင့် ဘာသာရပ်ဆိုင်ရာ ဝေါဟာရများ စသည်တို့အပြင် အင်္ဂလိပ်စာလေ့လာသူများ၏ လိုအပ်ချက်များပါ ဖြည့်ဆည်းပေးနိုင်သည့် အဘိဓာန်စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။ စာမျက်နှာ(၉၀၀)ကျော် စတ္တူရချော ဖြင့် ထုတ်ဝေထားပါသည်။

မျိုးမစာပေ-အမှတ်(၂၃၇)၃၉လမ်း(အထက်)၊ကျောက်တံတားမြို့နယ်၊ဖုန်း-၃၉၂၈၄၅၊၀၉၅၀၅၆၈၄၃၊၀၉၇၃၀၅၉၉၄၅

BEST BRANDS EXPO 2013
(အခန်းအမှတ် B-29) တပ်မတော်ခန်းမ ဖေဖော်ဝါရီ(၉)ရက်မှ (၁၂)ရက်နေ့အထိ

Auto®
ELECTRICAL & ELECTRONIC PRODUCTS

အမှတ်(၁) စက်မှုဝန်ကြီးဌာန လျှပ်စစ်စစ်ဆေးရေး အဖွဲ့၏ ခွင့်ပြုမိန့်ရရှိပြီး

ရေစုပ်တာ အလိုအလျောက် ထိန်းချုပ်မောင်းနှင်စက် (Single Phase, Three Phase)
ကွန်ပရက်ဆာ အလိုအလျောက် ထိန်းချုပ်မောင်းနှင်စက် (Single Phase, Three Phase)

စက်ဝယ်ယူမည့် Customer များအားလုံး စက်တန်ဖိုး၏ 5% Discount နှင့်ဗိုလ်ချုပ်ရှပ် တစ်ထည်လက်ဆောင် ရရှိမည့်အခွင့်အရေး (ပြပွဲကာလအတွင်းသာ)

ပစ္စည်းဖိုး လက်ခံ အခမဲ့ အာမခံ တစ်နှစ်

အမှတ် (၂၁၆)၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
: 09 517 8346 ☎ : 01-250933

ဘူး လေး(ပ်)ပန်းရဲ့ အနွဲ့အနှောင်းနဲ့ မွှေးရနံ့နဲ့အတူ အသားအရေကို ဖြူဝင်းလှပစေပါသည်...

အရည်အသွေးကို ဦးစားပေးလို့ပဲဖြစ်ဖြစ်...
ဈေးနှုန်းချိုသာမှုကို အဓိကထားလို့ပဲဖြစ်ဖြစ်...
တစ်ကိုယ်လုံး ဖြူဝင်းလှပဖို့ ရွေးချယ်မယ်ဆိုရင်တော့...
Anytime ပဲဖြစ်မှာပေါ့။

Anytime
Whitening Cream
Face & Body

မြန်မာတို့ရဲ့ ဖုန်းရွှေ ဆန်းသစ်လှပသောစာလုံးဒီဇိုင်းရေးဆွဲနည်းများ စာရိုက်ကျဉ်းစာပွဲတင်စတူဒီယိုအသေးတည်ဆောက်နည်း

ဒေးဗစ် (Mr. Photo)

ဒစ်ဂျစ်တယ် ဓါတ်ပုံပညာလမ်းညွှန်

ဒီဂျစ်တယ်ဓါတ်ပုံပညာကို စတင်လေ့လာသူတစ်ယောက်အနေဖြင့် အခြေခံသဘောတရား ကင်မရာအခြေခံ သဘောတရားနှင့်တည်ဆောက်ထားပုံအသေးစိတ် ကွန်ပျူတာဖြင့် တွဲဖက်သုံးရမည့် file format များ အကြောင်း၊ Image Sensor, Pixel, မှန်ဘီလူး၊ Flash စသည်တို့အကြောင်း၊ ဓါတ်ပုံပညာရဲ့အဓိက အလင်းဝေမျှနှင့်အသေးစိတ်၊ Protrail ဓါတ်ပုံ ရိုက်ရာတွင် သတိထားလိုက်နာရမည့်အချက်များ၊ Group ပုံရိုက်ရာတွင်နေရာယူစီစဉ်နည်း၊ ဓါတ်ပုံပညာ၏ composition rules ဥပဒေသများ။

Photoshop TEXTS Effects

မျိုးဆက် (Mr. Photo)

ဆန်းသစ်လှပသောစာလုံးဒီဇိုင်းရေးဆွဲနည်းများ

Adobe Photoshop ဟာ Design တွေဖြုတ်ရာမှာ မရှိမဖြစ်တဲ့ Software တစ်ခုဖြစ်ပါတယ်။ Photoshop Effect တွေဟာ ကိုယ်စိတ်ကြိုက် နိုင်သလောက် ဆန်းသစ်မှုတွေ Effect တွေကို တစ်ခုနဲ့တစ်ခု ရောယှက်ပြီး တော့လည်း ကောင်းမွန်တဲ့ ဖန်တီးမှုတွေ ဖြစ်လာနိုင်ပါတယ်။ စာအုပ်ထဲမှာ Layer, Layer Style, Blending Mode နဲ့ Filter တွေကို ရောယှက်ပြီး ဆန်းသစ်တဲ့ ဒီဇိုင်းတွေနဲ့ဖန်တီးနိုင်တယ်ဆိုတာကို တင်ပြပေးထားပါတယ်။ Text Feects တို့ပေါ်တဲ့ စာလုံး ဒီဇိုင်းဖန်တီးမှုတွေအပြင် Logo Design ရေးဆွဲနည်းကိုလည်း ထည့်သွင်းပေးထားပါတယ်။

Desktop Studio

စာရိုက်ကျဉ်း စားပွဲတင်စတူဒီယို တည်ဆောက်နည်း နှင့် ဓါတ်ပုံပညာလမ်းညွှန်

ဒေးဗစ် (Mr. Photo)

တန်ဖိုးနည်းပစ္စည်းများဖြင့် အိမ်တွင် Studio အသေးစား တည်ဆောက်နည်း၊ စားပွဲခုံပေါ်တွင် မီးများတပ်ဆင် သေးငယ်သောအရာဝတ္ထုများ ကိုပုံကောင်းများထွက်ရှိအောင် ရိုက်ကူးနည်း၊ Shooting Technic နှင့် Lighting Technic များကို ကောင်းစွာ လေ့လာနိုင်စေရန်အတွက်

ထွက်ပြီ မျက်ပွင့်စာပေ - ဖုန်း - ၀၉ - ၇၃၀၀ ၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၀၂ E-mail : myatpwint.books@gmail.com ထွက်ပြီ



GEO-FRIENDS
GEO-FRIENDS Engineering & Construction Co.,Ltd.
Drilling, Soil Laboratory & Foundation Test
Qualified service
Reasonable price
Effective cost
Straight Technology
GF FORWARD GEOSCIENCE
SPECIALIZING IN:
- Soil Investigation
- Soil Laboratory Testing
- Geotechnical Instrumentation & monitoring
- Pile Test (PIT, PDA , Typical instrumented pile)
- Surveying work
- Sale and supporting geotechnical instruments
NOW !
SPECIAL PROMOTIONAL Services for NEW YEAR 2013
EMPHASIZING IN GEOTECHNICAL INVESTIGATION:
- High rise buildings
- Low rise buildings
- Dam and reservoir
- Tunnel & underground structure
- Design for rock quarry
- Highway, Air Field, Bridges
အထပ်မြင့် အဆောက်အဦးများအတွက် အဆင့်မြင့်စက်ကိရိယာများဖြင့်
မြေသားစမ်းသပ်ပေးခြင်း
Certificate of Incorporation No,3624/2011-2012
1136 (B), Thumingalar Road, 6 Block , South-okkalapa Township, Yangon, Myanmar.
Tel : 951 561431(Fax), 09 420107757, 09 420107767 E-mail : service@geo-friends.com Website : www.geo-friends.com

ရန်ကုန် ⇌ မန္တလေး
၂၇၀၀၀ ကျပ်++ ★★
Golden
Golden Myanmar Airlines
ရွှေမြန်မာ လေကြောင်းလိုင်း
FREE AIRPORT SHUTTLE BUS
တံတားဦးလေဆိပ် မှ
မန္တလေးကျုံးထောင့် သို့
အဆင့်မြင့်ကားများဖြင့်
အသွားအပြန် အခမဲ့
ပို့ဆောင်ပေးပါသည်...
DAILY FLIGHT
Y5 131 YANGON - MANDALAY 08:00 - 09:15
Y5 132 MANDALAY - YANGON 09:45 - 11:00
★★လေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်များ၊ CB ဘဏ်ခွဲများနှင့် လေဆိပ်ရှိ
အရောင်းကောင်တာများထံတွင်လည်း တိုက်ရိုက်ဝယ်ယူနိုင်ပါသည် ...
ရန်ကုန် - 01-860 4035 ~ 8, 09-7325 6067
မန္တလေး - 09 - 507 1873, 09 - 9104 3607
ရွှေမြန်မာလေယာဉ်လက်မှတ် အရောင်းကောင်တာ
ဆရာစံပလာဇာ၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။